# မြန်မာ့အလင်း


၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၈ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၂၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၂၃၂)


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်(CPPCC) ဒုတိယဥက္ကဋ္ဌ H.E. Mr. Wang Zhengwei ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# တရုတ်နိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) ဒုတိယဥက္ကဋ္ဌ H.E. Mr. Wang Zhengwei ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုစီမံကိန်း(One Belt One Road)၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်သည်။

**သတင်းစဉ်**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကာတာစင်တာ အမှုဆောင် အရာရှိချုပ်အား လက်ခံတွေ့ဆုံ**

စာ » ၃

**တရုတ်တင်ပို့ကုန်များ အပေါ် အခွန်စည်းကြပ်မှုကို အမေရိကန် ဆက်လက် ထိန်းသိမ်းထားမည်**

စာ » ၁၄

**ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပညာရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့ သတင်းစာရှင်းလင်း**

စာ » ၁၆-၁၇

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ထားသည်။ **မြန်မာ့အလင်း**


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

**မြန်မာ့အလင်း**

# ခြေဗလာကောလိပ်၏ မြင့်မြတ်သောလုပ်ဆောင်ချက်များ

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ စိတ်ကူးအကြံဉာဏ်နှင့်သန္နိဋ္ဌာန်က လူ့အဖွဲ့အစည်းကို ပြောင်းလဲစေသည်မှာ သမိုင်းအထင်အရှားရှိပြီး ဖြစ်ပါသည်။ ခြေဗလာကောလိပ် **(Barefoot College )** ဟု လူသိများသော **The Social Work and Research Centre (SWRC)**ကို ဘန်ကာရွိုင်း **Bankar Roy** ဆိုသူပုဂ္ဂိုလ်က ၁၉၇၂ ခုနှစ်၌ ထူထောင်ခဲ့ပါသည်။ ခြေဗလာကောလိပ်၏ ပထမဦးဆုံးသောလုပ်ငန်းသည် မိုးခေါင်ရေရှားဒေသတွင် ရေရရှိရေးဖြစ်သော်လည်း နောက်ပိုင်း၌ ကျေးလက်ပြည်သူလူထု၏ စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် အရှည်သဖြင့် စွမ်းဆောင်နိုင်မှုအပေါ် အာရုံစိုက်လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။ ဥပမာအားဖြင့် ကျေးလက်ရေမော်တာတို့ကို ကျေးလက်ပြည်သူများ ကိုယ်တိုင်လည်ပတ်ထိန်းသိမ်းနိုင်ရေးနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးရရှိရေးကို ကျေးလက်ပြည်သူတို့ကိုယ်တိုင် တပ်ဆင်ထိန်းသိမ်းနိုင်ရေးကဲ့သို့သော သင်တန်းမျိုးကို ခြေဗလာကောလိပ်က အထူးသင်ကြားပို့ချပေးပါသည်။ ထို့အပြင်စာမတတ်သူ စာတတ်မြောက်ရေးနှင့် ကျောင်းထွက်လိုက်ရသူများ ပညာသင်ကြားနိုင်ရေးအတွက် ညကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

ခြေဗလာကောလိပ်၏ သင်ကြားရေးလုပ်ငန်းစဉ်တို့အပေါ် အိန္ဒိယအမျိုးသားခေါင်းဆောင် မဟတ္တမ ဂန္ဒီ၏ "ကျေးရွာတိုင်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရေး"ဟူသောအတွေးအခေါ်က လွှမ်းမိုးနေပါသည်။ ခြေဗလာကောလိပ်သည် ဆင်းရဲချို့တဲ့ဆုံးသောကျေးရွာတို့မှ ကျောင်းသားတို့ကို ရွေးချယ်ခေါ်ယူ၍ အထက်၌ ဥပမာပေးထားသည့်ရေမော်တာနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးရရှိရေးကဲ့သို့သော ကျေးလက်လူထု၏ နေ့စဉ်လိုအပ်ချက်များကို ကျေးရွာလူထု ကိုယ်တိုင်တပ်ဆင်၊ လည်ပတ်၊ ထိန်းသိမ်းနိုင်ရေးတို့ကို အဓိကထား သင်ကြားလေ့ကျင့်ပေးပါသည်။ ခြေဗလာကောလိပ်သို့ တက်ရောက်သင်ကြားခွင့်ရသူအများစုသည် ကျေးလက်အမျိုးသမီးများ ဖြစ်ပါသည်။ သင်တန်းသား သင်တန်းသူများသည် သက်ဆိုင်ရာသင်တန်းတို့ကို ကိုယ်တိုင်တပ်ဆင်လည်ပတ် ထိန်းသိမ်းနိုင်သည်အထိ ခြောက်လကြာ တက်ရောက်သင်ကြားရပါသည်။

ခြေဗလာကောလိပ်၏ အကျယ်အဝန်းသည် ရှစ်ဧကရှိပြီး အဆိုပါခြေဗလာကောလိပ်၌ သဘာဝမိုးရေတို့ကို ခံယူစုစည်းသော စနစ်လည်း ပါဝင်ပါသည်။ ခြေဗလာကောလိပ်၏ ကျောင်းဆောင်တို့သည်လည်း ကျေးလက်သူ ကျေးလက်သားတို့ သက်သောင့်သက်သာ ပညာသင်ကြားနိုင်သော သာမန်ရိုးစင်းသည့် အဆောက်အအုံများသာ ဖြစ်ပါသည်။ ခြေဗလာ ကောလိပ်သည် အမျိုးသမီးတို့ကို ဦးစားပေးရွေးချယ် သင်ကြားပေးသောကြောင့် အစဉ်အလာအရ အမျိုးသားများသာ လုပ်လေ့ရှိသောအလုပ်တို့ကို အမျိုးသမီးများပါ လုပ်နိုင်စွမ်းရှိလာ၍ ကျား၊ မတန်းတူရေးကို မြှင့်တင်ဖော်ဆောင်ပေးပါသည်။ ခြေဗလာကောလိပ်၏ ဦးတည်ချက်သည်ကျေးရွာသူ ကျေးရွာသားတို့၏ ဆင်းရဲနွမ်းပါးမှုနှင့် အခွင့်အလမ်းမမျှတမှုတို့ကို ကူညီဖြေရှင်းပေးရေး သက်သက်မဟုတ်၊ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် စွမ်းဆောင်နိုင်ရေး ဖြစ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ကျေးရွာတို့မှ အမျိုးသမီးငါးဦးသည် ၂၀၁၇ ခုနှစ်၌ နေရောင်ခြည်စွမ်းအင် နည်းပညာသင်ယူရန် ခြေဗလာကောလိပ်သို့ တက်ရောက်ခွင့်ရရှိခဲ့ပါသည်။ ဤကဲ့သို့ တက်ရောက်ခွင့်ရရှိခဲ့သည်မှာ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ဒိန်းမတ်ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုတို့ အပါအဝင် စွမ်းအင်နှင့် သဘာဝပတ်ဝန်းကျင် မိတ်ဖက်အဖွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်အဖွဲ့တို့၏ ပူးပေါင်းပံ့ပိုးဆောင်ရွက်မှုတို့ကြောင့် ဖြစ်ပါသည်။ ယခုအခါ အဆိုပါ အမျိုးသမီးငါးဦးသည် မိမိတို့ကျေးရွာဝန်းကျင်၌ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးရရှိရေးအတွက် တာဝန်ယူဆောင်ရွက်နေပြီဖြစ်ပါသည်။ ဤကဲ့သို့သော မင်္ဂလာရှိသည့်အခွင့်အလမ်းတို့ကို ဖန်တီးပေးခဲ့သော ခြေဗလာကောလိပ်အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများနှင့် ရဲရဲဝင့်ဝင့်တက်ရောက်သင်ကြားခဲ့သည့် အမျိုးသမီးတို့ကို ချီးကျူးဂုဏ်ပြုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

# ရာဇဝတ်အထူးအယူခံမှု (၅)မှုနှင့် တရားမအထူးအယူခံမှု (၆)မှု စီရင်ချက်ချ၊ တရားမအထူးအယူခံမှု (၅)မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု ( ၅) မှုနှင့် တရားမအထူးအယူခံမှု (၆) မှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု (၅) မှုကို ကြားနာကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန "၂၀၁၈-၂၀၁၉ ပညာသင်နှစ်" အသိပေးကြေညာချက်

- ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG) သို့အပ်နှံရန်။
- ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade -1 ) သို့ အပ်နှံရန်။

**ပညာရေးဝန်ကြီးဌာန**

# ဖာပွန်မြို့၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆောင်ရွက်

**ဖာပွန် မေ ၂၁**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့ပေါ် ရပ်ကွက် လေးရပ်ကွက်၌ မိုးဦးကာလတွင် ဖြစ်ပွားလေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လှုပ်ရှားမှုအဖြစ် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို ဖာပွန်ခရိုင် ခုတင် ၁၀၀ဆံ့ ပြည်သူ့ဆေးရုံကြီးမှ သူနာပြုဦးစီးအရာရှိနှင့် ကျန်းမာရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပူးပေါင်း၍ မေ ၂၀ ရက်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အဖွဲ့သည် မြို့ပေါ် ရပ်ကွက် လေးရပ်ကွက်ရှိ နေအိမ်များ၊ ရေတိုင်ကီ၊ ရေစည်နှင့် ရေအိုးများတွင် ခြင်ပေါက်ပွားမှုမရှိစေရန် ဖုံး သွန် လဲ စစ် စစ်ဆေးခြင်း၊ ရေလှောင်ကန်များတွင် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို အိမ်တိုင်ရာရောက် လိုက်လံ၍ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ မြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သည့် ကူးဆိပ်ကျေးရွာ၊ တဒီးခို့ကျေးရွာ၊ ဝေ့ဆန်၊ ဝေ့မှုန်၊ ထီဘောကထ၊ တံခွန်တိုင်၊ ဝေ့နောင်၊ မဲသလွတ်၊ အနောက်ဘက်ကမ်းနှင့် ရှမ်းကိုင်း ကျေးရွာတို့တွင် ခြင်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း းသိရသည်။

**မျိုးဆက်သစ် (ဘားအံ)**

# ဒီမော့ဆိုမြို့ရှိ ဒေါဖုကျေးရွာလူဦးရေ ၂၂၆ ဦးအတွက် သောက်သုံးရေလှူ

**ဒီမော့ဆို မေ ၂၁**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီမော့ဆို မြို့နယ်အတွင်းရှိ အချို့သော ကျေးရွာများတွင် ရေရှားပါးသော အခက်အခဲများ ကြုံတွေ့နေရသဖြင့် ရေများရရှိရေးအတွက် ပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာဦးစီးဌာနတို့က စီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် စေတနာရှင် အလှူရှင်များကလည်း ရေရှားပါးသော ကျေးရွာများသို့ သွားရောက် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ရေရှားပါးသော ကျေးရွာများသို့ ပြည်နယ်အစိုးရ၏ ကူညီဆောင်ရွက်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင် ဦးဆောင်ပြီး မေ ၁၉ ရက်က ဒီမော့ဆိုမြို့နယ် အိမ်ခြေ ၄၆ အိမ်၊ လူဦးရေ ၂၂၆ ဦးရှိသည့်ဒေါဖုကျေးရွာအုပ်စု ဒေါဖုကျေးရွာသို့ ရေဂါလန် ၁၇၀၀ သွားရောက်လှူဒါန်းခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ဗီးကုန်းမြို့နယ် ဇရပ်လှချောင်းကူးတံတား မကြာမီပြီးစီးတော့မည်

**ဗီးကုန်း မေ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဗီးကုန်းမြို့နယ် ဗီးကုန်း-သစ်နဖား-ဇရပ်လှ ချောင်းကူးတံတား ကို ၂၀၁၇ ခုနှစ် ဩဂုတ်လမှစ၍ တည်ဆောက်လျက်ရှိရာ ယခုအခါ ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

**ပိုမိုအဆင်ပြေ ချောမွေ့**

အဆိုပါ တံတားကို နိုင်ငံတော်၏ ဘတ်ဂျက်ခွင့်ပြုငွေကျပ် ၂၂ သန်း အကုန်အကျခံပြီး ခေတ်မီနည်းပညာများဖြင့် ဆောက်လုပ်လျက်ရှိသည်။ တံတား အရှည်မှာ အလျားပေ ၁၀၀၊ အနံပေ ၃၀ရှိပြီး သံကူကွန်ကရစ်ဖြင့် ပြုလုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတံတား ပြီးစီးသွားပါက ဒေသခံများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများအတွက် ပိုမိုအဆင်ပြေလာတော့မည် ဖြစ်သည်။

**ထွန်းထွန်း(ဗီးကုန်း)**

# ချင်းတွင်းမြစ်ဝှမ်းဒေသ ဇီဝမျိုးစုံမျိုးကွဲနှင့် လူမှုစီးပွား စစ်တမ်းကောက်ယူမှုလုပ်ငန်းများပြီးစီး

**မုံရွာ မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းကို ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝှမ်းဒေသ သုံးနေရာကို စတော့ဟုမ်းဝန်းကျင်သိပ္ပံ (SEI)နှင့် မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ (MEI)တို့ ပူးပေါင်းပြီး ဇီဝမျိုးစုံမျိုးကွဲနှင့် လူမှုစီးပွား စစ်တမ်းကောက်ယူမှုလုပ်ငန်းများ ပြီးစီးသွားပြီ ဖြစ်ကြောင်း မြန်မာ့ပတ်ဝန်းကျင် သိပ္ပံ (MEI)မှ သိရသည်။

"ချင်းတွင်းမြစ် အထက်ပိုင်း ခန္တီးမြို့နယ်အတွင်းမှာ လေ့လာတဲ့အခါမှာ မြို့နယ်ပတ်ဝန်းကျင်မှာ စိုက်ပျိုးရေးကို အခြေခံပြီးတော့ လုပ်ကိုင်စားသောက်နေတဲ့ ရွာသူ ရွာသားတွေ၊ ရွှေတူးဖော်ခြင်းလုပ်ငန်းတွေ လုပ်ဆောင်ကြတဲ့ သူတွေကို တွေ့ခဲ့ရပါတယ်၊ ချင်းတွင်းမြစ်အလယ်ပိုင်း ကလေးဝမြို့နယ်မှာတော့ မဟာမြိုင်တောကြီးကို မှီခိုနေတဲ့ ကျေးရွာသူ ကျေးရွာသားတွေနဲ့ တွေ့ခဲ့ရပါတယ်၊ ချင်းတွင်းမြစ် အောက်ပိုင်းဒေသဖြစ်တဲ့ ချောင်းဦးမြို့နယ်အတွင်းက ကျေးရွာခြောက်ရွာကို လေ့လာတဲ့အခါမှာ တချို့ကျေးရွာတွေက စိုက်ပျိုးရေးကို အမှီပြုပါတယ်၊ တချို့ကျေးရွာတွေက ငါးလုပ်ငန်းကို အမှီပြုပါတယ်၊ တချို့ကျေးရွာတွေက ချင်းတွင်းမြစ်ကြီးကို အမှီပြုကြပါတယ်၊ အဲဒီလို အမှီပြုတဲ့သူတွေကို သဘာဝပတ်ဝန်းကျင်တွေကို ထိန်းသိမ်းဖို့ အရေးကြီးမှုတွေ လူမှုစီးပွားအခြေအနေ ဘယ်လို လုပ်ကိုင်စားသောက်နေသလဲ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတွေ ဘယ်လိုပြောင်းလဲချင်သလဲ၊ ပြည်သူတွေရဲ့အသံ၊ ဆန္ဒကို ကွင်းဆင်းလေ့လာဖြစ်ပါတယ်၊ အခုလုပ်ဆောင်တဲ့ သုတေသနလုပ်ငန်းဟာ ချင်းတွင်းမြစ်ဝှမ်းအဖွဲ့အစည်းလို့ခေါ်တဲ့ (Chindwin RBO) အတွက်ကို ဆောင်ရွက်တဲ့ သုတေသနဖြစ်ပါတယ်၊ အဲဒီအဖွဲ့အစည်းက တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်၊ အခု သုတေသနပြုချက်တွေက ရရှိတဲ့ အချက်အလက်တွေရဲ့ အစီရင်ခံစာကို တင်မှာပါ၊ တိုင်းဒေသကြီးနဲ့ ပူးပေါင်းပြီးတော့ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်သွားမယ်၊ အဲဒီလို လုပ်ပြီးရင်တော့ တိုင်းဒေသကြီးအစိုးရ ဦးဆောင်မှုအောက်မှာပဲ ချင်းတွင်းမြစ်ဝှမ်းကြီးကို ဘယ်လိုပြုပြင် ထိန်းသိမ်းကြမလဲ၊ ရှေ့ဆက်ပြီး ဘယ်လို လုပ်ငန်းစဉ်တွေ လုပ်သင့်သလဲဆိုတဲ့ အဖြေတွေကို ရရှိမှာပါ၊ တွေ့ရှိချက်တွေကို ဇူလိုင်လလောက်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့အတူ အလုပ်ရုံဆွေးနွေးပွဲတွေ ဆက်ပြီးလုပ်သွားရင်တော့ အဖြေတွေ ထွက်ရှိလာမှာဖြစ်တယ်၊ အခုကတော့ ပြောလို့မရသေးပါဘူး"ဟု မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ (MEI)မှ ညွှန်ကြားရေးမှူး ဒေါ်ခင်ဥမ္မာထွေးက ပြောသည်။

စတော့ဟုမ်းဝန်းကျင်သိပ္ပံ (SEI) နှင့် မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ (MEI) ပူးပေါင်းအဖွဲ့များသည် ချင်းတွင်းအထက်ပိုင်း ခန္တီးမြို့နယ်အတွင်း ဧပြီ ၁ ရက်မှ ၁၁ ရက်အထိ လည်းကောင်း၊ ချင်းတွင်းမြစ်အလယ်ပိုင်း ကလေးဝမြို့နယ်အတွင်း မဟာမြိုင်ဒေသကို မေ ၆ ရက်မှ ၁၁ ရက်အထိလည်းကောင်း၊ ချင်းတွင်းမြစ်အောက်ပိုင်း ချောင်းဦးမြို့နယ် ပေါက်အင်းဒေသကို မေ ၁၃ ရက်မှ ၁၅ ရက်အထိလည်းကောင်း ကွင်းဆင်းစစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

**ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲ အခမ်းအနားဌ် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

**အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက် များပြား ဆိုးဝါးတယ်၊ မိတ်ဆွေကောင်းတွေရဲ့ ကျေးဇူး ဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကာတာစင်တာအမှုဆောင်အရာရှိချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကာတာစင်တာ၏ အမှုဆောင်အရာရှိချုပ်၊ သံအမတ်ကြီးဟောင်း Ms. Mary Ann Peters အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကြိုးပမ်းဆောင်ရွက်မှုတွင် ကာတာစင်တာမှ အတွေ့အကြုံများမျှဝေရေးနှင့် ပံ့ပိုးကူညီမှုပေးရေးကိစ္စတို့ကို ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ကာတာစင်တာ၏ အမှုဆောင်အရာရှိချုပ်၊ သံအမတ်ကြီးဟောင်း Ms. Mary Ann Peters အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်

# ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးကိစ္စရပ်များ ပိုမိုပူးပေါင်းပါဝင်ကူညီပေးရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ H.E. Mr. Wang Zhengwei အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** သတင်းစဉ်

**နေပြည်တော် မေ ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (Chinese People’s Political Consultative - CPPCC)၏ ဒုတိယဥက္ကဋ္ဌ H.E. Mr. Wang Zhengwei အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသို့ တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးကိစ္စရပ်များတွင် ပိုမိုပူးပေါင်းပါဝင်ကူညီပေးရေး၊ နှစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရေး၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးခင်မောင်ဝင်း၊ ဦးအောင်မင်း၊ ဒေါက်တာဒေါ်မေဝင်းမြင့်၊ ဦးဇော်သိန်း၊ ဦးခွန်မောင်သောင်း၊ ဒေါ်ခင်စန်းလှိုင်၊ ဦးခင်အေး၊ ဦးဝင်းသိန်းဇော်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၁**

မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (Mekong MoU Senior Officials Committee Meeting, SOC) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ရဲချုပ် အောင်ဝင်းဦးနှင့်အဖွဲ့၊ ထိုင်းနိုင်ငံအခြေစိုက်၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသ၊ UNODC ရုံး၏ ဌာနေကိုယ်စားလှယ် Mr. Jeremy Douglas နှင့်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်နိုင်ငံ ၊ လာအိုနိုင်ငံ ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် အောင်နိုင်သူက သဘာပတိအဖြစ် ဆောင်ရွက်ပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ဒေသခွဲလုပ်ငန်းစီမံချက် ၁၀ ၏ အကောင်အထည်ဖော်ဆောင်ရွက်ချက်များနှင့် ဘဏ္ဍာရေးအခြေအနေများ၊ ဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ အနာဂတ်ကာလ ပူးပေါင်းဆောင်ရွက်ရေး၊ ၂၀၁၉ ခုနှစ် လုပ်ငန်းစီမံချက်၊ ဒေသခွဲလုပ်ငန်းစီမံချက်လမ်းပြမြေပုံ၊ ၂၀၁၉ ခုနှစ် မဲခေါင် MoU ဝန်ကြီးအဆင့်နှင့် အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။ ယင်းအစည်းအဝေးအား မေ ၂၂ ရက်ထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တရုတ်နိုင်ငံ CPPCC ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ




**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) ဒုတိယဥက္ကဋ္ဌ H. E. Mr. Wang Zhengwei နှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။**

သတင်းစဉ်

နေပြည်တော် မေ ၂၁

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) ဒုတိယဥက္ကဋ္ဌ H. E. Mr. Wang Zhengwei နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဆောင် Talk Room ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံအကြား ပြည်သူအစိုးရ၊ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်ရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးအတွက် အတွေ့အကြုံများ မျှဝေရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) ၏ ဖွဲ့စည်းတည်ဆောက်မှုနှင့် နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေးကဏ္ဍတို့တွင် ပါဝင်ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော်ရေးရာကော်မတီများဖြစ်သည့် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၊ တိုင်းရင်းသားရေးရာကော်မတီ၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီတို့မှ ဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော် မြန်မာ-တရုတ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တရုတ်နိုင်ငံ CPPCC ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) ဒုတိယဥက္ကဋ္ဌ H.E.Mr. Wang Zhengwei ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မက်စ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**တက်ရောက်**

ညစာစားပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ညစာစားပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

**ညစာအတူတကွသုံးဆောင်**

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) ဒုတိယဥက္ကဋ္ဌတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာအတူတကွသုံးဆောင်ကြသည်။

**သတင်းစဉ်**



**ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။**

သတင်းစဉ်

# ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ဆက်လက်ပံ့ပိုးကူညီသွားမည့်အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ကာတာစင်တာ၏ အမှုဆောင်အရာရှိချုပ် Ms.Mary Ann Peters နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြိုတင်ဆောင်ရွက်နေမှု၊ ကာတာစင်တာအဖွဲ့အနေဖြင့် ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအား သင်တန်းများပို့ချခဲ့မှုနှင့် Civic Education ဆောင်ရွက်ခဲ့မှု၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတို့တွင် ကာတာစင်တာအဖွဲ့က ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းလုပ်ငန်းစဉ်အား ဆောင်ရွက်သွားမည့်အစီအစဉ်နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ဆက်လက်ပံ့ပိုးကူညီသွားမည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကာတာစင်တာ၏ အမှုဆောင်အရာရှိချုပ် Ms.Mary Ann Peters တို့ တွေ့ဆုံဆွေးနွေးစဉ်။**

သတင်းစဉ်

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၂၂** - ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်နှင့် သာယာဝတီမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျောက်မဲမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ သီပေါမြို့တွင် ၁ ဒသမ ၃၃ လက်မ၊ လားရှိုးမြို့တွင် ၀ ဒသမ ၉၈ လက်မ၊ ဟုမ္မလင်းမြို့တွင် ၀ ဒသမ ၈၆ လက်မ၊ နောင်ချိုမြို့၊ ပင်လည်ဘူးမြို့နှင့် မုဒုံမြို့တို့တွင် ၀ ဒသမ ၇၅ လက်မစီ၊ မိုးကုတ်မြို့တွင် ၀ ဒသမ ၆၃ လက်မ၊ တမူးမြို့တွင် ၀ ဒသမ ၅၉ လက်မ၊ ရွှေဘိုမြို့နှင့် လပွတ္တာမြို့တို့တွင် ၀ ဒသမ ၅၅ လက်မစီ၊ သထုံမြို့တွင် ၀ ဒသမ ၅၁ လက်မနှင့် မင်းကင်းမြို့တွင် ၀ ဒသမ ၄၇ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# တစ်နာရီ တင်း ၁၂၀ ထွက်ရှိမည့် မျိုးစေ့သန့်စင်စက် ရွှေတောင်၌ ဖွင့်

**ရွှေတောင် မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ မေ ၂၀ ရက် နံနက် ၈ နာရီက တစ်နာရီလျှင် တင်း ၁၂၀ ထွက်ရှိသည့် တောင်သူမျိုးစေ့သန့်စင်စက် ဖွင့်ပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်လွင်က တောင်သူမျိုးစေ့သန့်စင်စက်ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်နှင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများအကြောင်းကို ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းသွင်က မျိုးစေ့သန့်စင်စက်အား စက်ခလုတ်ဖွင့် မောင်းနှင်ပေးပြီး မျိုးစေ့သန့်စက်ကို လေ့လာကြည့်ရှုခဲ့သည်။ တောင်သူများ လိုအပ်လျက်ရှိသော စပါးမျိုးကောင်းမျိုးသန့်များ တိုးတက်ရရှိရေးအတွက် ရည်ရွယ်၍ အဆိုပါ မျိုးစေ့သန့်စင်စက်ကို တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် တစ်မြို့နယ်လျှင် တစ်လုံးစီ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟားခါး-ဂန့်ဂေါလမ်းပေါ်ရှိ တောင်ပြိုရွောင်ကွင်းလမ်းအဖြစ် တံတားတည်ဆောက်ရန် လျာထားသည့်နေရာအား ကြည့်ရှုစဉ်။ သတင်းစဉ်

❋ ကျောဖုံးမှ

ဆက်လက်၍ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို မြို့မိမြို့ဖ တစ်ဦးက တင်ပြရာ သက်ဆိုင်ရာကဏ္ဍအလိုက် ပံ့ပိုးဖြည့်ဆည်းပေးသွားမည့် အစီအစဉ်များကို ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

**မျှော်စင်တည်ဆောက်**

ဒုတိယသမ္မတနှင့်အဖွဲ့သည် မေ ၂၀ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့ ရှုခင်းသာမျှော်စင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက မျှော်စင်တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးနေမှုနှင့် ချင်းရိုးရာတံခါး တပ်ဆင်မည့် အခြေအနေများကို လိုက်လံ ရှင်းလင်းပြသကြသည်။

ထို့နောက် ဟားခါး- ဂန့်ဂေါ လမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၁၇/၅ အနီး တောင်ပြိုရှောင်ကွင်းလမ်းအဖြစ် တံတားတည်ဆောက်ရန် လျာထားသည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး တောင်ပြိုကျမှုများ မဖြစ်ပေါ်စေရေးအတွက် မြေထိန်းနံရံများတွင် ဗတီဘာမြက်မျိုး စိုက်ပျိုးသွားရန် မှာကြားသည်။

**မြေပြိုကျမှုများကာကွယ်ရေး**

ဆက်လက်၍ ဟားခါးမြို့နယ် လမ်းသုတ်ရွာအနီးရှိ လမ်းအထူးအဖွဲ့ ၁၂ ၏ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မျိုးထွဋ်က ဟားခါး - ဂန့်ဂေါ- ပုလဲ- မုံရွာလမ်းအား အဆင့်မြှင့်တင်နေမှု၊ ချင်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းတို့အား အဓိက ဆက်သွယ်ပေးသည့် ဟားခါး- မတူပီလမ်းနှင့် မတူပီ- ပလက်ဝ လမ်းများအား ဘဏ္ဍာနှစ်အလိုက် ကတ္တရာနှင့် ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုများ၊ လမ်းပိုင်းတစ်လျှောက်၌ မြေပြိုကျမှုများ ကာကွယ်ရေးအတွက် မြေထိန်းနံရံများနှင့် ရေနုတ်မြောင်းများ တည်ဆောက်နေမှု၊ မိုးရာသီတွင် သဘာဝဘေးအန္တရာယ်ကြောင့် ယာယီလမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားများ ကြိုတင်စုဖွဲ့ထားမှုတို့ကို ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး ချင်းပြည်နယ်သည် မိုးများသည့်ဒေသဖြစ်၍ တောင်ပေါ်လမ်းများ ရေရှည်ကြံ့ခိုင်ရေးအတွက် သတ်မှတ်စံချိန် စံညွှန်းမီရန်နှင့် ရေနုတ်မြောင်းများ ကောင်းမွန်ရန် အရေးကြီးသဖြင့် အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထို့ကြောင့် လမ်းပိုင်းများတစ်လျှောက်ရှိ မြေထိန်းနံရံများနှင့်အတူ ဖောက်လုပ်ထားသည့် ရေဆင်းမြောင်းများ ပိတ်ဆို့မှုမရှိအောင် ဂရုတစိုက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း မှာကြားသည်။

**ဟားခါး-ဂန့်ဂေါလမ်းပိုင်းကြည့်ရှု**

ယင်းနောက် ဟားခါး- ဂန့်ဂေါ လမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးရာ လုံကျွေးကျေးရွာ၌ ဒေသခံပြည်သူများက ရိုးရာဓလေ့များအတိုင်း ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဟားခါးမြို့နယ် လေအွမ်(ခ) ကျေးရွာအနီးရှိ ဘုံဖုံးဒေသ Lungrang Klang ထုံးကျောက်တောင်သို့ ရောက်ရှိရာ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်အထိ ဘုံဖုံးဒေသ ထုံးကျောက်တောင်အား အသေးစိတ် ပြန်လည်တိုင်းတာခြင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက ဤဒေသတွင် ထုံးကျောက်ထုတ်ယူရရှိနိုင်မှု ဆန်းစစ်တွေ့ရှိချက်အရ တစ်နေ့လျှင် တန် ၅၀၀၀ ကျ ဘိလပ်မြေစက်ရုံတည်ဆောက်နိုင်မည့် အခြေအနေကောင်းများတွေ့ရှိရပါကြောင်း၊ ယင်းစီမံကိန်း အကောင်အထည်ဖော်နိုင်ပါက ချင်းပြည်နယ်သာမက ဆက်စပ်နေသည့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူလူထု အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့အတွက် များစွာ အထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လိုအပ်သော ဘိလပ်မြေများကို ကရင်ပြည်နယ် မြိုင်ကလေးနှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်တို့မှ သယ်ယူနေရသည့်အတွက် ကုန်ကျစရိတ် သက်သာလျော့နည်းသွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက်လည်း ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုး (GDP) တိုးတက်လာမည် ဖြစ်ကြောင်း၊ စီမံကိန်းများဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် အလေးထားစီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ဘုံဖုံးဒေသ ထုံးကျောက်တောင်၏ ဧရိယာ ၃၆ ဒသမ ၈ စတုရန်းကီလိုမီတာအတွင်းမှ သ-၂ နှင့် သ-၃ အဆင့်ရှိ ထုံးကျောက်တန်ချိန် ၅၁၁ ဒသမ ၁၃ သန်းတန် ထွက်ရှိမည်ဟု မြေပြင်ကွင်းဆင်း တိုင်းတာချက်များအရ သိရှိရပြီး ၎င်းနှင့် ဆက်စပ်ဧရိယာများတွင် ထုံးကျောက်အမြောက်အမြား ထပ်မံတွေ့ရှိနိုင်သဖြင့် ထိုမှတစ်ဆင့် ဘိလပ်မြေနှင့် အလှဆင် ကျောက်ပြားစက်ရုံစီမံကိန်းများကို ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် ဟားခါးမြို့နယ် ဘုံဖုံးကျေးရွာခန်းမသို့ ရောက်ရှိပြီး ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းပံ့ပိုးပေးမည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

**ခင်မင်ရင်းနှီးစွာ နှုတ်ဆက်**

ဒုတိယသမ္မတက ဒေသခံပြည်သူများ၏ လတ်တလောလိုအပ်ချက်များနှင့် ရေရှည်ပံ့ပိုးဖြည့်ဆည်းပေးရမည့် ကိစ္စရပ်များအား စနစ်တကျ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်မည့် စီမံကိန်းများတွင် မိမိဒေသ ချစ်ခင်မြတ်နိုးသော စိတ်ဓာတ်ဖြင့် ဆက်လက်ပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန် ပြောကြား၍ ကျေးရွာနေပြည်သူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဂန့်ဂေါ- ပုလဲ- မုံရွာ အဓိက ပြည်ထောင်စုလမ်းမကြီး၏ လမ်းပိုင်းတစ်လျှောက် လမ်းအဆင့်မြှင့်တင်နေမှု၊ လမ်းပိုင်းကြံ့ခိုင်ရေးအတွက် ဆောင်ရွက်နေမှုနှင့် ပတ်ဝန်းကျင်ကျေးရွာများ၏ လူမှုစီးပွားဘဝ အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုသည်။

**ဖြည့်စွက်ရှင်းလင်း**

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာအနီးရှိ လမ်းဦးစီးဌာန ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမြင့်ဦးက မုံရွာ- ပုလဲ- ဂန့်ဂေါလမ်းသည် အာဆီယံ- အာရှအဝေးပြေးလမ်းမကြီးတွင် ပါဝင်ပြီး အရှည် ၆၇ မိုင်ရှိ၍ လမ်း၏ ၂၀ မိုင် ၅ ဖာလုံအား ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ်သို့ လမ်းချဲ့ထွင်ရန် ဆောင်ရွက်နေမှု၊ လမ်းပိုင်းပေါ်ရှိ တံတားများအား သတ်မှတ် အကျယ်ချဲ့ထွင်ရန် လိုအပ်နေမှု၊ တောင်ပေါ်လမ်းပိုင်းများအား မြေပြိုကျမှုမှ ကာကွယ်ရန် မြေထိန်းနံရံများ တည်ဆောက်သွားရန် လိုအပ်မှု၊ တောင်ပေါ်လမ်းပိုင်းရှိ အတက်၊ အဆင်း ခက်ခဲသည့်နေရာများအား ကိုရီးယားနိုင်ငံ အကူအညီဖြင့် စူးစမ်းလေ့လာဆောင်ရွက်ခဲ့မှုနှင့် ၎င်းလမ်းပိုင်းနေရာများကို ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ရန် လိုအပ်မှုတို့ကို ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်က ဌာနမှ ပံ့ပိုးဖြည့်ဆည်းနေမှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**စနစ်တကျစီမံစစ်ဆေး**

တင်ပြချက်များအပေါ် ဒုတိယသမ္မတက လမ်းပိုင်းအဆင့်မြှင့်တင်မှုများအတွက် လိုအပ်သော ဘဏ္ဍာငွေလျာထားတင်ပြသွားရန်၊ ရရှိလာသည့် ဘဏ္ဍာငွေကိုလည်း လေလွင့်မှုမရှိအောင် စနစ်တကျစီမံစစ်ဆေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လမ်းအရည်အသွေး စံသတ်မှတ်ချက်များ ပြည့်မီရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ပခုက္ကူ- မုံရွာလမ်းပေါ်ရှိ တောင်ယမားတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမြင့်ဦးက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှုအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက တံတားဆိုင်ရာ သတ်မှတ်အရည်အသွေးများနှင့်အညီ တည်ဆောက်သွားရန် မှာကြားသည်။

တောင်ယမားချောင်းတံတားသည် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ပခုက္ကူ - မုံရွာလမ်းပေါ်တွင် တည်ရှိပြီး တံတားအရှည်ပေ ၂၄၀၊ တံတားအကျယ် ပေ ၃၀ နှင့် တံတား၏ ခံနိုင်ဝန်မှာတန် ၆၀ ဖြစ်သည်။ တံတားကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုနှစ် ၆ လ ဘတ်ဂျက်အတွင်း အပြီး တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ မေလ ၁၆ ရက်မှ ၂၀ ရက်အထိ ခရီးစဉ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ စိုက်ပျိုးမြေဧရိယာဧက ၂၁၈ ဒသမ ၉၀ ဧက၊ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ စိုက်ပျိုးမြေဧရိယာဧက ၄၀၁ ဒသမ ၀၄ ဧကနှင့် မြေလွတ်မြေရိုင်း စုစုပေါင်းဧက ၅၁၆၀ ဒသမ ၇၂ ဧက တို့ကို ပြန်လည်စွန့်လွှတ်အပ်နှံပွဲများ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်း၌ မြစ်ကမ်းထိန်းနံရံများ၊ တောင်ပေါ်မြေထိန်းနံရံများနှင့် သဘာဝဘေးဒဏ်ခံဘက်စုံသုံး အဆောက်အအုံများ တည်ဆောက်နေမှုအပါအဝင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်နိုင်ရေးအတွက် ဆေးရုံများ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း တိုးချဲ့တည်ဆောက်နေမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာ ဆရာမများ ဖြည့်ဆည်းပေးခြင်းနှင့် ကျောင်းများ အဆင့်မြှင့်တင်ပေးနေမှု၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှာလ်လုမ်းခံတပ်၊ ရိဒ်ရေကန်၊ ဇိန်မှုတောင် အမျိုးသားဥယျာဉ်နှင့် လိုင်သီလီရေကန်တို့အား အခြေပြု၍ သဘာဝခရီးသွားလုပ်ငန်းဆောင်ရွက်နိုင်မှု၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်နိုင်မှု၊ ရွှေ့ပြောင်းတောင်ယာအစားထိုး ပိုးစာပင်နှင့် ကော်ဖီပင်စိုက်ပျိုးရေးတို့အား တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ချင်းပြည်နယ်၏ အဓိကဆက်သွယ်ရေးလမ်းများဖြစ်သည့် ကလေး- တီးတိန်- တွန်းဇံ- ကျီခါးလမ်း၊ တီးတိန်- ရိဒ်ခေါဒါရ်- ဖလမ်း- ဟားခါးလမ်းနှင့် ဟားခါး- ဂန့်ဂေါလမ်းများ ကြံ့ခိုင်ကောင်းမွန်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံပြည်သူများ၏ လတ်တလောလိုအပ်ချက်များနှင့် ရေရှည်ဖြည့်ဆည်းပေးရမည့် လုပ်ငန်းများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းပိုင်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ရှင်းလင်းပြသစဉ်။ သတင်းစဉ်

# ပဋိပက္ခကျရောက်ခဲ့ရသည့် ဒေသများအတွင်းမှ တိုင်းရင်းသားပြည်သူများအတွက် စားဝတ်နေရေးလိုအပ်ချက်များ ထောက်ပံ့ပေးလျက်ရှိ

**နေပြည်တော်  မေ ၂၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး တင်သွင်းသည့် **ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် အကောင်အထည်ဖော်ကျင့်သုံးကြရမည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန်ကျင့်သုံးပေးရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ သက်တမ်းတစ်နှစ်ထပ်မံ တိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ ကြယ်ပွင့်ပြ မေးခွန်းခြောက်ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ရှင်းလင်းဖြေကြား**

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၏ **ပျော်ဘွယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အမည်စာရင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြန်လည်ပေးပို့လာသည့် အမည်စာရင်းတွင် အဖွဲ့ဝင်နှစ်ဦး အမည်စာရင်းလွဲမှားနေသဖြင့် ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကော်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉(ခ)ပါ ကော်မရှင်၏တာဝန်များအရ လည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀(ဂ)ပါ ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ လည်းကောင်း၊ ဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မေးခွန်းတွင် ဖော်ပြပါရှိသော သက်ဆိုင်ရာမြို့နယ်မှ တင်ပြသည့် စာရင်းအတိုင်း ကော်မရှင်မှ ဖွဲ့စည်းပေးရမည်ဟု ဥပဒေပြဋ္ဌာန်းချက်မရှိပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီသာ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ ဖွဲ့စည်းခြင်းသည် လွဲမှားခြင်း တစ်စုံတစ်ရာ မရှိပါကြောင်းနှင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန် မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး၏ **တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်အကြား ကားလမ်းမကြီးတွင် ဆိုးရွားစွာပျက်စီးလျက်ရှိသော လမ်းပိုင်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ပန်ခမ်း(ပန်ဆန်း) မြို့၌ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် 'ဝ' အထူးဒေသ (၂) မှ တိုင်းရင်းသားခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အဆိုပါ လမ်းအပိုင်းပျက်စီးနေမှုများအား အမြန်ပြုပြင်ပေးပါရန်နှင့် ပြုပြင်ရန် အခက်အခဲရှိမည်ဆိုပါက အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးရန် ပြောကြားခဲ့သည့် အပေါ်တွင် 'ဝ' အထူးဒေသ (၂) အနေဖြင့် မိုင်းဆတ်လမ်းကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးလိုကြောင်း တင်ပြလာမှုအရ အဆိုပါလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်ညှိနှိုင်းထားပြီး ဖြစ်ပါကြောင်း၊ တာချီလိတ်-မိုင်းဆတ် ၆၀/ ၄ မိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် ထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေးတွင်လည်း ထည့်သွင်းဆွေးနွေးပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



**ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပေး**

ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်၏ **ဆင်းရဲနွမ်းပါးမှု မြင့်မားနေသည့် မြို့နယ်ဒေသများတွင် ဘက်စုံ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာစေရန် ငြိမ်းချမ်းရေးအသွင် သဏ္ဌာန်ဖော်ဆောင်သည့် ဒေသအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့မှ သီးသန့် အထူးရန်ပုံငွေများဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ဖြေကြားချက်များနှင့် ပေါင်းစပ်၍ မိမိတို့ဝန်ကြီးဌာနမှ ဖြေကြားမည်ဖြစ်ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ခွင့်ပြုရန်ပုံငွေမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးရန်ပုံငွေဖြင့် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ နှစ်စဉ်ရန်ပုံငွေ ငွေကျပ်သန်း ၁၀၀၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ငွေကျပ်သန်း ၁၅၀၀၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ငွေကျပ်သန်း ၅၀၀၀ တို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အလားတူ ကချင်ပြည်နယ်အတွင်း မြို့နယ်များအလိုက် ပြည်ထောင်စုလွှတ်တော် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၁၀၀၀ နှုန်းဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ရာနှုန်းပြည့်ဆောင်ရွက်ပြီး**

ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာအနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ တစ်နှစ်လျှင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ငွေကျပ်သန်း ၂၀ ဖြင့် နှစ်စဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်း ခြောက်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း သာမန်အသုံးစရိတ် (နိုင်ငံတော်ထောက်ပံ့ငွေ)မှ လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး (နိုင်ငံတော်ထောက်ပံ့) ရန်ပုံငွေမှ လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးစရိတ်စုစုပေါင်း ငွေကျပ် ၃၅၉၃၄ ဒသမ ၃၅၄၅ သန်းကို လည်းကောင်း ထောက်ပံ့ပေးခဲ့ပါကြောင်း။

**အလေးထားဆောင်ရွက်ပေး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအပေါ် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ခံစားရမှုများမှ လျှော့နည်းသက်သာစေရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘေးသင့်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ပြန်လည်ထူထောင်နိုင်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ခြင်းတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ဖွဲ့စည်းထားပါကြောင်း၊ ပဋိပက္ခကျရောက်ခဲ့ရသည့် ဒေသများအတွင်း တိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေးအတွက် ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရန်ပုံငွေ၊ အထူးသဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့် ထောက်ပံ့ပေးလျက်ရှိပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ရန်ပုံငွေ၊ ပြည်တွင်းပြည်ပ အလှူရှင်များ၏ လှူဒါန်းငွေများဖြင့်လည်း တိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေးလိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**စီမံကိန်းများချမှတ်ဆောင်ရွက်**

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အလိုက် ဟန်ချက်ညီညီ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ သက်ဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်းများကို နှစ်အလိုက် စီမံကိန်းချမှတ်၍ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ အခြေနေအရပ်ရပ်များကြောင့် အချို့သောဒေသများတွင် ဖွံ့ဖြိုးရေးစီမံကိန်းများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိကြောင်းကိုလည်း တွေ့ရှိရပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် နောင်အနာဂတ်တွင်လည်း ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို နှစ်အလိုက် စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသဖြင့် သီးသန့်အထူးရန်ပုံငွေ မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန်၊ နန်းယွန်း မဲဆန္ဒနယ်မှ ဦးဝမ်းလုနှင့် မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး တင်သွင်းသည့် **ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုး ထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် အကောင်အထည်ဖော်ကျင့်သုံးကြရမည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန်ကျင့်သုံးပေးရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်က ဥပဒေတစ်ခုကို ရေးဆွဲပြဋ္ဌာန်းရာတွင် ဘာကြောင့် ယင်းဥပဒေကို ရေးဆွဲပြဋ္ဌာန်းရသည်ဆိုသည့် ဥပဒေ၏ ရည်ရွယ်ချက်က အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါရှိပါကြောင်း၊ မူရင်းဥပဒေ၏ ရည်ရွယ်ချက်ကို ပေါက်မြောက်အောင်မြင်စွာ အကောင်အထည်ဖော်မည်ဆိုလျှင် ရေးဆွဲသင့် ရေးဆွဲထိုက်သည့် နည်းဥပဒေများက နောက်ကျကျန်ခဲ့၍ မဖြစ်ပါကြောင်း၊ ဥပဒေနှင့် နည်းဥပဒေကို ကြိုတင်ပြင်ဆင်ပြီး အချိန်နှင့်တစ်ပြေးညီ ပြုလုပ်နိုင်ခြင်းကြောင့် အားလုံးက တလေးတစားလိုက်နာကျင့်သုံးနိုင်ပြီး စည်းစနစ်ကျ အောင်မြင်စွာကျင့်သုံးနေသည့် သာဓကများလည်း အများအပြား ရှိပါကြောင်း။

**ထောက်ခံဆွေးနွေး**

မူရင်းဥပဒေ အာဏာတည်ရန် နည်းဥပဒေပေါ်တွင် တည်မှီနေသောကြောင့် အဆိုရှင်ဆွေးနွေးသကဲ့သို့ ပြည်ထောင်စုအဆင့်အဖွဲ့စည်းများသည် တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေကို အမြန်ရေးဆွဲပြဋ္ဌာန်းရန် မလွဲမသွေလိုအပ်ပါကြောင်း၊ လုပသေသပ်သည့် ဝတ်စုံတစ်စုံကို ချုပ်ရန်အတွက် ချွန်မြသည့်အပ်တစ်ချောင်းကို လက်ထဲတွင် ဆုပ်ကိုင်ထားမိပါက (ဥပဒေ) ချိတ်ဆက်တွဲချည်မည့် (နည်းဥပဒေ)အပ်ချည်မရှိပါက မည်မျှပင် အပ်က ထိုးဖောက်သော်လည်း အလုပ်မဖြစ်ပါကြောင်း၊ အပ်နှင့် အပ်ချည်ကို တွဲဖက်အသုံးပြုတွယ်ယှက်မှသာ ခိုင်ခံ့အသုံးဝင်သည့် ဝတ်စုံတစ်စုံဖြစ်လာမည်ဖြစ်ပါကြောင်း၊ ပြည်သူများအတွက် အကျိုးပြုဥပဒေကို နည်းဥပဒေနှင့် အမြန်ဆုံးတွယ်ယှက်အသုံးနိုင်ရေးအတွက် အဆိုကို ထောက်ခံကြောင်း ဆွေးနွေးသည်။

ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က နည်းဥပဒေဆိုသည်မှာ တစ်ဆင့်ခံဥပဒေအမျိုးအစားဖြစ်ပါကြောင်း၊ ဥပဒေ သို့မဟုတ် အက်ဥပဒေက အာဏာအပ်နှင်းသည့်အခါ နည်းဥပဒေကို ပြဋ္ဌာန်းနိုင်ပါကြောင်း၊ အုပ်ချုပ်ရေးအာဏာပိုင်များကို နည်းဥပဒေပြုနိုင်သည့် အာဏာအပ်နှင်းလေ့ရှိပါကြောင်း၊ နည်းဥပဒေဆိုသည်မှာ အက်ဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်သည့် နည်းလမ်းများသာ ဖြစ်ပါကြောင်း၊ ဥပဒေသည် မူသဘောဖြစ်ပြီး နည်းဥပဒေသည် ယင်းမူသဘောကို လက်တွေ့အကောင်အထည်ဖော်ရာတွင် မည်သို့မည်ပုံ လိုက်နာကျင့်သုံးရမည်ကို တိကျရှင်းလင်းစွာ ရေးဆွဲထားသည့်နည်းလမ်းဟု ဆိုနိုင်ပါကြောင်း၊ ဥပဒေဟူသည် အဓိကမူသဘောများကို ပြဋ္ဌာန်းပြီး ယင်းမူသဘောများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အသေးစိတ်အချက်အလက်များကို နည်းဥပဒေများထုတ်ပြန်၍ သတ်မှတ်ပေးရမည်ဖြစ်ပါကြောင်း။

နည်းဥပဒေများကို မရေးဆွဲဘဲ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များသာ ထုတ်၍ အုပ်ချုပ်လျှင် ဥပဒေအရ အုပ်ချုပ်ခြင်းမျိုးမဟုတ်ဘဲ အမိန့်၊ ညွှန်ကြားချက်အဖြစ် အုပ်ချုပ်ခြင်းမျိုး ဖြစ်သွားတတ်စေသောကြောင့် ကောင်းမွန်သော အုပ်ချုပ်ရေးကို ညစ်နွမ်းထိခိုက်စေမည်ဖြစ်ပါကြောင်း၊ ကျင့်သုံးနေသည့် နိုင်ငံရေးစနစ်နှင့်လည်း ကိုက်ညီမှုမရှိဟုလည်း ဆိုနိုင်ပါကြောင်း၊ တိုင်းပြည်ကို ကောင်းသောအုပ်ချုပ်ရေးဆီသို့ ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်၍ လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကို ပြည့်ပြည့်ဝဝ ကျင့်သုံးနိုင်မှသာ ထိထိရောက်ရောက် အောင်မြင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းပြည်အတွက် ကောင်းသော ပြောင်းလဲခြင်းဆိုသည့် အရွေ့ကို အရှိန်အဟုန်နှင့် ဆောင်ရွက်နိုင်ရန် ကျင့်သုံးနေသည့် နိုင်ငံရေးစနစ် အောင်မြင်ရန် အဆိုကို ထောက်ခံရခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဦးမြစိန်၊ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ အောင်လံ မဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့်၊ ညောင်လေးပင် မဲဆန္ဒနယ်မှ ဒေါက်တာဦးမြင့်သိန်း၊ မြန်အောင် မဲဆန္ဒနယ်မှ ဦးခင်မောင်လတ်နှင့် ပြင်ဦးလွင် မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်တို့က ဆွေးနွေးကြသည်။

**ညှိနှိုင်းဆောင်ရွက်**

ထို့နောက် ယင်းအဆိုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက ဖွဲ့စည်းသည့် နည်းဥပဒေရေးဆွဲရေးကော်မတီတွင် ပါဝင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နည်းဥပဒေများ ရေးဆွဲရာတွင် ဥပဒေနှင့်အညီ အကောင်အထည်ဖော်နိုင်ရန် လိုအပ်မည့် အသေးစိတ် အချက်အလက်များကို မျှော်မှန်းစဉ်းစား၍ ကျယ်ကျယ်ပြန့်ပြန့် ရေးဆွဲရခြင်း၊ နည်းဥပဒေများတွင် လိုအပ်သည့် ပုံစံဇယားများ ထည့်သွင်းဖော်ပြရခြင်း၊ နည်းဥပဒေများတွင် ပါဝင်သည့် အချက်အလက်များနှင့် စပ်လျဉ်း၍ ဆက်စပ်သည့်ဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရခြင်း၊ အချို့ဥပဒေများသည် အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် ဆက်စပ်သဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရခြင်း၊ နိုင်ငံတကာနှင့် ဆက်စပ်သည့် ပညာရပ်ဆိုင်ရာကိစ္စရပ်များတွင် ပြည်ပကျွမ်းကျင်ပညာရှင်များ ခန့်ထား၍ အကြံဉာဏ်ရယူဆောင်ရွက်ရခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်များကို ရယူဆောင်ရွက်ရခြင်း၊ နည်းဥပဒေများ ရေးဆွဲစဉ် အခြေအနေအရပ်ရပ်ကြောင့် မူရင်းဥပဒေ ပြင်ဆင်ရန် အကြောင်းပေါ်ပေါက်သဖြင့် နည်းဥပဒေထုတ်ပြန်ရန် ဆိုင်းငံ့ရခြင်း စသည့် အချက်များကြောင့် ဝန်ကြီးဌာနအနေဖြင့် အချို့နည်းဥပဒေများကို အချိန်မီ ထုတ်ပြန်နိုင်မှု မရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ထုတ်ပြန်ရန် လိုအပ်သည့် နည်းဥပဒေများကို အမြန်ဆုံး ထုတ်ပြန်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသဖြင့် အဆိုကို အတည်ပြုသင့်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို မေ ၂၃ တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့် (သတင်းစဉ်)**

# အများပြည်သူ ဝန်ဆောင်မှုမီဒီယာဆိုင်ရာ ကြော်ငြာမူဝါဒကို ထုတ်ပြန်ကြော်ငြာထားသည့်အတိုင်း တိကျစွာလိုက်နာရန် ဆောင်ရွက်စေလျက်ရှိ

**နေပြည်တော် မေ ၂၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ခြောက်ခုအား ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ဦးကျော်မျိုးတို့က ဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

**စိစစ်ခွင့်ပြု ဆောင်ရွက်ပေး**

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) မှ ဦးထွန်းထွန်းဦး၏ **ယနေ့မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းရှင်အချို့သည် မီဒီယာပေါင်းစုံကို အသုံးပြုပြီး အလှကုန်၊ ဆေးဝါး၊ စားသောက်ကုန်၊ စိုက်ပျိုးရေးလုပ်ငန်းသုံးကုန် စသည့် ကုန်ပစ္စည်းမျိုးစုံတို့ကို ပကတိအခြေအနေမှန်နှင့် များစွာကွာဟပြီး ယုတ္တိမတန်စွာ လွန်လွန်ကဲကဲ အမွှမ်းတင်၍ ကြော်ငြာနေကြခြင်းများကို ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် စီးပွားရေးလုပ်ငန်းရှင်များမှ ကုန်ပစ္စည်းကြော်ငြာများ လာရောက်ထည့်သွင်းသည့်အခါ သင့်တင့် လျောက်ပတ်သော ကြော်ငြာဈေးနှုန်းဖြင့် ကောက်ခံပြီး ဝန်ကြီးဌာနက ဖွဲ့စည်းထားသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ဆင်ဆာဘုတ်အဖွဲ့သို့တင်ပြကာ စိစစ်ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထိုသို့ စိစစ်ရာတွင်လည်း ချမှတ်ထားသည့် မူဝါဒနှင့်အညီ ကြော်ငြာမည့် ကုန်ပစ္စည်း၏ ကုန်ပစ္စည်းအမှတ်တံဆိပ်၊ ကုန်ပစ္စည်းမှတ်ပုံတင်လက်မှတ်၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ FDA ခွင့်ပြုချက်၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ခံချက်စသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့်အတူ ပြသမည့် Video File ကို စနစ်တကျ စိစစ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ စိစစ်ဆောင်ရွက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကြော်ငြာမူဝါဒအရ နိုင်ငံတော်အလံ၊ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်အကြီးအကဲနှင့် ငွေကြေးသင်္ကေတများကို မလေးစားသည့် တင်ပြမှုများ၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို ထိခိုက်စေသည့် ဖန်တီးတင်ပြမှုများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်၊ လမ်းညွှန်ချက်မှအပ နိုင်ငံရေးဆိုင်ရာ ကြော်ငြာများ၊ နိုင်ငံရေး ပါတီတစ်ခုခု၏ နိုင်ငံရေးမူဝါဒ (သို့မဟုတ်) ရပ်တည်ချက်များနှင့် သက်ဆိုင်သည့် ကြော်ငြာများကို လက်ခံခွင့်ပြုခြင်း မရှိပါကြောင်း။

ထို့ပြင် နိုင်ငံတွင်းနေထိုင်ကြသည့် တိုင်းရင်းသားတစ်မျိုးမျိုး၏ လူမျိုးရေး (သို့မဟုတ်) ယဉ်ကျေးမှုကို ထိခိုက်မုန်းတီးစိတ် ဖြစ်စေသည့် ကြော်ငြာများ၊ ကိုးကွယ်ယုံကြည်မှုများကို နှိမ့်ချစော်ကားရာရောက်သည့် ကြော်ငြာများ၊ ကာမရာဂကို လှုံ့ဆော်ရာ ရောက်သည့်စာများ၊ ပုံများ၊ ဝတ်စားဆင်ယင်မှုများ၊ ရာဇဝတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းများကို အားပေးလှုံ့ဆော်သည့် ကြော်ငြာများ၊ လူကုန်ကူးမှုကို အားပေးသည့် ကြော်ငြာများ၊ မသန်စွမ်းသော ပုဂ္ဂိုလ်များအား နှိမ့်ချစော်ကား ပြက်ရယ်ပြုလှောင်ပြောင်သည့် ကြော်ငြာများ၊ ဆေးဝါးနှင့် ပတ်သက်၍လည်း သမားရိုးကျမဟုတ်သော ကုထုံးများ၊ လောကီပညာ (ဂမ္ဘီရပညာ) သို့မဟုတ် အလားတူ ကုထုံးများ၊ အလွန်အကြူး အမွှမ်းတင်ထားသည့် ပစ္စည်းနှင့် စားသောက်ကုန်များ၊ အရက်သေစာနှင့် ဆေးလိပ်ဆေးတံများ စသည့်ကြော်ငြာများကို လက်ခံဆောင်ရွက်ခြင်း မပြုပါကြောင်း။




- မီဒီယာပေါင်းစုံတွင် ကုန်ပစ္စည်းမျိုးစုံကို ယုတ္တိမတန်စွာအမွှမ်းတင်လျက် ကြော်ငြာနေကြခြင်း၏ အန္တရာယ်ဆိုးကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကောင်းစွာသိရှိနားလည်
- ယင်းတို့ကို ပိုမိုထိရောက်စွာဟန့်တားနိုင်ရန်အတွက် အခြားသော ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိ

**သတိပေးကြပ်မတ်**

မိမိတို့၏ ကုန်ပစ္စည်းများကို ပကတိအခြေအနေနှင့် ကွာဟပြီး ယုတ္တိမတန်စွာ အလွန်အကြူး အမွှမ်းတင်လျက် ကြော်ငြာနေကြခြင်းမှာ ကြော်ငြာလောက၏ သဘာဝတစ်ခုဟု ဆိုနိုင်သော်လည်း ၎င်းတို့ထုတ်လုပ်သည့် ကုန်ပစ္စည်းများအား အများပြည်သူသိရှိစေရန် ကြော်ငြာလိုသည့်အခါ ပြန်ကြားရေးဝန်ကြီးဌာန၊ အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ ကြော်ငြာမူဝါဒအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နေ့စဉ်ထုတ်လွှင့်လျက်ရှိသော ရေဒီယို၊ ရုပ်မြင်သံကြား အစီအစဉ်များ၊ နိုင်ငံပိုင်သတင်းစာများ၊ အကျိုးတူဆောင်ရွက်လျက်ရှိသည့် ရုပ်သံလွှင့်ကုမ္ပဏီများ၊ FM ကုမ္ပဏီများအတွက် အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ ကြော်ငြာမူဝါဒကို ထုတ်ပြန်ကြော်ငြာထားသည့်အတိုင်း တိကျစွာလိုက်နာရန် ဆောင်ရွက်စေလျက် ရှိပါကြောင်း၊ လိုအပ်ချက်များ ရှိပါကလည်း သတိပေးကြပ်မတ် ဆောင်ရွက်ရန် စီစဉ်သွားမည် ဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီက ၂၀၁၄ ခုနှစ် မေလ ၃ ရက်တွင် ထုတ်ပြန်ထားသည့် သတင်းမီဒီယာကျင့်ဝတ် အပိုဒ် ၂၃တွင် ကြော်ငြာခြင်း၊ ကုန်ပစ္စည်းများထည့်သွင်းဖော်ပြခြင်းနှင့် ကြော်ငြာမဟုတ်သော အစီအစဉ်များတွင် လိုက်နာဆောင်ရွက်ရန် လိုအပ်သည်များကို အတိအကျ ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ထိန်းချုပ်ကွပ်ကဲခြင်း မပြုနိုင်သည့် လူမှုကွန်ရက်များ အပါအဝင် မီဒီယာပေါင်းစုံတွင် ကုန်ပစ္စည်းမျိုးစုံကို ယုတ္တိမတန်စွာ အမွှမ်းတင်လျက် ကြော်ငြာနေကြခြင်း၏ အန္တရာယ်ဆိုးကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကောင်းစွာသိရှိနားလည်ပါကြောင်း၊ ယင်းတို့ကို ပိုမိုထိရောက်စွာ ဟန့်တားနိုင်ရန်အတွက် အခြားသောဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း ဖြေကြားသည်။

**ထိရောက်စွာကာကွယ်နိုင်ရေး**

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးဝင်းမောင်၏ **မကွေးတိုင်းဒေသကြီး၏ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာတို့တွင် မြစ်ကမ်းပါးပြိုကျမှုများ လျော့ပါးသွားရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ခေတ်မီကျွမ်းကျင်သည့် နည်းပညာများနှင့်အတူ ရေရှည်စီမံကိန်းများ ချမှတ်လျက် လုပ်ကိုင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဧရာဝတီမြစ်ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများအားနည်းလမ်း ၂ သွယ်ဖြစ်သည့် တိုက်ရိုက်ကာကွယ်ခြင်း နည်းစနစ်နှင့် သွယ်ဝိုက်ကာကွယ်ခြင်းနည်းစနစ်တို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုက်ရိုက်ကာကွယ်ခြင်း နည်းစနစ်သည် လတ်တလော ရေတိုက်စားကမ်းပြိုနေမှုကို အမြန်ဆုံးထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ရန် အခြေအနေပေးသည့် ကမ်းပြိုကမ်းစားဖြစ်ပေါ်နေသော နေရာများတွင် မြေထိန်းနံရံများ တည်ဆောက်ပေးခြင်း (သို့မဟုတ်) ကမ်းပါးလျှောစောက်ပြုပြင်၍ မျောကရစ်တန်းများရိုက်ခြင်းတို့ ဆောင်ရွက် ပေးခြင်းဖြစ်ပါကြောင်း။

သွယ်ဝိုက်ကာကွယ်ခြင်း နည်းစနစ်အား ရေတိုက်စားကမ်းပြိုလျက်ရှိသော နေရာတွင် ရေအနက်များသဖြင့် တိုက်ရိုက်ကာကွယ်ခြင်း ဆောင်ရွက်၍မရနိုင်သော နေရာများ၌ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ကမ်းပြိုနေရာ၏ အထက်ဘက်သဲသောင်ပြန့်ရှိသော နေရာမှစ၍ အောက်ဘက်တွင် သဲနုန်းများ အနည်ကျစေပြီး ရေလမ်းကြောင်းအား သွေဖယ်စေသော ရေလွှဲရေကာများ တည်ဆောက်ပေးခြင်း၊ ယာယီထိန်းသိမ်းနိုင်ရန် ရေစီးနှုန်းလျှော့ချစေသော ရေကာများတည်ဆောက်ပေးခြင်း၊ လှိုင်းပုတ်ခြင်းနှင့် အပေါ်ယံရေစီးပွတ်တိုက်မှု အကာအကွယ်များတည်ဆောက်ပေးခြင်းနှင့် သောင်တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရေရှည်စီမံကိန်းများနှင့် ပတ်သက်၍ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်အောက်ပိုင်း ရေလမ်းကြောင်းများ ပြုပြင်ထိန်းသိမ်းရန် ၁၉၈၈ ခုနှစ်တွင် ကမ္ဘာ့ဘဏ်အကူအညီဖြင့် နယ်သာလန်နိုင်ငံ Royal Haskoning Engineering Co.Ltd နှင့် ရေးဆွဲခဲ့သော Master Plan ကို အခြေပြု၍ မြစ်ကြမ်းပြင် ပြုပြင်နည်းစနစ်ဖြင့် ယခုအချိန်အထိ ဧရာဝတီမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေးကို ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ လာမည့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း သုံးနှစ်တာကာလတွင် ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်မည့်ဧရာဝတီမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေးအစီအမံများအတွက် စုစုပေါင်းငွေကျပ် ၄၇ ဒသမ ၇၇ ဘီလီယံ ခန့်မှန်းလျာထားပါကြောင်း။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီး၏ ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ကျေးရွာတို့တွင် ကမ်းပါးပြိုကျမှုများ လျော့ပါးရေးအတွက် ရေတိုက်စားကမ်းပြိုမှု၏ ပင်မအကြောင်းအရင်းဖြစ်သော ရေလမ်းကြောင်း ပြောင်းလဲမှုများကို တည်ငြိမ်စေရန် ပင်မစီမံချက်ပါ ဦးစားပေးအစီအမံများကို ဆောင်ရွက်ပေးနိုင်ပါက ပိုမိုထိရောက်မည် ဖြစ်ပါသဖြင့် လာမည့်သုံးနှစ်အတွင်း ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြေကြားသည်။

**နည်းပညာအကူအညီများပံ့ပိုး**

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်းက **ကယားပြည်နယ် လွိုင်ကော်မြို့တော်တွင် ဖြတ်သန်းစီးဆင်းလျက်ရှိသော ဘီလူးချောင်းကို ပြည်ထောင်စုအစိုးရမှ တာဝန်ယူထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ရေကြောင်းသွားလာအသုံးပြုသည့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြီးများ၏ ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နေရခြင်းကြောင့် ဘီလူးချောင်းအပါအဝင် ရေကြောင်းသွားလာအသုံးပြုမှုနည်းပါးသည့် အခြားမြစ်ချောင်းများ ထိန်းသိမ်းရေးအတွက် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာနှင့် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တို့အတွက် ရေးဆွဲထားသောလုပ်ငန်းအစီအမံများတွင် ဘီလူးချောင်းထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရန် ရန်ပုံငွေတင်ပြတောင်းခံထားခြင်းမရှိပါကြောင်းနှင့် ဘီလူးချောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကယားပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေတွင် လည်းကောင်း၊ အရေးပေါ်ရန်ပုံငွေမှ လည်းကောင်းတင်ပြတောင်းခံမည် ဆိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့်ကျွမ်းကျင်မှုနှင့် နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်နှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်တို့၏မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှင်းလင်းဖြေကြားခဲ့သည်။

**အဆုံးအဖြတ်ခံယူသင့်**

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် စိုင်းထွန်းအောင်က သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် ယင်းဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာ ဝန်ကြီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီမှ တင်ပြခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ ပြန်လည်အတည်ပြုနိုင်ပါရန်နှင့် လွှတ်တော်နှစ်ရပ်သဘောထား ကွဲလွဲချက်များကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ခံယူသင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန်လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အဆိုတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

**သဘောတူအတည်ပြု**

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းကို အတည်ပြုရန်လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးဆဋ္ဌမနေ့ကို မေ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကာတာစင်တာအမှုဆောင် အရာရှိချုပ် တွေ့ဆုံ

## ကာတာစင်တာမှ ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေများဆွေးနွေး




**နေပြည်တော် မေ ၂၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကာတာစင်တာ၏အမှုဆောင်အရာရှိချုပ်၊ အငြိမ်းစားသံအမတ်ကြီး Ms. Mary Ann peters နှင့်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်သို့ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရာ၌ ထာဝရငြိမ်းချမ်းရေးရရှိရန် လိုအပ်မှုအခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက်အစိုးရနှင့် တပ်မတော်မှ ဆောင်ရွက်နေမှုအခြေအနေများ၊ ကာတာစင်တာမှ ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ- ထိုင်း နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး ဆွေးနွေး



နေပြည်တော် မေ ၂၁

**ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး Air Chief Marshal PrajinJuntong နှင့်အဖွဲ့သည် မေ ၂၀ရက်ညပိုင်းတွင် ထိုင်းနိုင်ငံမှ နေပြည်တော်သို့ လေကြောင်းခရီးစဉ်ဖြင့် ရောက်ရှိသည်။**

အဆိုပါ ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီးအား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး (ဝဲပုံ) နှစ်နိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံဝန်ကြီးအဆင့် တွေ့ဆုံမှုတွင် မြန်မာ- ထိုင်းနှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ဆေးစွဲသူများအား ကုသပေးရေးလုပ်ငန်းများ၊ အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးဆိုင်ရာ သတင်းအချက်အလက်ဖလှယ်ခြင်းနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုတို့တွင် ပိုမိုမြှင့်တင်ဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ တရားရေးဝန်ကြီးနှင့်ကိုယ်စားလှယ်များသည် နေပြည်တော်အတွင်း လှည့်လည်ကြည့်ရှုပြီး ကျောက်မျက်ပြတိုက်နှင့် အမျိုးသားပြတိုက်များသို့ သွားရောက်လေ့လာသည်။

ယင်းနောက် ဗုဒ္ဓဂယာနှင့် ဥပ္ပါတသန္တိစေတီတော်တို့အား သွားရောက်ဖူးမြော်ခဲ့ပြီး ည ၇ နာရီတွင် ဗန်ကောက်လေကြောင်းခရီးစဉ်ဖြင့်နေ ပြည်တော်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထားဝယ်ခရိုင် ပြန်/ဆက်ဦးစီးဌာနရုံး စာကြည့်တိုက်အား လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်

**ထားဝယ် မေ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ထားဝယ်ခရိုင်ရုံးစာကြည့်တိုက်အားလူထုအခြေပြုဗဟိုဌာန (Community Centre ) အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းနှင့် ရွေ့လျားစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့ရှိ ယင်းရုံးနေရာ၌ ကျင်းပသည်။

ရှေးဦးစွာ ထားဝယ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ မျက်နှာစာတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြရာ ကျောင်းသား ကျောင်းသူများက ဘင်ခရာနှင့် ပန်းပွားအကများဖြင့် ဖျော်ဖြေကြသည်။

**ကစားစရာအရုပ်များပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရွေ့လျားစာကြည့်တိုက် ယာဉ်ငယ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။ ဆက်လက်၍ လူထုအခြေပြုဗဟိုဌာနအတွင်းရှိ ကလေးစာကြည့်တိုက်ကို ကြည့်ရှုကြပြီး ယင်းနေရာသို့ ရောက်ရှိနေကြသည့်ကလေးငယ်များအား ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ကစားစရာအရုပ်များ ပေးအပ်ကြသည်။

ယင်းနောက် လူထုအခြေပြုဗဟိုဌာနရှိ စာကြည့်တိုက်ခန်းမ၊ ပြတိုက်ငယ်၊ လက်တော့ပ်ကွန်ပျူတာများအသင့်တပ်ဆင်ထားသော သင်တန်းခန်းမ၊ ဆွေးနွေးပွဲခန်းမများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းအချက်အလက်ဖြန့်ဝေပေး**

ထို့နောက် လူထုအခြေပြု ဗဟိုဌာနဝင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ လူထုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက် ( Mobile Library ) ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက်ဖြန့်ဝေပေးသည့် ပြန်ကြားရေးလုပ်ငန်း၊ ပြည်သူလူထုအတွက် အသိပညာဗဟုသုတဖြည့်ဆည်းပေးသည့် ပညာပေးလုပ်ငန်းနှင့် ပြည်သူလူထုအတွက် ဖျော်ဖြေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပါကြောင်း၊ သတင်းအချက်အလက်များ ဖြန့်ဝေမှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရုပ်သံနှင့်ရေဒီယို ထုတ်လွှင့်မှုဖြင့် လည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နိုင်ငံပိုင်သတင်းစာများအပြင် Myanmar Digital News - MDN အမည်ဖြင့် Online မှ လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ ပေးပို့သော အနယ်နယ်အရပ်ရပ်မှ သတင်းများကို နိုင်ငံပိုင်မီဒီယာများအပြင် MOI Website မှ လည်းကောင်း ထုတ်လွှင့်ဖော်ပြပေးလျက်ရှိပါကြောင်း။

**မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေနိုင်ရန်**

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး ဦးစီးဌာနအနေဖြင့်လည်း မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်နိုင်ရန်ဆောင်ရွက်ခြင်း၊ စာတမ်းဖတ်ပွဲများနှင့် စာအုပ်ဈေးတန်း စီစဉ်ဆောင်ရွက်ပေးခြင်း၊ မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေနိုင်ရန်နှင့် မြန်မာဂန္ထဝင်စာအုပ်အတွဲ(၁၀၀)စာစဉ် ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ရွေ့လျားစာကြည့်တိုက်များ**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့်လည်း အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်များတွင် ကလေးစာဖတ်ခန်းနှင့် ပြတိုက်ငယ်များ ထည့်သွင်းဆောင်ရွက်မှုအပြင် သင်တန်းများ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးပွဲနှင့် စာဖတ်ဝိုင်းများ ကျင်းပပြုလုပ်မှုမှစပြီး ရပ်ရွာလူထုအတွက် တန်ဖိုးရှိပြီးအသုံးဝင်သည့်နေရာ၊ လူအများ စုဝေးသည့် လူထုအခြေပြုဗဟိုဌာနများ ဖြစ်လာစေရန် အဆင့်မြှင့်တင်မှုနှင့် အတူ ပြောင်းလဲဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်လည်း ပူးပေါင်းပြီး ရွေ့လျားစာကြည့်တိုက်များ အပါအဝင်ဆောင်ရွက်နေပါကြောင်း ။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လူထုအခြေပြုဗဟိုဌာနရှိ ကလေးစာကြည့်တိုက်၌ ကလေးငယ်များကစားနေမှုကို ကြည့်ရှုအားပေးစဉ်။** သတင်းစဉ်

ထို့ပြင် Community Centre များတွင် Book Club, Youth Club , Women's Club များလည်း ဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ ဒီမိုကရေစီအင်္ဂါရပ်များနှင့်အညီ ပြည်သူများအကြား ဆွေးနွေးပြောကြားနိုင်ရန် ပြည်သူ့စကားဝိုင်း ( Public Talk ) များ ကျင်းပပြုလုပ်လျက်ရှိရာ ယခုအခါ အကြိမ် (၁၀၀) ကျော်ရှိနေပြီ ဖြစ်ပါကြောင်း ပြောကြားသည်။

**တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းတို့က အမှာစကားများပြောကြားကြပြီး ထားဝယ်ဒေသခံပြည်သူများကိုယ်စား ဒေါက်တာကျော်လွင်စိုးက လူထုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက်ဖွင့်လှစ်ပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်တို့သည် "လူငယ်နှင့်မူးယစ်ဆေး" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ပြည်သူ့စကားဝိုင်း ( Public Talk ) သို့ တက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းမှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

**ခိုင်ထူး**

# ပြည်ထောင်စုလွှတ်တော် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော်  မေ  ၂၁**

အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော် လွှတ်တော်ဝင်းသဘင်ဆောင်၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအတွင်းရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ IMF အဖွဲ့ဝင်များဖြစ်သော ဂျပန်နိုင်ငံမှ ဌာနေကိုယ်စားလှယ် Mr. Yasuhisa Ojima၊ စီးပွားရေးပညာရှင် ဦးခိုင်ထွန်း၊ အကြံပေးများဖြစ်သော New Zealand နိုင်ငံမှ Mr.Micheal Oomen နှင့် Australia နိုင်ငံမှ Mr. Gregory James Topping တို့နှင့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအပေါ် ကာတာစင်တာမှ အကူအညီပေးနိုင်မည့် အခြေအနေများ ဆွေးနွေး



**နေပြည်တော်  မေ  ၂၁**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကာတာစင်တာ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ သံအမတ်ကြီးဟောင်းMs . Mary Ann Peters အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် အမေရိကန်အခြေစိုက်ကာတာစင်တာအား သမ္မတဟောင်း ဂျင်မီကာတာနှင့် ဇနီးတို့မှ တည်ထောင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းတွင် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးနေသည့် အဖွဲ့ဖြစ်ပါကြောင်း သံအမတ်ကြီးက ရှင်းလင်းပြောကြားကာ ဥပဒေရေးရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအပေါ် ကာတာစင်တာမှ အကူအညီပေးနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထားဝယ်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ လူငယ်နှင့် မူးယစ်ဆေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**ထားဝယ်  မေ  ၂၁**

ဒီမိုကရေစီစနစ်၏ အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေး ပြောကြားနိုင်သည့် အခွင့်အလမ်းများအား ဖော်ဆောင်ပေးနိုင်ရန်၊ မိမိရပ်ရွာဒေသမှာဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများရှိလာစေရန်၊ ပြည်သူလူထု စဉ်းစားတွေးခေါ်မှုမြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်များဖြင့် ထားဝယ်ခရိုင် လူထုအခြေပြုဗဟိုဌာနရှိ ယာယီမဏ္ဍပ်၌ "လူငယ်နှင့် မူးယစ်ဆေး"ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကို ယနေ့နံနက် ၁၀ နာရီခွဲက ကျင်းပသည်။**(ဓါတ်ပုံ)**



ပြည်သူ့စကားဝိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် လူငယ်လူရွယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က မူးယစ်ဆေးဝါး အန္တရာယ်နှင့် ဆိုးကျိုးများကို လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် တရားသူကြီးချုပ် ဦးတင်အောင်က မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာအချက်အလက်များကို လည်းကောင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နေမျိုးက မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်နေမှုကို လည်းကောင်း၊ ထားဝယ်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ အေးအောင်နှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာဇော်မင်းထွန်းတို့က မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာများကို လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများအပေါ် သက်ဆိုင်ရာအလိုက် ပြန်လည်ဆွေးနွေးဖြေကြား ကြသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြည်သူ့စကားဝိုင်းများတွင် ဒီမိုကရေစီအင်္ဂါရပ်များနှင့်အညီ ပွင့်ပွင့်လင်းလင်းနှင့် လွတ်လွတ်လပ်လပ် ဆွေးနွေးကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆွေးနွေးရာတွင် တစ်ဦးတစ်ယောက်နှင့် အဖွဲ့အစည်းများကို ထိခိုက်ပြောဆိုခြင်းများကို ရှောင်ရှားပြီး ယဉ်ကျေးစွာဖြင့် ဆွေးနွေးပွဲ အောင်မြင်ပြီးမြောက်အောင် ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ ယခုစကားဝိုင်းမှ အစပြုပြီး အလေ့အထဖြစ်အောင် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပါဝင်ဆွေးနွေး ပြောကြားခဲ့သည်။

**ခိုင်ထူး( ပြန် / ဆက် )**

# (၁၃) ကြိမ်မြောက် သုတစွယ်စုံစာပေဆု ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန်  မေ  ၂၁

**စွယ်စုံမီဒီယာဂရု(ပ်) (SweSone Media Group) ၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည့် (၁၃) ကြိမ်မြောက် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က မေ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။**

ဆုရရှိသူများမှာ သုတစွယ်စုံ တစ်သက်တာ စာပေဆုအတွက် **ဦးတင်ခ (ဆရာတက္ကသိုလ်တင်ခ)**၊ ဘာသာပြန်စာပေဘာသာရပ်အတွက် **ဟိန်းလတ်**၏ 'ရေထဲမှာ လူ... လူထဲမှာ ရေ'၊ နိုင်ငံတကာရေးရာဘာသာရပ်အတွက် **စိန်ဝင်းစိန်** ၏ 'ရှင်သန်ခွင့်'၊ အတ္ထုပ္ပတ္တိစာပေဘာသာရပ်အတွက် **ကျော်ထက်ထွန်း** ၏ 'ဂျော့ ဆိုရော့စ် သို့မဟုတ် မေတ္တာရှင်သန်းကြွယ်သူဌေးကြီး'၊ စာပဒေသာဘာသာရပ်အတွက် **မြင့်သိန်းလှိုင်** ၏ 'ရိုးတံကျဲတွေမြိုင်ထဲမှာ အငိုတိတ်စေချင်'၊ ရည်ညွှန်းစာပေဘာသာရပ်အတွက် **သန်းဝင်းလှိုင်** ၏ 'အနက်ဖော်ရခက်သော နေ့စဉ်သုံး မြန်မာဝေါဟာရများ အဘိဓာန်'၊ သုတသိပ္ပံဘာသာရပ်အတွက် **ဒေါက်တာ ခင်မောင်ညို** ၏ 'အသိဉာဏ်မဲ့ခြင်းဟာ အပြစ်လား' နှင့် အသုံးချသိပ္ပံဘာသာရပ်အတွက် **ပါမောက္ခသိန်းနှင့် ဒေါက်တာဆု** ၏ 'ဆေးပညာပေါင်းချုပ်(၂)' တို့ ဖြစ်ကြသည်။

အထက်ပါဆုများကို တစ်သက်တာ စာပေဆုအတွက် ငွေကျပ်သိန်း ၂၀ နှင့် စာအုပ်ဆုများအတွက် စာရေးဆရာတစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ ချီးမြှင့်မည် ဖြစ်သည်။

သုတစွယ်စုံစာပေဆုကို ၂၀၀၆ ခုနှစ်မှစတင်၍ နှစ်စဉ်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် (၁၃) ကြိမ်မြောက်ချီးမြှင့်ခြင်း ဖြစ်ကာ ၂၀၁၆ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များမှ ရွေးချယ်ခြင်းဖြစ်သည်။ စုစုပေါင်း ၁၂ ဆုချီးမြှင့်ရန် လျာထားသော်လည်း ယခုနှစ်အတွက် ဝိဇ္ဇာ၊ လူမှုစီးပွား၊ နိုင်ငံရေးစာပေနှင့် လူငယ်စာပေဘာသာရပ်များအတွက် ဆုချီးမြှင့်နိုင်ခြင်းမရှိ၍ ဆုရှစ်ဆုသာ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့တွင် ယခုနှစ် ဇွန်လအတွင်း၌ ကျင်းပရန် စီစဉ်ထား၍ ဆုချီးမြှင့်မည့် ရက်၊ အချိန်နှင့် နေရာကို ဆက်လက်ကြေညာမည်ဖြစ်ပြီး ဆုရရှိသူများသည် စွယ်စုံမီဒီယာဂရု(ပ်) ဖုန်း- ၀၁-၃၈၅၂၉၃၊ ၃၉၂၇၃၉၊ ၃၇၄၄၀၀ တို့သို့ အမြန်ဆုံးဆက်သွယ်သတင်းပို့ကြရန် သက်ဆိုင်ရာမှ အကြောင်းကြားထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရွှေတောင်မြို့နယ်၌ မိုးစပါး ၃၃ ဧကအတွက် ငွေကျပ် ၄၉၅၀၀၀၀ ထုတ်ချေး

**ရွှေတောင်  မေ  ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၈ခုနှစ်မိုးစပါးအတွက် မင်းတဲကျွန်းကျေးရွာအုပ်စု တောင်သူများသို့ တစ်ဧကလျှင် ကျပ်တစ်သိန်းငါးသောင်းနှုန်းဖြင့် ၃၃ ဧကအတွက် စုစုပေါင်း ငွေကျပ် ၄၉၅၀၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန် / ဆက်**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

# ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

**ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂ ။)**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၇ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဇီဝမျိုးစုံမျိုးကွဲ** ဆိုသည်မှာ ကုန်းမြေ၊ ပင်လယ်နှင့် အခြားရေဂေဟစနစ်များ၊ ၎င်းတို့ ပါဝင်နေသော ဂေဟဗေဒအရ ဆက်စပ်မှုရှိသည့် အရင်းအမြစ်အားလုံး၏ သက်ရှိများအကြား ကွဲပြားမှုကို ဆိုသည်။ ယင်းစကားရပ်တွင် မျိုးစိတ်များအတွင်း ကွဲပြားမှု၊ မျိုးစိတ်များအကြား ကွဲပြားမှုနှင့် ဂေဟစနစ်များအကြား ကွဲပြားမှုလည်း ပါဝင်သည်။

(ခ) **တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ဖွား ကျက်စားလေ့ရှိသော သို့မဟုတ် နေရင်းဒေသမှ အခြားနေရာဒေသသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသော တိရစ္ဆာန်၊ ငှက်၊ ပိုးမွှားနှင့် ရေနေသတ္တဝါတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ယင်းတို့၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်း၊ ဥ၊ ပိုးလောင်း၊ တစ်သျှူး၊ အသားစ၊ သွေးရည်နှင့် အစိတ်အပိုင်းများလည်း ပါဝင်သည်။

(ဂ) **သဘာဝအပင်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ရောက်သော အပင်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ မှိုနှင့် ရေအောက်ရှိ အပင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ယင်းတို့၏ မျိုးစေ့၊ တစ်သျှူးနှင့် အစိတ်အပိုင်းများလည်း ပါဝင်သည်။

(ဃ) **သဘာဝထိန်းသိမ်းရေးနယ်မြေ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဂေဟစနစ်များ သို့မဟုတ် ထင်ရှားသော ပထဝီအနေအထားများ တည်ရှိသည့် ဒေသများကို ရေရှည်တည်တံ့ရေးအတွက် ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ ဤဥပဒေအရ သတ်မှတ်ထားသော နယ်မြေကိုဆိုသည်။

(င) **အမာခံထိန်းသိမ်းရေးနယ်မြေ** ဆိုသည်မှာ သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်း ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲတို့ကို ရေရှည်တည်တံ့စေရန် ဤဥပဒေအရ သတ်မှတ်ထားသော နယ်မြေကိုဆိုသည်။

(စ) **ကြားခံနယ်မြေ** ဆိုသည်မှာ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း တွင်ဖြစ်စေ၊ ၎င်းနယ်မြေ၏ နယ်နိမိတ်အစပ်တွင်ဖြစ်စေ အမာခံထိန်းသိမ်းရေး နယ်မြေနှင့်ဆက်စပ်နေပြီး အမာခံထိန်းသိမ်းရေး နယ်မြေကို ထိခိုက်မှုမရှိစေဘဲ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရန်နှင့် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများဖြင့် ထုတ်ယူသုံးစွဲခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ကြားခံအဖြစ် သတ်မှတ်ထားသော နယ်မြေကို ဆိုသည်။

(ဆ) **ဂေဟစနစ်** ဆိုသည်မှာ သက်ရှိသတ္တဝါများ၊ သက်မဲ့ရုပ်ဝတ္ထုများနှင့် အပင်များ သဟဇာတဖြစ်လျက် တည်ရှိနေသည့် သဘာဝစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝဝန်းကျင်ကို ဆိုသည်။

(ဇ) **နေရင်းဒေသ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များ သဘာဝအတိုင်း ပေါက်ဖွားကျက်စားရာ နယ်မြေနှင့် အပင်များ သဘာဝအတိုင်း ပေါက်ရောက်ရာ နယ်မြေတို့ကိုဆိုသည်။

(ဈ) **တိရစ္ဆာန်ဥယျာဉ်** ဆိုသည်မှာ တိရစ္ဆာန်များကို မွေးမြူထိန်းသိမ်းပြီး သုတေသနပြုလုပ်ရန်၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အခကြေးငွေယူ၍ သော်လည်းကောင်း၊ အခမဲ့သော်လည်းကောင်း အများပြည်သူ ကြည့်ရှု လေ့လာအပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကိုဆိုသည်။

(ည) **ရုက္ခဗေဒဥယျာဉ်** ဆိုသည်မှာ သဘာဝအပင်နှင့် စိုက်ပျိုးထားသော အပင်များကို ထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်၊ ပညာပေး လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အခကြေးငွေယူ၍သော် လည်းကောင်း၊ အခမဲ့သော်လည်းကောင်း အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကိုဆိုသည်။

(ဋ) **သစ်တောနယ်မြေ** ဆိုသည်မှာ သစ်တောဥပဒေအရ ဖွဲ့စည်းထားသည့် ကြိုးဝိုင်းတောနှင့် သတ်မှတ်ကြေညာထားသည့် ကြိုးပြင် ကာကွယ်တောတို့ကို ဆိုသည်။

(ဌ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အမျိုးသားအဆင့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကြီးကြပ်မှုကော်မတီကို ဆိုသည်။

(ဍ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(ဎ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(တ) **ဝန်ကြီး** ဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ထ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သစ်တောဦးစီးဌာန ညွှန်ကြားရေး မှူးချုပ်ကို ဆိုသည်။

(ဒ) **သစ်တောအရာရှိ** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေ အုပ်ချုပ်ရေးမှူး သို့မဟုတ် သစ်တောဦးစီးဌာန၏ မြို့နယ်အဆင့် တာဝန်ခံမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် တာဝန်ခံအထိ အဆင့်ဆင့်သော အရာရှိများကို ဆိုသည်။

(ဓ) **သစ်တောဝန်ထမ်း** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ တောကြပ် အဆင့်မှ ညွှန်ကြားရေးမှူးချုပ်အဆင့်အထိ အဆင့်ဆင့်သော ဝန်ထမ်း များကို ဆိုသည်။

(န) **အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ သဘာဝထိန်းသိမ်းရေးနယ်မြေ၊ တိရစ္ဆာန် ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို စီမံအုပ်ချုပ်ရန် ညွှန်ကြား ရေးမှူးချုပ်က တာဝန်ပေးအပ်ခြင်းခံရသည့် သစ်တောအရာရှိ သို့မဟုတ် သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(ပ) **လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ ရှားပါးပြီး မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ကျရောက်နေခြင်းကြောင့် ကာကွယ်ထိန်းသိမ်းရန် သစ်တောဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သော တောရိုင်းတိရစ္ဆာန်များကို ဆိုသည်။ ယင်းစကားရပ်တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ် ခြင်းခံရသည့် တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းနှင့် ယင်းတို့ ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်း ပါဝင် သည်။

(ဖ) **သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ မျိုးဆက် ပျက်သုဉ်းမည့် အန္တရာယ်ကျရောက်မှု အခြေအနေမရှိသော်လည်း မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ခြိမ်းခြောက်ခံရသည့်အဆင့်သို့ ရောက်ရှိလာနိုင်သဖြင့် ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ သစ်တော ဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သော တောရိုင်း တိရစ္ဆာန်များကို ဆိုသည်။ ယင်းစကားရပ်တွင် အမိန့်ကြော်ငြာစာ ဖြင့် ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းနှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်း ပါဝင်သည်။

(ဗ) **ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိစ္ဆာန်** ဆိုသည်မှာ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ကျရောက်နိုင်မှုအဆင့် သို့မဟုတ် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ခြိမ်းခြောက်ခံရသည့် အဆင့် နည်းပါးပြီး အရေအတွက်ပေါများမှုရှိနေခြင်းနှင့် သဘာဝအလျောက် မျိုးဆက်ပေါက်ဖွားရှင်သန်မှု ကောင်းမွန်ပြီး ပေါများစွာ တွေ့ရှိရ ခြင်းတို့ကြောင့် အမဲလိုက်ခွင့်ပြုရန်ဖြစ်စေ၊ ယင်းတို့၏ နေရင်းဒေသ အတွင်း သဘာဝအလျောက် မျိုးဆက်ပေါက်ဖွား ရှင်သန်မှုကို ထိခိုက် မှုမရှိစေရန်ဖြစ်စေ အချိန်ကာလသတ်မှတ် ကာကွယ်ထိန်းသိမ်း နိုင်ရန်အလို့ငှာ သစ်တောဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်သော တောရိုင်းတိရစ္ဆာန်များကို ဆိုသည်။ ယင်းစကား ရပ်တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တောရိုင်းတိရစ္ဆာန်များ သို့မဟုတ် ရာသီအလိုက် ဒေသပြောင်းရွှေ့ ကျက်စားလေ့ရှိသည့် တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းနှင့် ယင်းတို့ ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်း ပါဝင်သည်။

(ဘ) **အမဲလိုက်ခြင်း** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်ကို နည်းလမ်း တစ်မျိုးမျိုးဖြင့် အနာတရ ဖြစ်စေခြင်း၊ ဖမ်းဆီးခြင်း သို့မဟုတ် သတ်ဖြတ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် တောရိုင်းတိရစ္ဆာန် ကို ခွင့်ပြုချက်မရှိဘဲ သယ်ဆောင်ခြင်းလည်း ပါဝင်သည်။

(မ) **ကွန်ဗင်းရှင်း** ဆိုသည်မှာ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန် နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း ကို ဆိုသည်။

(ယ) **မျိုးစိတ်နမူနာ** ဆိုသည်မှာ-

(၁) အရှင်ဖြစ်စေ၊ အသေဖြစ်စေ တိရစ္ဆာန် သို့မဟုတ် အပင်များ၊

(၂) ကွန်ဗင်းရှင်းပြဋ္ဌာန်းချက်အရ ကင်းလွတ်မှုရရှိထားသည့် အစိတ်အပိုင်းများ သို့မဟုတ် ဆင့်ပွားပစ္စည်းများမှတစ်ပါး နောက်ဆက်တွဲစာရင်းဝင် မျိုးစိတ်များတွင် ပါရှိသည့် မျိုးစိတ်များ၊ အပင်များ သို့မဟုတ် တိရစ္ဆာန်မျိုးစိတ်များ၏ အစိတ်အပိုင်းများ၊

(၃) နောက်ဆက်တွဲ စာရင်းဝင်မျိုးစိတ်များတွင်ပါရှိသည့် မျိုးစိတ် များ၊ ကွန်ဗင်းရှင်းပြဋ္ဌာန်းချက်အရ ဆင့်ပွားပစ္စည်းများ ဖြစ်နိုင်သည့် မည်သည့်အခြေအနေမျိုးမှဖြစ်စေ၊ တွဲဖက် ပါရှိလာသည့် စာရွက် စာတမ်း၊ အမှတ်တံဆိပ်၊ အမှတ်အသား သို့မဟုတ် ထုပ်ပိုးမှုမှဖြစ်စေ အစိတ်အပိုင်းများ သို့မဟုတ် ဆင့်ပွားပစ္စည်းများကို ဆိုသည်။

**ရှင်းလင်းချက်။** **နောက်ဆက်တွဲစာရင်းဝင်မျိုးစိတ်များ** ဆိုသည် မှာ ကွန်ဗင်းရှင်းမှ ထုတ်ပြန်သတ်မှတ်သော နောက်ဆက်တွဲစာရင်းသုံးခုတွင်ပါရှိသည့် မျိုးစိတ် များကို ဆိုသည်။

(ရ) **နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့် အပင်များ** ဆိုသည်မှာ ကွန်ဗင်းရှင်းမှ ထုတ်ပြန်သတ်မှတ်သော တိရစ္ဆာန်နှင့်အပင်များကို ဆိုသည်။ ယင်းစကားရပ်တွင် ကွန်ဗင်းရှင်းမှ ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တိရစ္ဆာန်နှင့်အပင်များ၏ အစိတ် အပိုင်း၊ သွေးရည်နှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်း ပါဝင်သည်။

**ရှင်းလင်းချက်(၁)။** **နိုင်ငံတကာကုန်သွယ်မှု** ဆိုသည်မှာ နောက်ဆက်တွဲ စာရင်းဝင် မျိုးစိတ်များကို အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ တင်ပို့ခြင်း၊ တစ်ဆင့်ခံတင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းနှင့် ပင်လယ်ပြင်မှ စတင်ထုတ်ယူခြင်း တို့ကို ဆိုသည်။

**ရှင်းလင်းချက်(၂)။** **ပင်လယ်ပြင်မှ စတင်ထုတ်ယူခြင်း** ဆိုသည်မှာ မည်သည့်နိုင်ငံ၏အချုပ်အခြာအာဏာသက်ရောက် မှုမရှိသည့် ပင်လယ်ပြင်မှ ထုတ်ယူသော မျိုးစိတ် တစ်မျိုးမျိုး၏ မျိုးစိတ်နမူနာကို မြန်မာနိုင်ငံအတွင်း သို့ သယ်ဆောင်ခြင်းကို ဆိုသည်။ ယင်းစကားရပ် တွင် ပင်လယ်ပြင် အထက်ရှိလေထု၊ ပင်လယ် ကြမ်းပြင်နှင့် ပင်လယ်ကြမ်းပြင်အောက်ရှိ မြေလွှာလည်း အကျုံးဝင်သည်။

**အခန်း (၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် မူဝါဒကို အကောင် အထည်ဖော်ရန်၊

(ခ) နိုင်ငံတော်၏ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်၊

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဂေဟစနစ်များနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသော တိရစ္ဆာန်များ ကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူ ထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်၊

(ဃ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ယင်းတို့၏ အစိတ်အပိုင်း များ၊ ယင်းတို့မှတစ်ဆင့် ထုတ်လုပ်သော ထုတ်ကုန်များ၊ ဆင့်ပွား ထုတ်လုပ်သော ပစ္စည်းများကို ကူးသန်းရောင်းဝယ်ခြင်းအား ထိန်းချုပ်ရန်၊

(င) ဘူမိရုပ်သွင်ထူးခြားသည့် နယ်မြေများ၊ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်၊

(စ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် အသိပညာပေးရေး လုပ်ငန်းများကို အထောက်အကူဖြစ်စေရန်၊

(ဆ) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ်ရန်။

**အခန်း (၃)**

**ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ အစိုးရအဖွဲ့သည်-

(က) ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာကျွမ်းကျင် ပညာရှင်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်သော အမျိုးသားအဆင့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ များ ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့် ကော်မတီကို လိုအပ်ပါက ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

*ဆက်လက်ဖော်ပြပါမည်*

# အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့

◆ မောင်ခိုင်မာ(အထက်မင်းလှ) ◆

**နှစ်စဉ် မေလ ၂၂ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့ (International Day for Biological Diversity)ဖြစ်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ သက်ရှိအားလုံးကို ဆိုလိုသည်ဖြစ်၍ သတ္တဝါဆိုင်ရာ ဆဲလ်၊ မျိုးဥ၊ သန္ဓေသား၊ အပင်ဆိုင်ရာတို့ ပါဝင်ပါသည်။ မျိုးစုံမျိုးကွဲများဘဝ၏ အဆင့်သုံးဆင့်ဖြစ်သော မျိုးရိုး၊ မျိုးစိတ်နှင့် ဂေဟ စနစ်များကို ဇီဝမျိုးစုံမျိုးကွဲများဟု သတ်မှတ်ထားပါသည်။**



ဇီဝမျိုးစုံမျိုးကွဲတို့သည် ဇီဝရပ်ဝန်းနယ်မြေရှိရာ ဒေသတွင် အများဆုံးရှိကြပြီး သဘာဝ ဝန်ဆောင်မှုအနေဖြင့် အကျိုးပြုမှုများမှာ အပင်များ ဝတ်မှုန်ကူးမှု ဂေဟစနစ်ဝန်ဆောင်မှု၊ မျိုးစေ့ပွား ဂေဟစနစ်ဝန်ဆောင်မှု၊ သက်ရှိလောက ကွန်ရက်အား ထောက်ပံ့ပေးသည့် ဝန်ဆောင်မှု၊ စားဝတ်နေရေး ထောက်ပံ့ပေးသည့် ဝန်ဆောင်မှု စသည်တို့ဖြစ်သည်။ အဆိုပါ ဝန်ဆောင်မှုများအနက် လူသားတို့၏ လိုအပ်ချက်ဖြစ်သော အစားအစာ၊ အဝတ်အထည်နှင့် အမိုးအကာ စသည့်(စားဝတ်နေရေး)တို့အတွက် မျိုးစိတ်ပေါင်း ၄၀၀၀၀ ကို အသုံးပြုနေကြောင်း သိရသည်။ ဤကဲ့သို့ အဖိုးတန်လှသည့် ဇီဝမျိုးကွဲတို့သည် ၂၀ ရာစု နောက်ပိုင်းကာလမှစတင်၍ ယိုယွင်းလာခဲ့ကြသည်။ ပြန်လည်ပြည့်ဖြိုးမြဲ သဘာဝသယံဇာတများဖြစ်သော ဇီဝမျိုးစုံမျိုးကွဲတို့ကို နည်းလမ်းမျိုးစုံဖြင့် စဉ်ဆက်မပြတ် အလွန်အမင်း သုံးစွဲနေကြခြင်းကြောင့် ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးကလည်း ဂေဟစနစ်သဘောအရ ယိုယွင်းလာသည်။ ပုံမှန်လည်ပတ်နေသော သဘာဝအနေအထား အားနည်းလာသည်။ သို့အတွက် ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင် ၁၅ တွင် “ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်အား ကာကွယ်ထိန်းသိမ်းကာ ရေရှည်တည်တံ့အောင် အသုံးပြုရေး၊ သစ်တောများ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေး၊ သဲကန္တာရများ ဖြစ်ပေါ်စေမှုအား ပပျောက်စေရေး၊ မြေယာပြုန်းတီးယိုယွင်းပျက်စီးမှု ရပ်တန့်စေရေး၊ ဇီဝမျိုးစုံမျိုးကွဲ ပြုန်းတီးမှု ရပ်တန့်စေရေး "(Goal 15- Protect, restore and promote sustainable use of terrestrial ecosystems,sustainably manage forests, combat desertification and halt and reverse land degradation and halt biodiversity loss.)ဟူ၍ ဖော်ပြတိုက်တွန်းထားပါသည်။ အဆိုပါ ပန်းတိုင်(၁၇)၏ ရည်မှန်းချက်(၅)တွင် “၂၀၂၀ ပြည့်နှစ်တွင် မျိုးသုဉ်းပျောက်ကွယ်မည့်အရေး ခြိမ်းခြောက်ခံနေရသည့် မျိုးစိတ်များကို ထိန်းသိမ်းကာကွယ်ရေး” နှင့် ရည်မှန်းချက်(၇)တွင် “ထိန်းသိမ်းကာကွယ်ထားသော သစ်ပင်ပန်းမန် မျိုးစိတ်များ၊ တောရိုင်းတိရစ္ဆာန်မျိုးစုံတို့ကို တရားမဝင် အမဲလိုက်ခြင်းနှင့် တရားမဝင် ကူးသန်းရောင်း ဝယ်ဖောက်ကားမှုများ အဆုံးသတ်ရေး” ဟူ၍ ဖော်ပြထားကြောင်းလည်း တွေ့ရှိရပါသည်။

**ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ**

အမှန်တကယ်တော့ ကမ္ဘာကြီးသည် အိမ်ဂေဟာကြီးဖြစ်၏။ အဆိုပါ ကမ္ဘာမြေ အိမ်ဂေဟာကြီးတွင် လူသားနှင့် ဇီဝမျိုးစုံမျိုးကွဲတို့သည် သဟဇာတကျကျ ညီညွတ်မှုတစ်စွာဖြင့် နေထိုင်ကြပါမှ အရှည်တည်တံ့သော ကမ္ဘာမြေဖြစ်ပေမည်။ ထိုသို့မဟုတ်လျှင် ကမ္ဘာမြေ၏ ဂေဟစနစ် (Ecosystem) ပျက်စီးကာ လူသားအပါအဝင် သက်ရှိတို့ အသက်ရှင်သန် ရပ်တည်ရေး လုံးဝမဖြစ်နိုင်တော့ပေ။ ဘုံအကျိုးတူ ပူးပေါင်းနေထိုင်သည့် (Mutualism)ဂေဟစနစ်တွင် သော့ချက် မျိုးစိတ် (Key Stone) ရှိပါသည်။ သော့ချက်မျိုးစိတ် ပျက်သုဉ်းလျှင် ထိုဂေဟစနစ် ပျက်သုဉ်းပါသည်။ ထိုအခါ ဂေဟစနစ်သဘောအရ ဂေဟစနစ်အတွင်းရှိ သက်ရှိသက်မဲ့အားလုံး ဆင့်ကဲဆင့်ကဲဆိုသကဲ့ သို့ အနှေးနှင့်အမြန် ပျက်သုဉ်း တတ်ပေသည်။ ဆိုလိုသည်မှာ ကမ္ဘာမြေတွင် Genetic Diversity ခေါ် မျိုးရိုးဗီဇစုံလင်ခြင်းကြောင့် သက်ရှိသက်မဲ့ အားလုံးတို့သည် တစ်ဦးကိုတစ်ဦး အမှီသဟဲပြုကာ ရှင်သန်နေထိုင်နိုင်ခြင်းဖြစ်ပါသည်။ သူ့အသိုက်အအုံကို ဖျက်ဆီးလျှင် ကိုယ့်အသိုက်အအုံလည်း ပျက်တတ်ပါသည်။ ဥပမာအားဖြင့် အောက်စဖို့ဒ်တက္ကသိုလ်မှ ဂေဟဗေဒပညာရှင် “ခရစ္စတိုဖာ ဒေါက်တီ” က“ရေခဲခေတ်နှောင်းအကုန်မှစ၍ ယနေ့ထိ ကြီးမားသော ကုန်း နေ၊ ရေနေ နို့တိုက်သတ္တဝါများ ကွယ်ပျောက် တိမ်ကောသွားခြင်း (သို့မဟုတ်) အရေအတွက် လျော့နည်းသွားခြင်းသည် ဂေဟစနစ်ကို ထိခိုက်ကြောင်း၊ လူ့ပယောဂကြောင့် လွန်ခဲ့သော နှစ်တစ်သောင်းခန့်က နို့တိုက်သတ္တဝါမျိုးစိတ် ၁၅၀ မှာ ပျောက်ကွယ်သွားခဲ့ကြောင်း၊ ဆင်မျိုးစိတ် ၁၆ မျိုး၊ ကြံ့မျိုးစိတ်ကိုးမျိုး၊မျောက်မောင်းမမျိုးစိတ်ရှစ်မျိုးအပါအဝင် ရေခဲခေတ်က တွေ့ခဲ့ရသော အသားမစား ကုန်းနေသတ္တဝါမျိုးစိတ် ၄၈ မျိုး အနက် မျိုးစိတ်ကိုးမျိုးသာ ကျန်တော့ကြောင်း” ဆိုပါသည်။

**တောရိုင်းတိရစ္ဆာန်များ**

ယနေ့ကမ္ဘာကြီးသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ ပူနွေးလာမှုတို့ကြောင့် တောတောင်ရေမြေသဘာဝကို အမှီပြုနေရသည့် ကျေးငှက်သားရဲတိရစ္ဆာန်တို့ စားကျက်ကျဉ်းမြောင်းလာရသည့်အပြင် လူတို့၏ ဖမ်းဆီးသတ်ဖြတ်မှုကြောင့် အချို့တိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်တော့မည်ဖြစ်၏။ လူတို့သည် တောထဲ တောင်ထဲမှ တောရိုင်းတိရစ္ဆာန်များ၊ ကျေးငှက်များကို ဖမ်းဆီးသတ်ဖြတ်စားသောက်ပြီး ပိုသည်ကို ပြန်ရောင်းခြင်းဖြင့် တစ်နိုင်တစ်ပိုင် ဖမ်းဆီးသတ်ဖြတ်ရာမှ လောဘကြီးလာပြီး စီးပွားဖြစ် အရောင်းအဝယ်စနစ် (Trade System)ဖြစ်လာကြသည်။ များများဖမ်း၊ များများရောင်း၊ ပိုက်ဆံများများရသည်ကို အလိုရှိလာကြသည်။ ကမ္ဘာလုံးဆိုင်ရာ တောရိုင်းတိရစ္ဆာန်ကူးသန်းရောင်းဝယ်မှု စောင့်ကြည့်ရေးကွန်ရက်နှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့တို့၏ လေ့လာတွေ့ရှိချက်အရ မြန်မာ၊ ထိုင်းနှင့် လာအိုနိုင်ငံတို့ နယ်နိမိတ်ချင်းထိစပ်နေသော တြိဂံဒေသ၌ ကျား၊ ဆင်၊ သင်းခွေချပ်၊ ကြံ့၊ ဝက်၊ တောင်ဆိတ်၊ အောက်ချင်း ငှက်၊ ပြောင်၊ ကျားသစ်နှင့် လိပ်စသည့် သားငှက်တိရစ္ဆာန် ၁၀ မျိုးတို့ကို တရားမဝင် ရောင်းဝယ်နေကြကြောင်း သိရသည်။ ယနေ့ အာရှမှောင်ခိုဈေးကွက်တွင် ဆင်စွယ်တစ်ကီလိုသည် ဒေါ်လာ ၂၂၀၀ ခန့်၊ ကြံ့ချိုတစ်ကီလိုလျှင် ဒေါ်လာ ၆၀၀၀ ခန့် ဈေးရှိသဖြင့် ရွှေနှင့် ပလက်တီနမ်တို့ထက် ဈေးအဆများစွာ ကြီးသကဲ့သို့ တောရိုင်းတိရစ္ဆာန်နှင့် အပင်များ တရားမဝင် ရောင်းဝယ်ခြင်းက မူးယစ်ဆေးဝါး၊ လက်နက်နှင့် လူကုန်ကူးမှု စသည့်လုပ်ငန်းများပြီးလျှင် စတုတ္ထမြောက် အကြီးမားဆုံး တရားမဝင် ရောင်းဝယ်မှုဖြစ်နေပါသည်။

အာရှနိုင်ငံများတွင် နေထိုင်ကျက်စားသော ဝက်ဝံအနက်နှင့် မလေးရှားနိုင်ငံတွင် ကျက်စားသော ဝက်ဝံမျိုးစိတ် (Sun Bear)တို့၏ သည်းခြေရည်ကိုလည်းကောင်း၊ တောင်ဆိတ်နှင့်တူသော ဆိတ်တူ၊ သမင်တူ သတ္တဝါ (Serow)၏ ဦးချို၊ အရိုးစု၊ ရှေ့ခြေထောက်၊ ဦးခေါင်း၊ သည်းခြေအိတ်နှင့် အဆီတို့ကိုလည်းကောင်း၊ ပြောင် ဦးချိုနှင့် သည်းခြေအိတ်ကို လည်းကောင်း၊ ကြံ့ဦးချိုကို လည်းကောင်း (ဦးချိုတစ်ချောင်းသာရှိသော အာရှကြံ့များကို ပို၍ ဈေးကြီးပေးဝယ်နေကြသည်)၊ သင်းခွေချပ်အသားနှင့် အကြေးခွံတို့သည်လည်းကောင်း ဆေးဖက်ဝင်သည်ဟုဆိုကာ ရောင်းဝယ်ဖောက်ကားနေကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ်အထိ ရှစ်နှစ်အတွင်း တောဆင်ရိုင်းကောင်ရေ ၁၄၀ ကျော် သေဆုံးမှုနှင့် သတ်ဖြတ်ခံရမှုရှိကြောင်း၊ ၁၉၉၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ တောဆင်ရိုင်းကောင်ရေ ၆၀၀၀ ကျော်ရှိရာမှ ယခုနောက်ပိုင်း ၂၀၀၀ မှ ၃၀၀၀ အတွင်းသာရှိတော့ကြောင်း သိရသည်။

ကမ္ဘာ့မှတ်တမ်းများအရ ကမ္ဘာအဆင့် အန္တရာယ်ကျရောက်နေသော မျိုးစိတ် ၄၄ မျိုးရှိပြီး နှစ်မျိုးမှာ မျိုးသုဉ်းလု နီးပါး (Critically Endangered)ဖြစ်ကြောင်း၊ ၁၉ မျိုးမှာ မျိုးသုဉ်းရန် အန္တရာယ်ရှိ (Endangered)နေကြောင်း၊ ၂၃ မျိုးမှာ မျိုးသုဉ်းအန္တရာယ် (Vulnerable) ကျရောက်နိုင်ကြောင်း သိရသည်။ အကြီးစား နို့တိုက်သတ္တဝါနှစ်မျိုးဖြစ်သည့် အာရှဆင်နှင့် ကျားတို့မှာ တရားမဝင် ရောင်းဝယ်မှုကြောင့် အန္တရာယ်ကြုံတွေ့နေရကြောင်း၊ ကတိုးကောင် (Black Musk Deer)၊ ခွေးဝံ/ဝက်ဝံ (Malayan Sun Bear)၊ မလေးသင်းခွေချပ် (Sunda Pangolin)နှင့် တရုတ်သင်းခွေချပ် (Chiness Pangolin)တို့အပေါ် ကြီးမားသည့် အန္တရာယ်ကျရောက်နေကြောင်း၊ ကမ္ဘာ့အဆင့် အန္တရာယ်ကျရောက်နေသော ငှက်မျိုးစိတ် ၄၆ မျိုးရှိပြီး ရှစ်မျိုးမှာ ပျက်သုဉ်းလုနီးပါး၊ ငါးမျိုးမှာ ပျက်သုဉ်းရန် အန္တရာယ်ကျရောက်နေကြောင်း သိရသည်။

**“အမှန်တကယ်တော့ ကမ္ဘာကြီးသည် အိမ်ဂေဟာကြီးဖြစ်၏။ အဆိုပါ ကမ္ဘာမြေ အိမ်ဂေဟာကြီးတွင် လူသားနှင့် ဇီဝမျိုးစုံ မျိုးကွဲတို့သည် သဟဇာတကျကျ ညီညွတ်မှုတစ်စွာဖြင့် နေထိုင်ကြပါမှ အရှည်တည်တံ့သော ကမ္ဘာမြေဖြစ်ပေမည်။ ထိုသို့ မဟုတ်လျှင် ကမ္ဘာမြေ၏ ဂေဟစနစ် ( Ecosystem) ပျက်စီးကာ လူသား အပါအဝင် သက်ရှိတို့ အသက်ရှင်သန်ရပ်တည်ရေး လုံးဝမဖြစ်နိုင်တော့”**

ယခုအခါ ကမ္ဘာအဆင့် အန္တရာယ်ကျရောက်နေသော သစ်တော သစ်ပင်မျိုးစိတ် ၄၆ မျိုးရှိပြီး ၁၄ မျိုးမှာ မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိ မျိုးစိတ်များဖြစ်ပြီး ၁၃ မျိုးမှာ မျိုးသုဉ်းရန် အန္တရာယ်ရှိနေသည်။ ၁၉ မျိုးမှာ မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်ကြောင်း WCS ထုတ်ပြန်ချက်အရ သိရပါသည်။ သို့အတွက် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးကွန်ဗင်းရှင်း၏ မဟာဗျူဟာအသစ်မှာ ၂၀၂၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှုကို အနည်းဆုံး တစ်ဝက်လျှော့ချရန်နှင့် ဖြစ်နိုင်သည့်နေရာများတွင် လုံးဝမရှိစေရန်၊ ပျက်စီးနေသည့် သစ်တောများ၏ ၁၅ ရာခိုင်နှုန်းကို ပြန်လည်အစားထိုးရန်၊ သစ်တောများကို ရေရှည်တည်တံ့စေရေး စီမံခန့်ခွဲရန်နှင့် ကာကွယ်ထားသော ဧရိယာများကို ၁၇ ရာခိုင်နှုန်းအထိ တိုးမြှင့်အောင် ဆောင်ရွက်ရန် ချမှတ်ထားပါသည်။

**မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်း**

မြန်မာနိုင်ငံသည် ၁၉၉၄ ခုနှစ်မှစတင်၍ ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်း (Convention on Biological Diversity-CBD)အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ပြည်ထောင်စုအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (NBSAP)၂၀၁၅-၂၀၂၀ ကို အကောင်အထည်ဖော်ရန် အမျိုးသားအဆင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး ကော်မတီနှင့် မူဝါဒများအား အကောင်အထည်ဖော်ရန် လုပ်ငန်းအဖွဲ့များ ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေးအတွက် တောရိုင်းတိရစ္ဆာန်များအား ကာကွယ်ရေးဥပဒေများကိုလည်း ထုတ်ပြန်ပေးထားပြီး နိုင်ငံတော်အဆင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင်ကူးသန်းရောင်းဝယ်နေမှုများကို ဥပဒေအရ ထိရောက်စွာ တားဆီးနှိမ်နင်းရေးအဖွဲ့ (National Wildlife Law Enforcement Task Force)ကလည်း လုပ်ငန်းစီမံချက်များရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် မြေမျက်နှာသွင်ပြင် ကွဲပြားခြင်းနှင့် တောင်ဘက်စွန်းရှိ ဆွန်ဒယက်သစ်တောများမှသည် မြောက်ဘက်ရှိ ဟိမဝန္တာအရှေ့ဖျားများအထိ ကျက်စားနယ်မြေ ကျယ်ဝန်းခြင်းကြောင့် ဒေသရင်းမျိုးစိတ်များ အပါအဝင် မျိုးစိတ်အများအပြား၏ မှီခိုရာနေရာ ဒေသတစ်ခုဖြစ်ပါသည်။ မြန်မာ့ရေမြေတောတောင်ထဲတွင် အပင်မျိုးစိတ် ၁၈၀၀၀ ကျော်၊ ငှက်မျိုးစိတ်ပေါင်း ၁၀၉၆ နှင့် နို့တိုက်သတ္တဝါမျိုးစိတ် ၃၀၀ ကျော် မှီတင်းနေထိုင်လျက်ရှိပါသည်။ အပင်မျိုးစိတ်များထဲတွင် သစ်ခွမျိုးစိတ် ၈၀၀ ကျော်၊ ဝါးမျိုးစိတ် ၈၀ ကျော်၊ ဆေးဖက်ဝင်အပင်မျိုးစိတ် ၈၀၀ ကျော် ပါဝင်ပါသည်။ ငှက်မျိုးစိတ်စာရင်းတွင်လည်း မြန်မာနိုင်ငံတွင်သာ တွေ့ရသော ဒေသရင်းခံငှက်မျိုးစိတ် ခြောက်မျိုးရှိပါသည်။ သို့သော် စနစ်တကျ စီမံခန့်ခွဲမှုမရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပေါင်းစပ်ညှိနှိုင်းမှု အားနည်းသည့် စီမံကိန်းများ၊ မြေအသုံးချမှု အလွဲအမှားများနှင့် သဘာဝသယံဇာတ အလွန်အကျွံထုတ်ယူသုံးစွဲခြင်းများနှင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ ကြောင့် ဇီဝမျိုးစုံ မျိုးကွဲများ ပျက်စီးပြီး တစ်ဆက်တည်းမှာပင် ဂေဟစနစ်ကို ထိခိုက်လာနေပြီဖြစ်ပါသည်။

**ဇီဝမျိုးကွဲများ ကြွယ်ဝရာသစ်တော**

သစ်တောများသည် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝလှပါသည်။ ကုန်းမြေအခြေပြုသည့် မျိုးစိတ်များ၏ သုံးပုံနှစ်ပုံသည် သစ်တောများတွင် မှီခိုရပ်တည်နေကြရပါသည်။ ဇီဝမျိုးစုံမျိုးကွဲအများစုမှာ အပူပိုင်းမိုးသစ်တောတွင် တည်ရှိနေကြပါသည်။ သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝမှုများသည် လူသားတို့အတွက် စားဝတ်နေရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မရှိမဖြစ် လိုအပ်ပါသည်။ ပျား၊ လိပ်ပြာ၊ ပိုးဖလံ၊ ယင်၊ ခရု၊ ပက်ကျိ၊ နွားချေးပိုး ကဲ့သို့သော သတ္တဝါများသည် သစ်တောဇီဝမျိုးစုံမျိုးကွဲများတွင် ပါဝင်ပြီး စိုက်ပျိုးသီးနှံများ အပါအဝင် အပင်တို့ကို ဝတ်မှုန်ကူးပေးသည့် ပိုးမွှား (Pollinators) များဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းရှိ စားသုံးသီးနှံစိုက်ပျိုးထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကို ဝတ်မှုန်ကူးပေးသော ပိုးမွှားတိရစ္ဆာန်တို့က အကျိုးပြုနေကြခြင်းဖြစ်ပါသည်။ အပူပိုင်းသစ်တောများ၏ ၇၅ ရာခိုင်နှုန်းသည် တိရစ္ဆာန်များ၏ သစ်စေ့ပျံ့နှံ့မှုကို မှီတည်နေရပြီး အာဖရိကအလယ်ပိုင်း ကျေးလက်ဒေသ လူထုအတွက် ပရိုတင်း ၈၀ ရာခိုင်နှုန်းမှာ တိရစ္ဆာန်များအပေါ် မှီတည်နေရသည်။ သို့သော် သစ်တောများရှိ နို့တိုက်သတ္တဝါများ၊ ငှက်များ၊ တွားသွားသတ္တဝါများနှင့် ရေတစ်ပိုင်း ကုန်းတစ်ပိုင်း သတ္တဝါများအား လူသားတို့က အလွန်အမင်း သုံးစွဲနေမှုကြောင့် ဂေဟစနစ်ပျက်ယွင်းကာ သစ်တောများ ခြိမ်းခြောက်ခံနေရပါသည်။ လူသားတို့၏ သစ်ထုတ်လုပ်မှုကြောင့်လည်း သစ်တောဖုံးလွှမ်းမှုဧရိယာ လျော့နည်းကျဆင်းနေပါသည်။

**ဇီဝမျိုးစုံ မျိုးကွဲ ထိန်းသိမ်းရေး**

ယနေ့ကမ္ဘာကြီးဝယ် တောရိုင်းတိရစ္ဆာန်နှင့် အပင်များသည် လူ့ပယောဂနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဂေဟစနစ် ချွတ်ယွင်းအားနည်းလာသည်မှာ အထင်အရှားဖြစ်သည်။ ဤပြဿနာကို အချိန်မီကုစားနိုင်ခြင်းမရှိပါက ကျွန်ုပ်တို့လူသားများ အသက်ရှင်ရပ်တည်ရေး များစွာခက်ခဲပါလိမ့်မည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ဇီဝမျိုးစုံမျိုးကွဲများ ပြည့်စုံသည့် ကမ္ဘာကြီးတွင် ရှင်သန်ခွင့်ရခြင်းကို ထူးကဲသည့် အခွင့်အရေးဟုခံယူပြီး အခြားတစ်ဖက်ကလည်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် လူသားတို့၏ စားဝတ်နေရေးကို အထောက်အကူပြုနေသော ဇီဝမျိုးစုံမျိုးကွဲများအား ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ▪

# ပြည်ပသတင်းမီဒီယာများပါဝင်သော သတင်းအဖွဲ့များ စစ်တွေမြို့ရှိ IDP စခန်းသို့ သွားရောက်သတင်းရယူ



**စစ်တွေ မေ ၂၁**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စရပ်များအပါအဝင် သိရှိလိုသည်များ မြေပြင်ကွင်းဆင်းသတင်းရယူမည့် ပြည်ပသတင်းမီဒီယာများပါဝင်သည့် သတင်းအဖွဲ့သည် ယနေ့ညနေ ၄ နာရီ ၃၅ မိနစ်တွင် စစ်တွေလေဆိပ်သို့ ရောက်ရှိကြသည်။

**သတင်းမီဒီယာအဖွဲ့ စစ်တွေမြို့ရှိ သက္ကယ်ပြင် IDP စခန်း၌ သတင်းရယူနေစဉ်။**

အဆိုပါသတင်းမီဒီယာအဖွဲ့သည် စစ်တွေမြို့ရှိ သက္ကယ်ပြင် IDP စခန်းသို့ ရောက်ရှိပြီး သတင်းရယူကြသည်။

သတင်းမီဒီယာအဖွဲ့တွင် Tokyo Shinbum၊ TV Asahi၊ Nikkei Shinbum၊ Yunnan၊ Xinhua၊ Guangming Daily၊ CRI၊ Myanmar Time၊ Financial Times ၊ ARD (German TV)၊ RFI ( Radio France International ) နှင့် Belgial Newspaper စသည့် သတင်းဌာနမှ သတင်းမီဒီယာများ ပါဝင်ကြသည်။

**သတင်းစဉ်**

# စစ်တွေမြို့ပေါ်ရှိ လူနေရပ်ကွက်အချို့၌ သောက်သုံးရေလုံလောက်စွာရရှိရေး ဒေသခံပြည်သူများနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိ

**စစ်တွေ မေ ၂၁**

ရခိုင်ပြည်နယ် စစ်တွေမြို့ပေါ်ရှိ လူနေရပ်ကွက်အချို့တွင် ယခုနှစ်မေလအတွင်း သောက်သုံးရေ ရှားပါးလျက်ရှိနေကြောင်း သိရသည်။

စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်များကို စစ်တွေကန်တော်ကြီးအပါအဝင် ဆတ်ရိုးကျအမှတ် (၁) နှင့် အမှတ် (၂) ရေသိုလှောင်ကန်များမှ အဓိကဖြန့်ဖြူးပေးဝေလျက်ရှိသော်လည်း ယခုနှစ်မိုးရာသီတွင် အဆိုပါ ရေလှောင်ကန်များအတွင်း ရေပေးဝေသိုလှောင်နိုင်မည့် ပြည့်မီသည့် မိုးရေချိန်မရရှိခြင်းကြောင့် ရေရှားပါးရခြင်းဖြစ်ကြောင်းလည်း သိရသည်။

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မိုးက “စစ်တွေမြို့ပေါ်က ရပ်ကွက်တွေကို ရေပေးဝေရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ ကန်တော်ကြီး ရေလှောင်ကန်၊ ဆတ်ရိုးကျအမှတ် (၁) နဲ့ အမှတ်(၂) ရေလှောင်ကန်တွေကနေ အဓိကရေဖြန့်ဖြူးပေးနေပါတယ်၊ ပြီးခဲ့တဲ့နှစ် မိုးရာသီကုန်တဲ့အချိန်အထိ အဲဒီရေလှောင်ကန် တွေအတွက် ကန်ရေဖြည့်ပမာဏကို ပြည့်မီအောင် သိုလှောင်နိုင်တဲ့မိုးရေချိန် မရရှိခဲ့ဘူး၊ အဲလိုသိုလှောင်နိုင်ခြင်းမရှိတဲ့အချိန် ပုံမှန်ရေပေးဝေရေးဆောင်ရွက်တဲ့အခါ မေ ၁၅ ရက်နောက်ပိုင်းမှာ ကန်တော်ကြီးရေသိုလှောင်မှုဟာ လုံးဝကုန်သလောက်နီးပါး ဖြစ်သွားပါတယ်၊ ဆတ်ရိုးကျ ရေသိုလှောင်ကန်တွေရဲ့ လက်ကျန်အနေအထားကလည်း ဇွန်လ ပထမအပတ်အထိ ရေပေးဝေနိုင်ဦးမယ်လို့ ခန့်မှန်းထားပါတယ်၊ ကန်တော်ကြီး သိုလှောင်ရေ လုံးဝပြတ်သွားရင် ပြည်သူတွေဆီကို ရေဆက်လက်ဖြန့်ဖြူးပေးနိုင်မယ့် အစီအစဉ်တွေရေးဆွဲဆောင်ရွက်နေပါတယ်၊ လက်ရှိလည်း အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်” ဟု ပြောသည်။

ထို့ပြင် ရေရယူနိုင်မည့်ရေအရင်းအမြစ်ဆိုင်ရာများ၊ ရေပေးဝေဖြန့်ဖြူးနိုင်မည့် အစီအမံများကိုလည်း ၎င်းက ဆက်လက်ရှင်းပြသည်။

“ရေဖြန့်ဖြူးနိုင်ဖို့ နည်းလမ်း သုံးသွယ်ရှိပါတယ်၊ ပထမနည်းလမ်းက မြို့ကို ပေးနေတဲ့ ရေပိုက်လိုင်းတွေအနီးမှာ လေးလက်မအဝီစိရေတွင်းတွေ တူးဖော်ပြီး ပိုက်လိုင်းတွေထဲကို ရေအကူထည့်မယ့် နည်းလမ်းဖြစ်ပါတယ်၊ ဒုတိယအစီအစဉ်က ရေလိုအပ်တဲ့ ရပ်ကွက်တွေကို ရေသယ်ယာဉ်တွေနဲ့ ရေဖြန့်ဖြူးမယ့် နည်းလမ်းဖြစ်ပါတယ်၊ တတိယ နည်းလမ်းကတော့ ရေလိုအပ်တဲ့ ရပ်ကွက်အသီးသီးမှာ ယခင်နှစ်များ နည်းတူ မြေအောက်ရေအဝီစိတွင်းတွေ တူးဖော် ဆောင်ရွက်ပေးတဲ့ နည်းလမ်းတွေဖြစ်ပါတယ်၊ အဲဒီအစီအမံတွေနဲ့ ပတ်သက်ပြီး မေ ၁၃ ရက်က မြို့မိ မြို့ဖတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့တို့တွေ့ဆုံပြီး ရေရရှိဖြန့်ဖြူးပေးနိုင်မယ့် နည်းလမ်းတွေကို ရှင်းလင်းတင်ပြပြီး ပြည်သူတွေရဲ့အကြံဉာဏ်တွေကိုပါ ရယူနိုင်ခဲ့ပါတယ်၊ ရေသယ်ယာဉ်နဲ့ ဖြန့်ဖြူးရမယ်ဆိုရင် ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေကိုလည်း ပေးထားပြီးဖြစ်ပါတယ်၊ ရေကိုအလွယ်တကူရယူနိုင်ဖို့ အွန်လိုင်းပေါ်မှာ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေ ရေးသားတင်ပြထားသလို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေက တစ်ဆင့်လည်း ဆက်သွယ်နိုင်ဖို့ စီစဉ်ထားပါတယ်၊ ကျွန်တော်တို့ဆီကို ဆက်သွယ်လာတဲ့အခါ ဌာနပိုင်ယာဉ်၊ မီးသတ်ဦးစီးဌာနပိုင်ယာဉ်တွေအပါအဝင် တခြားယာဉ်တွေကိုပါ အသုံးပြုပြီး ရေဖြန့်ဖြူးပေးနေပါတယ်၊ ရေပိုက်လိုင်းတွေ အနီးမှာ ရေအကူထည့်ပေးခြင်း အစီအစဉ်ကို မြေအောက်ရေတွင်း ၁၆ တွင်းတူးဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်၊ စစ်တွေမြို့မှာ ရှိနေတဲ့ လူဦးရေအနေအထားနဲ့ ယခင်ရေအရင်းအမြစ် ရယူနိုင်မှုတွေ အပေါ်မှာ သတိထားရမယ့် အနေအထား ဖြစ်လာပါတယ်၊ ဒါကြောင့် ရေအရင်းအမြစ်အသစ်ရနိုင်မယ့် နည်းလမ်းတွေနဲ့ ရေချွေတာသုံးစွဲရမယ့် နည်းလမ်းတွေကို နောင်နှစ်မိုးရာသီစကတည်းက စီစဉ်ဆောင်ရွက်သွားဖို့ ရှိပါတယ်။

“အချို့ရပ်ကွက်တွေမှာ မြေအောက်ရေရရှိသုံးစွဲနေတဲ့ရပ်ကွက်တွေရှိသလို အချို့ရပ်ကွက်တွေမှာ အုတ်ရေတွင်းကြီးတွေနဲ့ မြေသားရေလှောင်ကန်ကြီးတွေရှိပါတယ်၊ ရေရှားပါးမှုကို အထောက်အကူဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

“မိဇ္ဈ၊ မင်းဂံ၊ ဉဿဝတီ၊ ကုန်တန်းနဲ့ ရွှေပြားရပ်ကွက်တွေအပါအဝင် ဆင်ကူးလမ်းဘက်တွေကို ရေပို့ဆောင်ဖြန့်ဖြူးပေးနေရပါတယ်၊ ကျွန်တော်တို့ဆီကို ဆက်သွယ်လာလို့ ရေဖြန့်ဖြူးပေးဝေတဲ့ အခါ အခကြေးငွေနဲ့ ပို့ဆောင်ဖြန့်ဖြူးပေးခြင်းမရှိပါဘူး၊ ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့အနေနဲ့ မြို့မိမြို့ဖတွေ အပါအဝင် မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးတွေကို တွေ့ဆုံပြီး အများပြည်သူ သောက်သုံးရေပြတ်တောက်မှု မရှိစေရေးအတွက် မကြာမီ ထပ်မံတွေ့ဆုံဆွေးနွေးကြဦးမှာဖြစ်ပါတယ်၊ ရေရှားပါးပြတ်တောက်မှု မရှိအောင် ဝိုင်းဝန်းကူညီ ပေါင်းစပ်ဆောင်ရွက်ပေးနေကြတဲ့ ပြည်သူတွေကို အထူးကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်” ဟု အမှုဆောင်အရာရှိ ဦးကျော်မိုးက ရှင်းပြသည်။

“မေ ၁၇ ရက်နဲ့ ၁၈ ရက်တွေမှာ ရေပိုက်ကလာတဲ့ ရေပြတ်သွားပါတယ်၊ အဲဒါနဲ့ စည်ပင်ကို ဆက်သွယ်အကြောင်းကြားပြီး ရေကိုသုံးစွဲနေပါတယ်၊ ရေကို အနည်ခံသုံးစွဲ နေရပါတယ်၊ မိမိအစီအစဉ်နဲ့ ၅၀၀ လီတာကို ကျပ်သုံးထောင်ပေးပြီး ဝယ်ယူသုံးစွဲတာလည်း ရှိပါတယ်၊ သောက်ရေအတွက်ကတော့ ၂၀ လီတာဆံ့ရေသန့်ဘူးကို တစ်ဘူးငွေကျပ် ၅၀၀ နဲ့ဝယ်ယူ သောက်သုံးနေပါတယ်” ဟု စစ်တွေမြို့က သဲရပ်ကွက်မှ ဦးဟန်လင်းနိုင်က ပြောသည်။

**မင်းမင်းဇော်(ကလေး)**

# မောင်တောခရိုင်အတွင်းရှိ တိုင်းရင်းသားကျေးရွာ ၁၀ ရွာ၌ ငါးကန် ၁၀ ကန်တူးဖော်

**မောင်တော မေ ၂၁**

ပြည်နယ်အစိုးရ၏ အထွေထွေပိုလျှံငွေမှ ရရှိသော ဘတ်ဂျက်ဖြင့် မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ မြို့နယ်အတွင်းရှိ တိုင်းရင်းသားကျေးရွာ ၁၀ ရွာတွင် ငါးမွေးကန် တစ်ကန်နှုန်းဖြင့် ငါးကန် ၁၀ ကန် တူးဖော်ပေးလျက်ရှိကြောင်း ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှ သိရသည်။

ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်သည့် အဓိက ရည်ရွယ်ချက်မှာ ဒေသခံ တိုင်းရင်းသားများ ငါးစားသုံးမှု ဖူလုံရန်ဖြစ်ပြီး ဒေသငါးစားသုံးမှုဖူလုံပါက နိုင်ငံခြားတင်ပို့မည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးကန်များမှ ရရှိလာသည့် ငါးများရောင်းရငွေကိုလည်း ကျေးရွာအတွက်ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ကာ နောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်သို့ သာမက အာရပ်နိုင်ငံများသို့ပင် တင်ပို့နိုင်ရန် စီစဉ်လျက်ရှိကြောင်း ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးထွန်းတင်က ပြောကြားသည်။

မောင်တောမြို့နယ် အတွင်းရှိ တိုင်းရင်းသားကျေးရွာ ၁၀ ရွာတွင် တစ်ရွာလျှင် တစ်ဧကအကျယ်အဝန်းရှိ ငါးကန်တစ်ကန် နှုန်းတူးဖော်ပေးလျက်ရှိရာ ယခုအခါ ငါးကန်ရှစ်ကန်မှာ ၁၀၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



**မြို့သစ်တိုင်းရင်းသားကျေးရွာ၌ ရေချိုငါးမွေးမြူရေးကန် တစ်ကေတူးဖော်ပြီးစီးမှုကို တွေ့ရစဉ်။**

“၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ ဘတ်ဂျက်စရတာနဲ့ မြို့နဲ့နီးတဲ့ တိုင်းရင်းသားရွာတွေမှာ စတင်ပြီးတော့ တူးဖော်တာ ရှစ်ကန်ပြီးစီးနေပါပြီ၊ အခုဆိုရင် ရွှေရင်အေး၊ ဇာဒိကုန်း၊ မြို့သစ်၊ သရေကုန်းဘောင်၊ နန်းရာကိုင်း၊ အောင်သာယာ၊ သုခမြိုင်နဲ့ မြဝတီကျေးရွာတွေမှာတော့ တူးဖော်ပြီးစီးခဲ့ပါပြီ၊ ကျန်တဲ့ သစ်တုံးနားခွဆုံကျေးရွာနဲ့ ခုံတိုင်ကျေးရွာကတော့ လမ်းပန်းဆက်သွယ်ရေးနဲ့ စက်ယန္တရားအခက်အခဲကြောင့် နည်းနည်းနှောင့်နှေးနေတာဖြစ်ပါတယ်၊ အဲဒီနှစ်ရွာဘက်ကို သွားမယ်ဆိုရင်စက်ယန္တရားတွေသယ်ဖို့ ကားတွေငှားရမယ်၊ အဲဒါအတွက်က တစ်မိုင်ကို ငွေကျပ်ငါးသောင်း နှုန်းတောင်းတယ်၊ ခွင့်ပြုတာက ငွေကျပ်သိန်း ၆၀၊ သယ်ယူစရိတ်ကတင် ငွေကျပ်သိန်း ၄၀ လောက်ဆိုတော့ ကန်တူးတဲ့ဆီ မရောက်ခင်မှာပဲ ကုန်ကျစရိတ်က ကြီးနေတယ်၊ လုပ်ငန်းရှင်ရှာရင်းနဲ့ကျမှ အဲဒီရွာဘက်က ဆောက်လုပ်ရေး လုပ်ငန်းခွင်မှာ ရောက်နေတဲ့ ယန္တရားတွေ၊ မြေတူးစက်တွေကို အကူအညီတောင်းဖို့တော့ ညှိနှိုင်းထားပါတယ်၊ အဲဒီရွာတွေကိုလည်း အခုမေလကုန်မှာ အပြီးတူးဖော်မှာ ဖြစ်ပါတယ်၊ ငါးကန်တွေ တူးပေးပြီးရင် ဇူလိုင်လလောက်မှာ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ တီလားပီးယား၊ ထိုင်းငါးခုံးမသားပေါက်လေးမျိုးကို အကြမ်းဖျင်း အကောင်ရေ ၃၀၀၀ ကနေ ၅၀၀၀ ထည့်သွင်းပေးမှာဖြစ်ပါတယ်” ဟု ဦးထွန်းတင်က ပြောသည်။

အဆိုပါကျေးရွာ ၁၀ ရွာရှိ ငါးကန်များကို တစ်ကန်လျှင် ငွေကျပ် သိန်း ၆၀ နှုန်းဖြင့် ပြည်နယ်အစိုးရအဖွဲ့အထွေထွေပိုလျှံငွေဖြင့် ငါးလုပ်ငန်းက ဦးစီး၍ တူးဖော်ခြင်းဖြစ်သည်။

အဆိုပါ ငါးမွေးမြူရေးကန်များအား ကျေးရွာပိုင်ကန်များအဖြစ် သတ်မှတ်ပေးမည် ဖြစ်ပြီး ငါးကန်ထိန်းသိမ်းရေးနှင့် ငါးများအား စနစ်တကျမွေးမြူရေး၊ ငါးဖမ်းဆီးရေး လုပ်ငန်းများမှ ရရှိသော ငါးများနှင့် ဝင်ငွေကို စီမံခန့်ခွဲနိုင်ရန် ကျေးရွာတစ်ရွာချင်းစီတွင် ငါးဦးတစ်ဖွဲ့စီဖွဲ့စည်း၍ ဆောင်ရွက်ပေးမည်ဖြစ်ကာ ငါး လုပ်ငန်းဦးစီးဌာနမှ နည်းပညာနှင့် ငါးသားပေါက်များ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇင်ဦး၊ နိုင်လင်းကြည်**

**ဓာတ်ပုံ - သီဟစည်သူ**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းများဆောင်ရွက်

**နေပြည်တော် မေ ၂၁**

မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်ရဲတပ်ကင်းစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်းနှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

### မြေပြင်လှည့်ကင်းများ ဆောင်ရွက်

နှစ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မေ ၁၄ ရက်တွင် နယ်ခြားမှတ်တိုင် ၄၆ မှ ၄၇ အထိလည်းကောင်း၊ မေ ၁၆ ရက်တွင် နယ်ခြားမှတ်တိုင် ၄၇ မှ ၄၈ အထိနှင့်၃၈ မှ ၃၉ အထိလည်းကောင်း၊ မေ ၁၇ ရက်တွင် နယ်ခြားမှတ်တိုင် ၄၈ မှ ၄၉ အထိလည်းကောင်း၊ မေ ၂၀ ရက် တွင် နယ်ခြားမှတ်တိုင် ၄၉ မှ ၅၀ အထိနှင့် ၃၉ မှ ၄၀ အထိလည်းကောင်း မြေပြင်လှည့်ကင်းများ ဆောင်ရွက်ခဲ့ကြသည်။

### ရေကြောင်းကင်းလှည့်

ကုန်းမြေနယ်နိမိတ်တွင် နှစ်ဖက်ညှိနှိုင်းချက်အရ Coordinated Patrol ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ၁၄ ကြိမ်၊ မတ်လတွင် ၇ ကြိမ်၊ မေလတွင် ၁၅ ကြိမ် စုစုပေါင်း ၃၆ ကြိမ်နှင့် နတ်မြစ်ကြောင်းအတိုင်း ရေကြောင်းကင်းလှည့်ခြင်းကို စုစုပေါင်း ၄ ကြိမ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်မှုစတင်ပြုလုပ်

**ရန်ကုန် မေ ၂၁**

မြန်မာ့လက်ရွေးစင်အသင်းသည် တရုတ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် ယနေ့ညနေ ၆ နာရီမှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ ပြည်တွင်းလိဂ်ပြိုင်ပွဲဖြစ်သည့် MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၂) မှာ မေ ၂၀ ရက်မှ ပြီးဆုံးခဲ့သောကြောင့် မြန်မာ့လက်ရွေးစင်အသင်းသည် ညနေပိုင်းမှ လေ့ကျင့်မှုစတင်ပြုလုပ်နိုင်ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၂၂ ဦး ဖွဲ့စည်းထားပြီး ယခင်ရွေးချယ်ထားသည့် ကစားသမားများအနက် ဘယ်နောက်ခံလူ နန္ဒကျော် (မကွေး) မှာ ဒဏ်ရာပြဿနာကြောင့် အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ပြီး မြန်မာအသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် မြန်မာ ယူ-၂၁ အသင်းနောက်ခံလူ စိုးမိုးကျော် (အား/ကာသိပ္ပံ) ကို အစားထိုးရွေးချယ်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် တရုတ်အသင်းနှင့်ခြေစမ်းပွဲအတွက် ရန်ကုန်မြို့၌ သုံးရက်၊ တရုတ်နိုင်ငံ၌ တစ်ရက်သာ လေ့ကျင့်ပြင်ဆင်ချိန်ရမည်ဖြစ်သည်။

တရုတ်ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းနှင့် လိဒ်ယူနိုက်တက်အသင်း ခြေစမ်းပွဲပြီးမှ ခြေစမ်းပွဲကစားရန် ကမ်းလှမ်းခဲ့သောကြောင့် မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းခြေစမ်းပွဲအတွက် ပြင်ဆင်ချိန်နည်းပါးခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် အန်တွမ်နီဟေးသည် မြန်မာ ယူ-၂၃ အသင်း ယှဉ်ပြိုင်မည့် အာရှအားကစားပြိုင်ပွဲအတွက် ဦးစွာပြင်ဆင်ရမည်ဖြစ်သောကြောင့် တရုတ်အသင်းနှင့် ခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင်အသင်းကို ဖွဲ့စည်းရာတွင် လူငယ်ကစားသမားများကို ဦးစားပေးရွေးချယ်ခဲ့သည်။

တရုတ်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်းတွင် **အုပ်ချုပ်သူ** - ဦးဘုန်းနိုင်ဇော်၊ နည်းပြချုပ် - အန်တွမ်နီဟေး၊ **လက်ထောက်နည်းပြများအဖြစ်** - ဟာလက်၊ ဦးစိုးမြတ်မင်း၊ **ဂိုးနည်းပြ** - ကာစတန်၊ **အသင်းအတွင်းရေးမှူး**- ဦးမိုးဝေအောင်၊ **ဂိုး** - ကျော်ဇင်ထက် (ရန်ကုန်)၊ ကျော်ဇင်ဖြိုး(မကွေး)၊ **နောက်တန်း**- ဇော်မင်းထွန်း၊ မင်းကျော်ခန့် (ရန်ကုန်)၊ ထိုက်ထိုက်အောင်၊ ဒေးဗစ်ဒန်း (ရှမ်း)၊ သိန်းသန်းဝင်း၊ ရဲရင့်အောင် (ရတနာပုံ)၊ စိုးမိုးကျော်(အား/ကာသိပ္ပံ)၊ **အလယ်တန်း**- လှိုင်းဘိုဘို၊ ရဲကိုဦး၊ မျိုးကိုထွန်း၊ စည်သူအောင် (ရတနာပုံ)၊ ဝေယံဦး (မြဝတီ)၊ မောင်မောင်စိုး (မကွေး)၊ မောင်မောင်လွင်၊ ကျော်ဇင်ဦး (ရန်ကုန်)၊ ရန်နိုင်ဦး (ရှမ်း)၊ **ရှေ့တန်း** - အီစိုး (ရန်ကုန်)၊ ဇင်မင်းထွန်း၊ ဒွေးကိုကိုချစ် (ရှမ်း)၊ အောင်မြင့်ထွန်း (မကွေး)တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲကစားရန် မေ ၂၄ ရက် နံနက်ပိုင်းတွင် ထွက်ခွာမည်ဖြစ်ပြီး ခြေစမ်းပွဲကို မေ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**




မြန်မာ့လက်ရွေးစင်အသင်း မေ ၂၁ ရက် ညနေပိုင်းက လေ့ကျင့်နေစဉ်။

## ဥရောပထိပ်တန်းလိဂ် လာလီဂါနှင့် စီးရီးအေပွဲစဉ်များပြီးဆုံး

ဥရောပထိပ်သီးလိဂ်များဖြစ်သည့် လာလီဂါ၊စီးရီးအေတို့၏အမှတ်ပေးပြိုင်ပွဲများ ယခုအပတ် ပြီးဆုံးခဲ့ပြီဖြစ်ရာ စပိန်လာလီဂါတွင် ဘာစီလိုနာတို့ ဗိုလ်စွဲခဲ့သလို အီတလီစီးရီးအေကို ဂျူဗင်တပ်စ်အသင်းရရှိခဲ့ပြီး ဖြစ်သည်။

စပိန်လာလီဂါတွင် မေ ၂၁ ရက် နံနက်ပိုင်း၌ နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ခဲ့သည့် ဘာစီလိုနာနှင့် ဆိုစီဒက်ပွဲတွင် ဘာစီလိုနာအသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယင်းပွဲသည် ဘာစီလိုနာဝါရင့်ကွင်းလယ်ကစားသမား အင်နီယေစတာ၏ နောက်ဆုံးပွဲစဉ်ဖြစ်ပြီး အိမ်ကွင်းတွင် ပရိသတ်များကလည်း နှုတ်ဆက်အားပေးခဲ့သည်။ စပိန်လာလီဂါပွဲစဉ်အပြီးတွင် လာမည့်ရာသီအတွက် ရပ်တည်မှုဖြင့် ဘာစီလိုနာ၊ အက်သလက်တီကို၊ ရီးရဲလ်မက်ဒရစ်၊ ဗလင်စီယာတို့လေးသင်းသည် ချန်ပီယံလိဂ် ဝင်ရောက်ခဲ့ပြီး ဗီလာရီးရဲလ်သည် ယူရိုပါလိဂ်အဆင့် တိုက်ရိုက်ဝင်ရောက်ကာ ရီးရဲလ်ဘက်တစ်သည် ယူရိုပါလိဂ်ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဒီပိုတီဗို၊ လက်စ်ပါမက်၊ မာလာဂါတို့သည် တန်းဆင်းခဲ့ရသည်။

အီတလီစီးရီးအေပွဲစဉ်များသည်လည်း မေ ၂၁ ရက်တွင် နောက်ဆုံးယှဉ်ပြိုင်ခဲ့ပြီး ဂျူဗင်တပ်စ်၊ နာပိုလီ၊ ရိုးမား၊ အင်တာအသင်းတို့ ချန်ပီယံလိဂ်ဝင်ရောက်ခဲ့ပြီး လာဇီယိုအသင်းသည် အင်တာအသင်းနှင့် ရမှတ် ၇၂ မှတ်တူညီနေပြီး ဂိုးကွာခြားမှုရှိသော်လည်း ထိပ်တိုက်တွေ့ဆုံမှုရလဒ်ကြောင့် ယူရိုပါလိဂ်အဆင့်၌သာ ကျေနပ်ခဲ့ရသည်။ အေစီမီလန်သည် ယူရိုပါလိဂ် ခြေစစ်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး ခရိုတုန်း၊ ဗီရိုနာ၊ ဗင်နီဗန်တိုအသင်းတို့မှာ တန်းဆင်းခဲ့ရသည်။

ဂျာမန်ဘွန်ဒက်စ်လီဂါ တွင် ဘိုင်ယန်မြူးနစ်၊ ရှော်လ်ကေး၊ ဟော်ဖန်ဟိန်းနှင့် ဒေါ့မွန်တို့မှာ ချန်ပီယံလိဂ်ဝင်ရောက်ခဲ့သည်။ လေဗာကူဆင်သည် ယူရိုပါလိဂ်သို့တိုက်ရိုက်ဝင်ခဲ့ပြီး လိုက်ဖ်ဇစ်အသင်းမှာ ယူရိုပါလိဂ်ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဟမ်းဘတ်နှင့် ကိုလုံးတို့သည် တိုက်ရိုက်တန်းဆင်းခဲ့ပြီး ဝုဖ်ဘတ်သည် တန်းတက်အသင်း ဟော့စတိန်းကီးလ်နှင့် တန်းမဆင်းရေး ယှဉ်ပြိုင်ရဦးမည် ဖြစ်သည်။

**သီဟ**

## စားသောက်ဆိုင်၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်ပစ်ဗုံးတစ်လုံး ဖမ်းမိ

**သထုံ မေ ၂၁**

မွန်ပြည်နယ် သထုံမြို့နယ် သုဓမ္မဝတီ မြို့သစ် ထောင်မှူးကျေးရွာအုပ်စု ဝါးပါးဆည်အနီးရှိ Two Lake စားသောက်ဆိုင်တွင် မေ ၂၁ ရက် မွန်းလွဲပိုင်းက သတင်းအရ ဝင်ရောက်စစ်ဆေးရာမှ လာရောက်စားသောက်သူ တစ်ဦးထံမှ WY စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ လက်ပစ်ဗုံးတစ်လုံးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး သတင်းအရ သထုံခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်အောင်သူနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ စားသောက်ဆိုင်အတွင်း ဝင်ရောက်ရှာဖွေရာ အခန်းအမှတ် ၄၀၄ တွင် ရောက်ရှိနေသော စောမင်းဝေ (၃၅ နှစ်) ဘားအံမြို့နေသူထံမှ ၎င်းဝတ်ဆင်ထားသော ဘောင်းဘီအိတ်ကပ်ထဲမှ လက်ပစ်ဗုံးတစ်လုံးနှင့် စားပွဲပေါ်တွင်တင်ထားသည့် ဆိုင်ကယ်ဦးထုပ်အတွင်းမှ အပြာရောင်ကပ်ခွာအိတ်များဖြင့် ထည့်ထားသည့် WY ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၅၆၈ ပြားနှင့် အစိမ်းရောင် ခြောက်ပြား စုစုပေါင်း ၅၇၄ ပြား၊ ကာလတန်ဖိုး ငွေကျပ်၂၈ သိန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ ပေါက်ကွဲစေတတ်သော ပစ္စည်းကိုင်ဆောင်ပြီး မူးယစ်ဆေးဝါးမှု ကျူးလွန်သူ စောမင်းဝေအား သုဓမ္မဝတီနယ်မြေရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးအမှုနှင့်ပတ်သက်၍ တရားလိုပြသက်သေတစ်ဦးအား ယနေ့စစ်ဆေး

ရန်ကုန် မေ ၂၁

**မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များအက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် ကိုသက်ဦးမောင်(ခ)ဝလုံးနှင့် ကိုကျော်စိုးဦး(ခ)မိုးအောင်တို့ အမှုနှင့်ပတ်သက်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က ယနေ့ နံနက် ၁၀ နာရီတွင် တရားလိုပြ သက်သေအဖြစ် နေပြည်တော် နည်းပညာမှုခင်းစုံစမ်းစစ်ဆေးရေးဌာနမှ ရဲအရာရှိတစ်ဦးအား ရုံးရှေ့၌ စစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။**

**ပြန်လည်ချိန်းဆိုထား**

ယင်းအမှုနှင့်ပတ်သက်၍ ယနေ့ ရုံးထုတ် စစ်ဆေးမှုပြုလုပ်ခဲ့ရာ၌ တရားလိုပြသက်သေ ၂၅ ဦး တင်ပြထားရာမှ ရုံးချိန်းပေါင်း ၁၉ ချိန်းရှိပြီး လိုပြသက်သေ ၂၀ ဦး မြောက်တွင် ယခုစစ်ဆေးနေသူအား မနက်ဖြန် ဆက်လက်စစ်ဆေးသွားရန် ရှိသေးသဖြင့် မေ ၂၂ ရက်ကို ပြန်လည်ချိန်းဆိုထားကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်း က "ဒီကနေ့ ကျွန်မတို့ မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှုအမှတ် ၄ တရားလို ရဲမှူးကြီး ယုနိုင်ပြစ်မှုကျူးလွန်သူ သက်ဦးမောင်(ခ)ဝလုံးပါ -၂ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေ ပုဒ်မ ၃(၁)(ဂ) အရ စွဲဆိုမှုကနေ ယနေ့ တရားလိုပြသက်သေဖြစ်တဲ့ နေပြည်တော် နည်းပညာစုံစမ်းစစ်ဆေးရေးဌာနက ဌာနစုမှူး ရဲမှူးအောင်ကျော်ဆန်းကို စစ်ဆေးပါတယ်၊ အဲဒီမှာ သက်သေခံတင်သွင်းတဲ့ စာရွက်စာတမ်းနဲ့ ပတ်သက်ပြီး စစ်ရင်းနဲ့ ရုံးချိန်းကုန်သွားတော့ တရားရုံးလုပ်ထုံးလုပ်နည်းအရ လက်ခံသင့်၊ မသင့် ဆုံးဖြတ်ရမှာဖြစ်လို့ မနက်ဖြန် မေ ၂၂ ရက်ကိုပဲ ချိန်းဆိုထားတာပါ" ဟု ပြောကြားသည်။

**တင်ပြထား**

မီဒီယာများ မေးမြန်းမှုကို ဆက်လက်၍ ပြောကြားသည်မှာ "ဒီအမှုရဲ့ လိုပြသက်သေတစ်ဦးအဖြစ် ပါရှိတဲ့ ရဲတပ်ကြပ်ကြီး ခင်မောင်လင်းကို ရဲအက်ဥပဒေအရ ရဲတပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်လိုက်တယ်၊ နုတ်ထွက်သွားပြီး ရဲတပ်ရင်းမှာမရှိတော့ဘူး၊ ဘယ်အရပ်ရောက်နေမှန်း မသိဘူးလို့ မှုခင်းရဲတပ်ဖွဲ့က ယခင်ရုံးချိန်းတုန်းက တင်ပြထားတာရှိတယ်၊ သက်သေအဖြစ်တော့ ပယ်မထားဘူး၊ တရားစွဲအဖွဲ့အစည်းက နေရပ်လိပ်စာ အပြည့်အစုံတင်ပြပေးမယ်လို့ တင်ပြထားပါတယ်"ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မြေပုံမြို့နယ် တုတ်ချောင်းကျေးရွာ၌ ခိုးဝင်လာသူ ၁၁ ဦးကို ဖမ်းဆီးရမိ

**မြေပုံ မေ ၂၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် တုတ်ချောင်းကျေးရွာအနီး ဘုန်းကြီးကျောင်းထဲ ရေတောင်းသောက်ရန် လာရောက်သည့် တရားမဝင် ရောက်ရှိလာသူ ၁၁ ဦးအား ဖမ်းဆီးရမိသည်။

မြေပုံမြို့နယ် တုတ်ချောင်းကျေးရွာအနီး တောင်ပေါ်မှဆင်းလာသော တရားမဝင်လာရောက်သူ ၁၁ ဦးရှိကြောင်း သတင်းအရ မေ ၂၁ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ယောချောင်းတံတား ရဲကင်းမှူး ဒုရဲအုပ် ကျော်ဝင်း ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များနှင့် တုတ်ချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးလပြည့်အောင်တို့ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ၁၁ ဦးတို့ အား ဖမ်းဆီးခဲ့သည်။

**ရှာဖွေလျက်ရှိ**

၎င်းတို့အား စစ်ဆေးခဲ့ရာ ကျောက်တော်မြို့နယ် တောင်ထောင်ဟယာရွာမှ ဖြစ်ပြီး လူကြီး ခြောက်ဦးနှင့် လူငယ်နှစ်ဦးတို့မှာ တုတ်ချောင်းကျေးရွာ ဘုန်းကြီးကျောင်းအနီး တောထဲသို့ ထွက်ပြေးတိမ်းရှောင်နေကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ မြေပုံမြို့နယ် ရဲတပ်ဖွဲ့မှူး ကျော်စိုးခိုင် ဦးစီးပြီး ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းပြီး ရှာဖွေလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်တားဆီးစစ်ဆေးစဉ် ပိတောက်ခွဲသားရွေတုံးများ ဖမ်းမိ

**နေပြည်တော် မေ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၅၉ စီး ၊ သွင်းကုန် ၉၆၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈ စီး ၊ သွင်းကုန် ၂၀၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှတားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ်၁၅ ဒသမ ၉၁၁ သန်းခန့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၆ သန်းခန့် စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၅၁၁ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားသည့် ဖမ်းဆီးမှုအနေဖြင့် ၂၀ ရက်တွင် မူဆယ်နှင့် မန္တလေးမြို့များသို့သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ပိန်းဆာကျေးရွာအနီး၌ အယ်ဖရက်မော်တော်ယာဉ်တစ်စီးအား တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် ပိတောက်ခွဲသားရွေ ၁၈ တုံး၊ ၀ ဒသမ ၇၀၃၀ တန်၊ ပိတောက် သုံးပေအောက်သစ် လေးလုံး၊ ၀ ဒသမ ၁၄၂၀ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၁၁၅ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၂၂-၅-၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၉း၃၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၀ - "ရခိုင်ပြည်နယ်ပြန်လည် ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"
- ၁၀း၄၅ - "မေလအတွက် မိုးလေဝသ ခန့်မှန်းချက်"
- ၁၁း၁၅ - "ချစ်တတ်ကြရအောင်"
- ၁၁း၃၀ - မျက်မှောက်ရေးရာ သုံးသပ်စရာ
- ၁၃း၄၀ - Yes or No Talk Show

**ညပိုင်း**

- ၁၆း၃၅ - "၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ" (ဇီဝဗေဒဘာသာရပ်)
- ၁၆း၅၀ - YTN (Science) "သက်တမ်းဆွဲဆန့်ခြင်း"
- ၁၇း၃၀ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာစကားဝိုင်း
- ၁၈း၃၅ - "လေ့လာလည်ပတ်စရာ နေရာအစုံ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းက ကသာဇုန်"
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **"မဟာကာလီ"** (အပိုင်း-၁၀)
- ၁၉း၅၅ - "CHOICE" (အပိုင်း- ၆၇)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "နိုင်ငံတော်ဖွံ့ဖြိုးရေး အခွန်မှန်မှန်ပေးဆောင်ပေး" (အထူးကုန်စည်များအပေါ် အခွန်ကောက်ခံခြင်းဆိုင်ရာ အားနည်းချက် အားသာချက်များနှင့် လိုင်စင်ထုတ်ပေးခြင်း အကြောင်း သိကောင်းစရာ)
- နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြွေးရာဇဝင်"** (အပိုင်း- ၃၆)
- အနုပညာခန်းရိပ်သာ "ဗိုလ်ကလေးတင့်အောင်နှင့် တွေ့ဆုံမေးမြန်းခန်း"
- နိုင်ငံခြားဇာတ်လမ်းတွဲ **"မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း"** (အပိုင်း-၁၃)

# ယီမင်ရှိ သူပုန်အဖွဲ့၏ ဒုံးကျည်တိုက်ခိုက်မှုကို ဆော်ဒီလေကြောင်းတပ်ဖွဲ့ ဟန့်တားနိုင်ခဲ့



**ရီယာ့ဒ် မေ ၂၁**

ဆော်ဒီလေကြောင်းကာကွယ်ရေးတပ်ဖွဲ့က အိမ်နီးချင်းယီမင်နိုင်ငံရှိ သူပုန်အဖွဲ့၏ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကို ဟန့်တားခဲ့ကြောင်း ဆော်ဒီဦးဆောင်ညွန့်ပေါင်းအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။

ဒုံးကျည်အပျက်အစီးအပိုင်းအစများသည် ဆော်ဒီတောင်ပိုင်းမြို့တော် ဂျီဇန်ရှိ ဒေသခံများပေါ်သို့ ပြုတ်ကျခဲ့သော်လည်း မည်သည့်သေကျေပျက်စီးခြင်းမျှ မရှိခဲ့ကြောင်း ညွန့်ပေါင်းအဖွဲ့ပြောရေးဆိုခွင့်ရှိသူ တာကီအယ်လ်မာလီကီက ဆော်ဒီသတင်းအေဂျင်စီက တရားဝင်ထုတ်ပြန်ခဲ့သော ထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။

ယီမင်ရှိ အီရန်မိတ်ဖက်ဟူသီသူပုန်တို့သည် အိမ်နီးချင်းဆော်ဒီအာရေဗျကို လွန်ခဲ့သောလများက ဒုံးကျည်များဖြင့် တိုက်ခိုက်ခြိမ်းခြောက်ခဲ့သည်။

သူပုန်တို့၏ ဒုံးကျည်နှစ်စင်းသည် တောင်ပိုင်းမြို့ဖြစ်သည့် ခါမီစ်မူရှစ်ကို စနေနေ့က ဦးတည်ပစ်ခတ်ခဲ့ကြောင်း မာလီကီက ပြောခဲ့သည်။ ဒုံးကျည်နှစ်စင်းအနက် တစ်စင်းကို ဆော်ဒီတပ်ဖွဲ့က ဟန့်တားနိုင်ခဲ့ကြောင်း သိရသည်။ အခြားဒုံးကျည်တစ်စင်းမှာ သဲကန္တာရသို့ ပျက်ကျသွားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ဗင်နီဇွဲလား သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ အနိုင်ရရှိ

**ကရာကက်စ် မေ ၂၁**

ဗင်နီဇွဲလားနိုင်ငံသမ္မတ နီကိုလပ်စ် မာဒူရိုသည် မေ ၂၀ ရက်က ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိပြီးနောက် ဒုတိယအကြိမ်မြောက် ခြောက်နှစ်တာသက်တမ်းအတွက် ပြန်လည်ရွေးချယ်ခံရကြောင်း အမျိုးသားရွေးကောက်ပွဲကောင်စီက မေ ၂၁ ရက်က ပြောခဲ့သည်။

ရွေးကောက်ပွဲရလဒ်များကို အမျိုးသားရွေးကောက်ပွဲကောင်စီဥက္ကဋ္ဌ တီဘီစေးလူစီနာက မေ ၂၀ ရက်နှောင်းပိုင်းက ကြေညာခဲ့သည်။



ဗင်နီဇွဲလား သမ္မတရွေးကောက်ပွဲတွင် မဲရုံများသို့ ဗင်နီဇွဲလားနိုင်ငံသား ၈ ဒသမ ၆ သန်းကျော် လာရောက်မဲပေးခဲ့ကြောင်း သိရသည်။ စုစုပေါင်း ဆန္ဒမဲပေးသည့် ရာခိုင်နှုန်းမှာ ၄၆ ဒသမ ၀၁ ရာခိုင်နှုန်းရှိခဲ့ကြောင်း ၎င်းက ပြောခဲ့သည်။

သမ္မတဟောင်း မာဒူရိုသည် မဲဆန္ဒရှင်ပေါင်း ၅ ဒသမ ၈ သန်းကျော်က ထောက်ခံမဲပေးကာ ပြန်လည်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်း၏ပြိုင်ဘက် ဟန်နရီဖယ်လ်ကွန်က ထောက်ခံမဲ ၁ ဒသမ ၈ သန်းဖြင့် ဒုတိယနေရာမှ ရပ်တည်ခဲ့ကာ တတိယမြောက်နေရာတွင် ဂျာဗီရာဗာတွတ်စီက မဲအရေအတွက် ၉၂၅၀၄၂ ခန့်ရရှိခဲ့ကြောင်း သိရသည်။

ဗင်နီဇွဲလား အမျိုးသားရွေးကောက်ပွဲကောင်စီက မဲအရေအတွက် ၉၂ ရာခိုင်နှုန်းကျော်အား ရေတွက်ပြီးချိန်တွင် ရလဒ်များကို ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# နျူကလီးယား လက်နက်ဖျက်သိမ်းရေးသဘောတူညီမှုကို အမေရိကန်က ချိုးဖောက်သည်ဟု ရုရှားစွပ်စွဲ

**မော်စကို မေ ၂၁**

အမေရိကန်ပြည်ထောင်စုက ၎င်း၏ ဒုံးကျည်ကာကွယ်ရေးစနစ်များကို ဆက်လက်စမ်းသပ်နေဆဲဖြစ်ပြီး မဟာဗျူဟာကျသည့် လက်နက်များကို ကန့်သတ်ရန် ရည်ရွယ်ထားသည့် နျူကလီးယား သဘောတူစာချုပ်အားဖြင့် တားဆီးပိတ်ပင်ထားသည့် ဒုံးကျည်များကိုထုတ်လုပ်နေကြောင်း ရုရှားတပ်မတော် အာဏာပိုင်တစ်ဦးက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

ခရန်စနာယာ ဇဗက်ဇဒါသတင်းစာနှင့် တွေ့ဆုံမေးမြန်းခဲ့မှုတစ်ခုအတွင်း နိုင်ငံတကာ နျူကလီးယားအန္တရာယ်လျှော့ချရေးစင်တာအကြီးအကဲ ဆာဂျီ ရစ်ဇကော့ဖ်က ဝါရှင်တန်သည် ပစ်မှတ်ထားတိုက်ခိုက်မှု လုပ်ဆောင်သည့် ဒုံးကျည်အမြောက်အမြားကို ဆက်လက်ထုတ်လုပ်နေသေးကြောင်း ပြောကြားခဲ့သည်။

ဒုံးကျည်များ၏ နည်းဗျူဟာနှင့် နည်းပညာပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာများ အထူးသဖြင့် ပျံသန်းမှုနှုန်းများသည် တာတိုပစ်နှင့် တာလတ်ပစ်ဒုံးကျည်အမျိုးအစားများတွင်ရှိသည့် လက္ခဏာများဖြစ်ကြောင်း ရစ်ဇကော့ဖ်က ပြောကြားခဲ့သည်။ အာဏာပိုင်များ၏ ပြောပြချက်အရ ယင်းဒုံးကျည်များသည် ယေဘုယျပုံစံများဖြစ်ပြီး တိုက်ခိုက်ရေးသုံး တိုက်ချင်းပစ်ဒုံးကျည်များအဖြစ် အခြားသော နျူကလီးယားဒုံးကျည်ထိပ်ဖူးများနှင့် တပ်ဆင်မှု ပြုလုပ်နိုင်သည့် ပုံစံများဖြစ်ကြောင်း သိရသည်။

အိုင်အင်န်ဖက်ဖ် သဘောတူစာချုပ်ကို ၁၉၈၇ ခုနှစ်တွင် နျူကလီးယား ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုကို ပိတ်ပင်ရန် ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့က လက်မှတ်ရေးထိုးခဲ့သည်။

**ဆင်ဟွာ**

# တရုတ်တင်ပို့ကုန်များအပေါ် အခွန်စည်းကြပ်မှုကို အမေရိကန် ဆက်လက်ထိန်းသိမ်းထားမည်

**ဝါရှင်တန် မေ ၂၁**

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မြူချင်သည် အမေရိကန်ပြည်ထောင်စုအနေဖြင့် တရုတ်နိုင်ငံက အမေရိကန်နှင့် ကုန်သွယ်ရေးဆိုင်ရာ လိုငွေပြမှုများကို လျှော့ချသွားရန် ကြိုးပမ်းနေချိန်အတွင်း တရုတ်နိုင်ငံမှ တင်ပို့ကုန်များအား အခွန်စည်းကြပ်မှုများကို ဆက်လက်ထိန်းထားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် ပြီးခဲ့သည့် ကြာသပတေးနေ့နှင့် သောကြာနေ့တို့တွင် ဝါရှင်တန်၌ ပြုလုပ်ခဲ့သည့် ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲများအတွင်း ယင်းအစီအစဉ်ကို သဘောတူညီခဲ့ကြောင်း မြူချင်က တနင်္ဂနွေနေ့တွင် ဖောက်စ်နယူးစ်သတင်းအစီအစဉ်သို့ ပြောကြားခဲ့ကြောင်း သိရသည်။

မြူချင်သည် ညှိနှိုင်းဆွေးနွေးပွဲများကို တက်ရောက်ခဲ့သည့် နိုင်ငံနှစ်ခုတို့မှ စီးပွားရေးဆိုင်ရာ ထိပ်တန်းအာဏာပိုင်များအနက် တစ်ဦးအပါအဝင်ဖြစ်သည်။ နှစ်ဖက်စလုံးတို့သည် အမေရိကန်ပြည်ထောင်စု၏ စိုက်ပျိုးရေးနှင့် စွမ်းအင်ပို့ကုန်များကို တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ကောင်းမွန်သည့် တိုးတက်မှုများနှင့် ပတ်သက်၍ သဘောတူညီခဲ့ကြသည်။

ကုန်သွယ်ရေးဆိုင်ရာအတွင်းဝန် ဝီလ်ဘာရော့စ်သည် အမေရိကန်လယ်ယာထွက်ကုန်ပစ္စည်းများ တရုတ်နိုင်ငံသို့ တင်ပို့မှုကို မြှင့်တင်ရန်အတွက် ထိရောက်သည့် အရေးယူဆောင်ရွက်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် မကြာမီ တရုတ်နိုင်ငံသို့ အလည်အပတ်လာရောက်မည် ဖြစ်ကြောင်းကိုလည်း ဖြည့်စွက်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းအေဂျင်စီတွင် တရုတ်ဒုတိယဝန်ကြီးချုပ် လီယူဟီက နှစ်နိုင်ငံလုံးသည် ကုန်သွယ်ရေးစစ်ပွဲဆင်နွှဲခြင်း မပြုလုပ်ရန်နှင့် တစ်ဦးနှင့်တစ်ဦး အခွန်စည်းကြပ်မှုများကို ရပ်တန့်ရန် သဘောတူညီခဲ့မှုက ညှိနှိုင်းဆွေးနွေးမှုမှ ရရှိသည့် သိသာထင်ရှားသော အကျိုးကျေးဇူးများပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**




# သီရိလင်္ကာတောင်ပိုင်း၌ H1N1 လူနာဟု သံသယရှိသူ ၁၈ ဦးရှိကြောင်း သတင်းပေးပို့

**ကိုလံဘို မေ ၂၁**

သီရိလင်္ကာတောင်ပိုင်း ဟမ်ဘန်တိုတာမှ H1N1 ဖြစ်ပွားသည်ဟု သံသယရှိသည့်လူနာ ၁၈ ဦးရှိကြောင်းနှင့် ၎င်းတို့မှာ ပြည်နယ်ဆေးရုံများတွင် ဆေးကုသမှုခံယူနေကြောင်း သီရိလင်္ကာကျန်းမာရေး အာဏာပိုင်များက တနင်္လာနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အစိုးရသတင်းအချက်အလက်ဌာနက လူနာ ၁၈ ဦးအနက် ၁၂ ဦးတို့မှာ ဟမ်ဘန်တိုတာဆေးရုံမှဖြစ်ပြီး လူနာငါးဦးမှာ တန်ဂယ်လီဆေးရုံမှဖြစ်ကာ တစ်ဦးမှာ တီဆာမာဟာရာမာ ဆေးရုံမှဖြစ်ကြောင်း သိရသည်။

လူနာများသည် တုပ်ကွေးဖြစ်ပွားမှုကဲ့သို့သော လက္ခဏာများ တွေ့ရကြောင်း ဖော်ပြထားသည်။ ကျန်းမာရေးဝန်ဆောင်မှုဒါရိုက်တာ ဒေါက်တာ အေပီအာအက်စ် ချန်ဒရာစီနာက အဖျားလက္ခဏာခံစားခဲ့ရသည့် လူနာများအနေဖြင့် အစိုးရဆေးရုံမှာ ချက်ချင်းကုသမှုခံယူကြရန် အကြံပေးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### လက်တင်အမေရိကနှင့်ဂျပန် ဆက်ဆံရေးမြှင့်တင်သွားမည်

**တိုကျို မေ ၂၁**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုသည် လွတ်လပ်စွာ ကုန်သွယ်ရေးမှသည် လက်တင်အမေရိကနိုင်ငံများနှင့် နောက်ထပ်ဆက်ဆံမှုများကို ပိုမိုအားဖြည့်ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း ဖော်ပြခဲ့သည်။

တနင်္ဂနွေနေ့က ဘရာဇီး၌ မိန့်ခွန်းပြောဆိုခဲ့ရာတွင် ကိုနိုက ၂၁ ရာစုနှစ်အတွင်း အာရှပစိဖိတ်ဒေသနှင့် ကိုက်ညီသည့် နိုင်ငံတကာစီးပွားရေး ဥပဒေတစ်ရပ်ကို ထူထောင်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဂျပန်သည် အာဏာရှင်ဆန်သည့် စီးပွားရေးဆိုင်ရာမူဝါဒများ ပေါ်ထွက်လာနေချိန်တွင် အလယ်နှင့် တောင်အမေရိကနိုင်ငံများနှင့် ဆက်ဆံရေးကို ထပ်မံမြှင့်တင်မှုများ ပြုလုပ်သွားရန်ရှိကြောင်း တာရိုကိုနိုက ပြောကြားခဲ့သည်။ ကိုနိုသည် မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍လည်း ပြဲ့ယမ်းကို ဆက်လက်ဖိအားပေးကာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အရေးယူပိတ်ဆို့မှုများကို ဆောင်ရွက်သွားရန်လိုကြောင်း အလေးအနက် ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### အိုင်အက်စ်တို့ ထိန်းချုပ်နယ်မြေ၌ လူသားချင်းစာနာမှုလုပ်ငန်း ဆောင်ရွက်ရန်အတွက် အပစ်အခတ်ရပ်စဲရေး ခေတ္တသဘောတူညီမှုရရှိ

**ဒမတ်စကတ် မေ ၂၁**

အိုင်အက်စ်အစွန်းရောက်အဖွဲ့ ထိန်းချုပ်ထားသည့် ဒမတ်စကတ်မြို့တော်တောင်ပိုင်းရှိ နေရာများအတွက် တနင်္ဂနွေနေ့ ညနေပိုင်းက လူသားချင်းစာနာထောက်ထားသည့် ကယ်ဆယ်ရွှေ့ပြောင်းမှုများ ဆောင်ရွက်ရန်အတွက် ခေတ္တအပစ်အခတ်ရပ်စဲမှု ရရှိခဲ့ကြောင်း နိုင်ငံပိုင် ဆာနားသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

တနင်္လာနေ့ ညနေခင်းတွင် ပြီးဆုံးမည့် ယင်းအပစ်အခတ်ရပ်စဲမှုအတွင်း ဒမတ်စကတ်တောင်ပိုင်းရှိ အမျိုးသမီးများ၊ ကလေးငယ်များနှင့် သက်ကြီးပုဂ္ဂိုလ်များကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ဆာနားသတင်းတွင် ဖော်ပြထားသည်။

ဆီးရီးယားတပ်မတော်သည် အပစ်အခတ်ရပ်စဲရေးပြီးဆုံးသည်နှင့် အိုင်အက်စ်တို့အား နှိမ်နင်းသည့်စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အရေးကြီးတဲ့ ခြေလှမ်းတွေလှမ်းဖို့ စာမျက်နှာတစ်ခုတည်းမှာ အတူရှိနေကြတဲ့ အာဆတ်နဲ့ ပူတင်

**ကလျာမိုးမြင့်**



ဆီးရီးယားရဲ့အနာဂတ်နိုင်ငံရေးဆိုင်ရာ အဖြေရှာဖွေမှုရဲ့အဓိကကျတဲ့ အချက်နှစ်ချက်ဟာ ဆီးရီးယားကနေ ပြည်ပအင်အားစုတွေ ဆုတ်ခွာသွားရေးနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ်ကို ဖော်ဆောင်ရေး ဒါမှမဟုတ် လက်ရှိဖွဲ့စည်းပုံကို အဆင့်မြှင့်တင်သွားရေး ဆိုတဲ့ အချက်တွေ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ဒီအချက်နှစ်ချက်စလုံးကို မေ ၁၇ ရက်က ဆိုချီမှာ ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်နဲ့ ၎င်းရဲ့ လုပ်ဖော်ကိုင်ဖက် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ တွေ့ဆုံခဲ့ချိန်အတွင်းမှာ ထောက်ပြခဲ့ပြီးပါပြီ။ ခေါင်းဆောင်နှစ်ဦးတို့ဟာ ဘလက်ဆီးလ် အပန်းဖြေစခန်းမှာ နောက်ဆုံးတွေ့ဆုံမှု ပြုလုပ်ခဲ့ပြီး လေးလအကြာမှာ ထပ်မံပြီးတော့ တွေ့ဆုံဆွေးနွေးဖြစ်ခဲ့ကြတာ ဖြစ်ပါတယ်။

**နိုင်ငံရေးအရ အဖြေရှာဖွေဖို့က အဆင်သင့်ဖြစ်**

ယခင်တွေ့ဆုံမှုတွေနဲ့ မတူတဲ့အချက်ကတော့ နှစ်ဖက်စလုံးဟာ အကြမ်းဖက် ဆန့်ကျင်တိုက်ဖျက်ရေး စစ်ပွဲတွေနဲ့ပတ်သက်လို့ ဆွေးနွေးခဲ့ကြတာဖြစ်ပြီး တကယ့်လက်တွေ့အခြေအနေမှာ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းဖို့ နည်းလမ်းတွေကို ဆွေးနွေးခဲ့ကြတာဖြစ်သလို အခုချိန်မှာ ခေါင်းဆောင်နှစ်ဦးလုံးဟာ နိုင်ငံရေးအရ အဖြေရှာဖွေသွားဖို့ လက်တွေ့ကျတဲ့ ခြေလှမ်းအဆင့်တွေအတွက် အဆင်သင့်ဖြစ်နေကြတဲ့ ပုံစံမျိုးဖြစ်နေတာကို တွေ့ရတာပါပဲ။

သမ္မတအာဆတ်က ပူတင်နဲ့ ၎င်းရဲ့ တွေ့ဆုံဆွေးနွေးခဲ့မှုဟာ အက်စတာနာ ဒါမှမဟုတ် ဆိုချီမှာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေ ကျင်းပနိုင်ဖို့အတွက် နောက်ထပ် ခြေလှမ်းအဆင့်တစ်ခုလှမ်းဖို့ အပြန်အလှန် သဘောထားအမြင်တစ်ခုကို ဆောင်ယူလာနိုင်မယ့် အခွင့်အလမ်းတစ်ခုဖြစ်တယ်လို့ ပြောဆိုခဲ့ပါတယ်။

**နိုင်ငံရေးဖြစ်စဉ်တွေကို ပြန်ပြီးစတင်**

၎င်းဘက်ကနေကြည့်ရင် သမ္မတပူတင်ဟာ အကြမ်းဖက်အုပ်စုတွေကို နှိမ်နင်းတဲ့ စစ်ပွဲအတွင်းမှာ ဆီးရီးယားတပ်မတော်က ကြီးမားတဲ့ အောင်ပွဲရရှိခဲ့မှုအတွက် သမ္မတအာဆတ်ကို ချီးကျူးဂုဏ်ပြုခဲ့ပါတယ်။ ပြီးတော့ တပ်မတော်ရဲ့ စစ်ရေးအရအောင်နိုင်မှုဟာ နိုင်ငံရေးဖြစ်စဉ်တွေကို ပြန်ပြီး စတင်ဆောင်ရွက်နိုင်ဖို့ သင့်လျော်ကောင်းမွန်တဲ့ အခြေအနေတစ်ရပ်ကို ဖန်တီးပေးလိုက်တာလို့လည်း ဖွင့်ဟပြောကြားခဲ့ပါသေးတယ်။

**အသက်သွင်းလှုံ့ဆော်**

နှစ်ဦးစလုံးက အပြန်အလှန်လက်ခံထားတဲ့ ရည်မှန်းချက်ပန်းတိုင်ကတော့ ဆီးရီးယားနိုင်ငံရဲ့စီးပွားရေးကို ပြန်လည်ထူထောင်ဖို့ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီတွေ ပေးအပ်ဖို့ ဖြစ်ပါတယ်။ ပြီးတော့ ၎င်းရဲ့ အစိုးရအဖွဲ့ဟာ ကုလသမဂ္ဂအပါအဝင် နိုင်ငံရေးဆိုင်ရာ ရှုပ်ထွေးတဲ့ ဖြစ်စဉ်တွေအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းတွေအားလုံးနဲ့အတူ ထိတွေ့ဆက်သွယ်မှု ရှိပြီးသားဖြစ်တယ်။ ဆီးရီးယားမှာ မှတ်မှတ်ထင်ထင်ဖြစ်ခဲ့တဲ့ တပ်မတော်ရဲ့အောင်ပွဲရရှိမှုနဲ့ နိုင်ငံရေးဆိုင်ရာ ဖြစ်စဉ်တွေကို အသက်သွင်းလှုံ့ဆော်လာမှုတွေ ဖြစ်ပေါ်လာချိန်မှာ ပြည်ပအင်အားစုမှန်သမျှဟာ ဆီးရီးယားကနေ ထွက်ခွာသွားကြဖို့ မဖြစ်မနေလိုအပ်လာပြီဖြစ်တယ်လို့ သမ္မတပူတင်က ဆိုပါတယ်။

**နိုင်ငံသားများ နေအိမ်ဆီသို့ပြန်**

သမ္မတအာဆတ်ဘက်က ဘာပြောသလဲဆိုတော့ ဆီးရီးယားမှာရှိတဲ့ အကြမ်းဖက်အုပ်စုတွေရဲ့ စိန်ခေါ်တိုက်ခိုက်တဲ့ နေရာတွေဟာ ပိုပိုပြီး သေးငယ်ပပျောက်လာနေပြီဖြစ်သလို ဆီးရီးယားနိုင်ငံသား ထောင်ပေါင်းများစွာတို့ဟာလည်း ၎င်းတို့ရဲ့နေအိမ်တွေဆီကို ပြန်ကုန်ပြီ။ ပြီးတော့ သန်းနဲ့ချီတဲ့ အခြားသူတွေဟာလည်း လာရာလမ်းကို လှည့်ပြန်ကုန်ကြပြီ။ အပြုသဘောဆောင်တဲ့ ပြောင်းလဲမှုတွေ အများကြီးကို ဆီးရီးယားမြေပေါ်မှာ မြင်တွေ့နေရပြီလို့ ပြောခဲ့ပါတယ်။

**နိုင်ငံရေးဖြစ်စဉ်ပွင့်လာတဲ့ ပြတင်းတံခါး**

ယခုလိုတည်ငြိမ်မှုဟာ နိုင်ငံရေးဖြစ်စဉ်အတွက် ကျယ်ကျယ်ပွင့်လာတဲ့ ပြတင်းတံခါးတစ်ခုပဲလို့ အာဆတ်က တင်စားပြောဆိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကော်မတီ အဖွဲ့ဝင်အတွက် သမ္မတအာဆတ်က ၎င်းရဲ့အစိုးရအဖွဲ့ဝင်အဖြစ် အဆိုပြုမယ့်ကိုယ်စားလှယ်တွေရဲ့ အမည်စာရင်းကို ပေးပို့ဖို့အတွက်လည်း သဘောတူညီထားပြီဖြစ်ပြီး ယခုနှစ်အစောပိုင်းမှာ ဆီးရီးယားအရေးနဲ့ ပတ်သက်လို့ ဆိုချီမှာ ပြုလုပ်ခဲ့တဲ့ နောက်ဆုံး ဆွေးနွေးပွဲတွေအတွင်းမှာ ဒီကိစ္စကို သဘောတူညီခဲ့တာ ဖြစ်ပါတယ်။ ဒီကော်မတီဟာ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်ဖြည့်စွက်မှုတွေ ပြုလုပ်သွားဖို့နဲ့ပတ်သက်ပြီး ဆွေးနွေးသွားမယ်လို့ မျှော်လင့်ရပါတယ်။

**ကောင်းမွန်တဲ့ အခွင့်အရေး**

ဒီတော့ ခေါင်းဆောင်နှစ်ဦးစလုံး အလေးပေးနေကြတဲ့အချက်က ယခုလက်ရှိအချိန်ဟာ လက်တွေ့ကျတဲ့ ခြေလှမ်းအဆင့်တွေကို နိုင်ငံရေးလမ်းကြောင်းပေါ်ရောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ဖို့သင့်တဲ့ အချိန်အခါဖြစ်ပြီး ဒီအခြေအနေဟာဆိုရင် သူပုန်တွေရော၊ အကြမ်းဖက်အုပ်စုဖြစ်တဲ့ အိုင်အက်စ် အစွန်းရောက်စစ်သွေးကြွတွေ အထိနာခဲ့၊ ရှုံးနိမ့်ခဲ့တဲ့အခြေအနေဖြစ်လို့ ပိုပြီးကောင်းမွန်တဲ့ အခွင့်အရေးတစ်ရပ်ကို ပေးစွမ်းနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

**ဖော်ပြခဲ့**

ဒီအချက်ဟာ အမှန်တကယ်အားဖြင့် အခက်အခဲရှိနိုင်တဲ့ သံသယဖြစ်ဖွယ်ကောင်းတဲ့ အချက်ဖြစ်ပြီး အစိုးရဟာ ဒီအဆင့်ကို ခြေလှမ်းလှမ်းဖို့ သိပ်ပြီး ယုံကြည်ချက်မရှိတဲ့ အနေအထားမျိုးဖြစ်နေတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကော်မတီကို ဆိုချီဆွေးနွေးပွဲတွေမှာ တက်ရောက်ခဲ့ကြတဲ့ အစိုးရနဲ့ အတိုက်အခံအဖွဲ့တွေကနေ ဖွဲ့စည်းခဲ့တာဖြစ်ပြီး ဒီဆွေးနွေးပွဲကို သပိတ်မှောက်ခဲ့ကြသူတွေ မပါတဲ့အလျောက် အစိုးရဟာ ၎င်းရဲ့ တုန့်လှုပ်ချောက်ချားမှုနဲ့ သဘောမကျမှုကို ဖော်ပြခဲ့ပါတယ်။

**စာမျက်နှာတစ်ခုထဲမှာ အတူရှိနေ**

ခုချိန်ထိကတော့ သမ္မတအာဆတ်က ကိုယ်စားလှယ်လောင်းအဖြစ် အဆိုပြုထားသူတွေစာရင်းကို ပို့ဆောင်လိုက်ခြင်းက ဘာကိုဆိုလိုသလဲဆိုတော့ ၎င်းနဲ့ သမ္မတပူတင်တို့ဟာ အထူးအရေးကြီးတဲ့ ဒီကိစ္စကို ထည့်သွင်းစဉ်းစားတဲ့နေရာမှာ စာမျက်နှာတစ်ခုတည်းမှာ အတူရှိနေကြတယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်တယ်လို့ ပြောနေဆဲပါ။ အမျိုးသားတည်ဆောက်ရေး လှုပ်ရှားမှုအဖွဲ့ကို တည်ထောင်ခဲ့တဲ့ အာနတ်စ်ဂျူဒက်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကော်မတီနဲ့တကွ အမျိုးသားအဆင့် ပြောဆိုဆွေးနွေးမှုနဲ့ ရွေးကောက်ပွဲတွေဟာ နိုင်ငံရေးဖြစ်စဉ်ရဲ့အခြေခံကျတဲ့ အစိတ်အပိုင်းတွေပဲဖြစ်တယ်လို့ ဆိုပါတယ်။

ကော်မတီကို အပြုသဘောဆန်ဆန် ကိုင်တွယ်ဆောင်ရွက်သွားဖို့နဲ့ ကော်မတီအတွင်းမှာ ဆွေးနွေးပွဲပြုလုပ်ရေး ထည့်သွင်းစဉ်းစားသွားဖို့ဟာ ခုချိန်မှာ သိပ်ကိုအရေးကြီးနေတယ်လို့ ဂျူဒက်စ်က သတိပေးနှိုးဆော်ခဲ့ပါတယ်။ ဆီးရီးယားနိုင်ငံသား သတင်းစာသမားတစ်ဦးဖြစ်တဲ့ အေဟမ်မာမွတ်ကတော့ ဆီးရီးယားကနေ ပြည်ပအင်အားစုတွေ ဆုတ်ခွာသွားရေးဟာ ဖွဲ့စည်းပုံအခြေခံဆိုင်ရာကော်မတီထက်တောင်မှ ပိုပြီး အရေးကြီးသေးတယ်လို့ ဆင်ဟွာသို့ ပြောခဲ့ပါတယ်။

**ဆက်ရှိမနေချင်တော့တဲ့ အမေရိကန်**

မာမွတ်က ဒီအချက်ကို ပြောဆိုရာမှာ ဆီးရီးယားအနောက်မြောက်ပိုင်းမှာ အကူအညီပေးအပ်နေတာတွေကို ရပ်တန့်ဖို့ ဆုံးဖြတ်လိုက်တဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ ဆုံးဖြတ်ချက်ကို ကိုးကားပြီးတော့ ပြောဆိုခဲ့တာဖြစ်ပါတယ်။ ဒေသဆိုင်ရာအဖွဲ့အစည်း ခိုင်မာဖို့နဲ့ တည်ငြိမ်ဖို့ အင်အားစိုက်ထုတ်ဆောင်ရွက်ဖို့အတွက် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကို ရန်ပုံငွေအဖြစ်ပေးအပ်မှုကို အမေရိကန်က ရပ်ဆိုင်းလိုက်ဖို့ ဆုံးဖြတ်လိုက်တာပါ။

**ဦးတည်ဖို့ သေချာနေ**

ဒီတော့ အမေရိကန်က ၎င်းဟာ ဆီးရီးယားအတွင်းမှာ ဆက်ပြီး ရှိမနေချင်တော့ဘူးဆိုတာကို ပြသလိုက်တာပဲဖြစ်ပါတယ်။ ပြည်ပအင်အားစုတွေ ရုပ်သိမ်းဆုတ်ခွာခြင်းဟာ ဆီးရီးယားစစ်ပွဲ ပြီးဆုံးတော့မယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပြီး အကယ်၍ ဒီလိုဆုတ်ခွာမှုမျိုးဖြစ်မလာဘူးဆိုရင်တော့ အခြေအနေတွေဟာ နောက်ထပ်တင်းမာမှုတွေဆီကို ဆက်ပြီး ဦးတည်သွားဦးမယ်ဆိုတာ သေချာနေတယ်လို့ ဆိုရဦးတော့မှာပါ။ ။

**ကိုးကား- ဆင်ဟွာ**

> “ဒေသဆိုင်ရာအဖွဲ့အစည်း ခိုင်မာဖို့နဲ့ တည်ငြိမ်ဖို့ အင်အားစိုက်ထုတ် ဆောင်ရွက်ဖို့အတွက် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကို ရန်ပုံငွေအဖြစ်ပေးအပ်မှုကို အမေရိကန်က ရပ်ဆိုင်းလိုက်ဖို့ ဆုံးဖြတ်လိုက်တာပါ၊ ဒီတော့ အမေရိကန်က ၎င်းဟာ ဆီးရီးယားအတွင်းမှာ ဆက်ပြီး ရှိမနေချင်တော့ဘူးဆိုတာကို ပြသလိုက်တာပဲဖြစ်”

# ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပညာရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနတို့ သတင်းစာရှင်းလင်း




နေပြည်တော် မေ ၂၁

**ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။** (အပေါ်ပုံ)

သတင်းစာရှင်းလင်းပွဲတွင် **ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက** ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း အဆင့်တိုးမြှင့်ပေးခဲ့ပြီး ကျောင်းများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အထက်တန်းကျောင်း အဆင့်တိုး ၃၁၃ ကျောင်း၊ အလယ်တန်းကျောင်း အဆင့်တိုး ၁၆၁၂ ကျောင်း၊ မူလတန်းကျောင်း အဆင့်တိုးကျောင်း ၈၄၀၊ အထက်တန်းကျောင်း(ခွဲ) ၁၇၃ ကျောင်း၊ အလယ်တန်းကျောင်း (ခွဲ) ၇၃၅ ကျောင်း ၊ မူလတန်းလွန်ကျောင်း ၉၆၈ ကျောင်း၊ မူလတန်းကျောင်း (ခွဲ) ၄၅၉ ကျောင်း စုစုပေါင်း ကျောင်း ၅၁၀၀ ဖြစ်ပါကြောင်း။

၂၀၁၇ ခုနှစ် ဇွန်လမှစ၍ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းကို ပိုမိုအလေးထားဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပထမဆုံးအကြိမ်အဖြစ် အထက်တန်းအဆင့် (Grade-10, Grade-11) ကျောင်းသားဦးရေ စုစုပေါင်း တစ်သန်းထက် ပိုမိုတိုးတက်များပြားလာပါကြောင်း။

ဒေသခံတိုင်းရင်းသားများ (အနည်းဆုံး န၀မတန်း Grade 10 အောင်) နေ့စားလပေး Teaching Assistants ခန့်ထားရန် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှစ၍ ပညာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ နေ့စားလပေး Teaching Assistants ၅၁၆၁ ဦးကို သင်ကြားသင်ယူမှုတွင် တိုင်းရင်းသားဘာသာစကားများ သင်ကြားပို့ချရန်နှင့် လိုအပ်သည်များကို ကူညီသင်ကြားပို့ချပေးရန်အတွက် တာဝန်ပေးအပ်ခဲ့ပါကြောင်း။

### ကြိုးပမ်းအကောင်အထည်ဖော်

၂၀၁၆ ခုနှစ် ဧပြီလမှစ၍ သင်ရိုးညွှန်းတမ်းများကို ပြုပြင်ပြောင်းလဲရန်အတွက် အခြေခံပညာ မူလတန်းအဆင့်တွင် JICA ၏ နည်းပညာပံ့ပိုးမှုဖြင့် လည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် ADB (အာရှဖွံ့ဖြိုးရေးဘဏ်)နှင့် EU (ဥရောပသမဂ္ဂ)တို့ဖြင့် ပူးပေါင်း၍ ကျောင်းသုံးဖတ်စာအုပ်များနှင့် ဆရာလမ်းညွှန်စာအုပ်များတို့ကို ပြုစုလျက်ရှိပါကြောင်း။ KG+ 12 စနစ်ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ စတင်၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရည်စစ်ဆေးအကဲဖြတ်ရာတွင် ပညာသင်နှစ်တစ်နှစ်တွင် အခန်းဆုံး စစ်ဆေးခြင်းကို ဇူလိုင်လနှင့် ဒီဇင်ဘာလတို့တွင် ၁ ကြိမ်စီ၊ နှစ်ဝက်ဆုံး စစ်ဆေးခြင်းကို အောက်တိုဘာလတွင် ၁ ကြိမ်၊ နှစ်ဆုံးစစ်ဆေးခြင်းကို ဖေဖော်ဝါရီလတွင် ၁ ကြိမ်ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ကို ပညာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်မှ ထုတ်ပြန်အသိပေးခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

အခြားပြုပြင်ပြောင်းလဲမှုအနေဖြင့် ၂၀၁၆ ခုနှစ် ဧပြီလမှစ၍ ဆရာ၊ ဆရာမများ လစာများအား အပြည့်အဝရရှိရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊ ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူများ နိုင်ငံသားစိစစ်ရေးကတ်များ ရရှိရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မသန်စွမ်း ကျောင်းသား ကျောင်းသူများအားလုံးကို ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့ခြင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းတည်ဆောက်ရေးလုပ်ငန်းများအားလုံးကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းတည်ဆောက်ရေးလုပ်ငန်းများအားလုံးကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံ ဆောင်ရွက်ခြင်းတို့ ဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ဧပြီလမှစ၍ တစ်နှစ်လုံးတွင် အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုများကို လုပ်အားပေး တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ်ဆရာ ဆရာမများ၊ ဒေသခံလုပ်အားပေးများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

သက်ကြီးစာတတ်မြောက်နှုန်း မြင့်မားလာရေး ဆောင်ရွက်မှုအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် မတ်လအထိ မြို့နယ် ၄၅ မြို့နယ်တွင် စာသင်ဝိုင်း ၃၇၆၅ ဝိုင်း၊ သင်ကြားသူ ၄၂၉၅ ဦးနှင့် စာတတ်လာသူ ၃၇၃၈၆ ဦး ဖြစ်ပါကြောင်း။

နည်းပညာနှင့် သက်မွေးပညာကဏ္ဍတွင် ၂၀၁၇-၂၀၁၈ ၌ အစိုးရနည်းပညာကောလိပ်သုံးခု၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၂၂ ခု၊ အစိုးရနည်းပညာ အထက်တန်းကျောင်း ၃၄ ကျောင်း၊ သက်မွေးပညာသင်တန်းကျောင်း (ELPS / SMVTI / NVTI) သုံးကျောင်း စုစုပေါင်း ၆၃ ကျောင်းရှိပါကြောင်း။

(၂) နှစ်တာကာလအတွင်း အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းများတွင် ပုံမှန်ကျောင်းသား ဦးရေအပြင် ကာလတိုသင်တန်းများ ဖွင့်လှစ်နိုင်ခဲ့သဖြင့် စုစုပေါင်း ကျောင်းသားဦးရေ ၆၂၂၅၇ ဦးအား သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

### ပြင်ဆင်ဖြည့်ဆည်းဆောင်ရွက်

အဆင့်မြင့်ပညာကဏ္ဍတွင် ၂၀၁၆ ခုနှစ် ဇွန်လမှစ၍ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းအား ပညာရေးဝန်ကြီးဌာန Website ဖြစ်သည့် www.moe.gov.mm မှ အသိပေးထုတ်ပြန် ဆောင်ရွက်ခြင်း၊ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သတ်မှတ်ထားသော တက္ကသိုလ်များတွင် ထုတ်ယူရန် ပြန်လည်လျှောက်ထားရန် စီစဉ်ဆောင်ရွက်ခြင်း၊ တက္ကသိုလ်ဝင်ခွင့်ရသူများစာရင်းကို ပညာရေးဝန်ကြီးဌာန Website မှ အသိပေးထုတ်ပြန်ဆောင်ရွက်ခြင်း၊ ပထမနှစ် ကျောင်းသား ကျောင်းသူများအား နိုဝင်ဘာလလယ်မှစ၍ ကျောင်းအပ်လက်ခံခြင်း၊ စာသင်ဆောင်၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်၊ စာကြည့်တိုက်၊ ဆရာ / ဆရာမ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်၊ ပြင်ဆင်ဖြည့်ဆည်း ဆောင်ရွက်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

၂၀၁၇-၂၀၁၈ တွင် ဝိဇ္ဇာ / သိပ္ပံတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၄၉ ခု၊ နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ် ၆၀ ၊ ပညာရေးကောလိပ်များ ၂၅ ခု စုစုပေါင်း ၁၃၄ ခု ဖွင့်လှစ်ပညာသင်ကြားပေးလျက် ရှိပါကြောင်း။

အဆင့်မြင့်ပညာကဏ္ဍ ပြုပြင်ပြောင်းလဲဆောင်ရွက်မှု အခြေအနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သော ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရာတွင် ယခင်က ဥက္ကဋ္ဌ၊ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့ သထုံလမ်း၊ ရန်ကုန်မြို့သို့ တိုက်ရိုက်လျှောက်ထားရသော်လည်း ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများမှစ၍ ဝင်ခွင့်လျှောက်ထားခြင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အလိုက် တက္ကသိုလ် ၁၇ ခုတွင် ဝင်ခွင့်လျှောက်ထားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း ရှင်းလင်းသည်။

ယင်းနောက် **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က** လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် အပြည်ပြည်ဆိုင်ရာလေဆိပ် သုံးခု၊ ပြည်တွင်း လေဆိပ် ၃၀ စုစုပေါင်းလေဆိပ် ၃၃ ခုအား အသုံးပြုလျက်ရှိပါကြောင်း၊ ခရီးသည် ဝင်ထွက်မှုအနေဖြင့် ၂၀၁၆ ခုနှစ်တွင် ခရီးသည် ၉ ဒသမ ၂ သန်း၊ ၂၀၁၇ ခုနှစ်တွင် ခရီးသည် ၁၀ သန်း ဝင်ရောက်ခဲ့ပြီး ယခင်နှစ်ထက် တိုးတက်မှု ကိုးရာခိုင်နှုန်း တိုးတက်ဝင်ရောက်ခဲ့ပါကြောင်း။

ခရီးသည် ဝင်၊ ထွက်မှု များပြားသည့် ညောင်ဦးလေဆိပ်အား အရှေ့တောင်အာရှ၌ ပထမဦးဆုံးသော Green Airport အဖြစ် JICA ၏ Grant အထောက်အပံ့ဖြင့် အဆင့်မြှင့်တင် တည်ဆောက်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ယခုအခါ အသေးစိတ်လေ့လာမှု ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အတွက် ပထမဦးဆုံး ဖလမ်းလေဆိပ်သစ် တည်ဆောက်မှုကို ၂၀၂၀-၂၀၂၁ အတွင်း ပြီးစီးရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ခေတ်မီလေကြောင်း လမ်းညွှန်စက်များ၊ ရှာဖွေရေး စက်ကိရိယာများ တပ်ဆင်အသုံးပြုနိုင်ခဲ့ပြီး လေကြောင်းထိန်းသိမ်းရေးဝန်ဆောင်မှု တိုးတက်ဆောင်ရွက်ပေးနိုင်သဖြင့် ၂၀၁၆-၂၀၁၇ တွင် အမေရိကန်ဒေါ်လာ ၁၀၃ သန်း၊ ၂၀၁၇-၂၀၁၈ တွင် အမေရိကန်ဒေါ်လာ ၁၀၄ သန်းစသည်ဖြင့် နှစ်စဉ်နိုင်ငံခြားဝင်ငွေ ပိုမိုရှာဖွေပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံဖြတ်ကျော် ပျံသန်းသည့် လေယာဉ်များအား ထောက်ပံ့ပေးနိုင်ရန်နှင့် ပြည်တွင်း လေကြောင်းလိုင်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းနိုင်ရေးအတွက် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်လေဆိပ်များတွင် (Surveillance Radar) ရေဒါများ တပ်ဆင်နိုင်ရန် ဂျပန်နိုင်ငံ၏ အထောက်အပံ့ရရှိရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

### ဆိပ်ခံတံတား ၃၉ စင်းရှိ

ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်း အလျားသည် ၁၃၈၅ မိုင်ရှည်လျားပါကြောင်း၊ ကမ်းရိုးတန်းတစ်လျှောက် ဆိပ်ကမ်းကိုးခုရှိပြီး ရန်ကုန်ဆိပ်ကမ်းသည် အဓိကဆိပ်ကမ်းဖြစ်ကာ နိုင်ငံ၏အပြည်ပြည်ဆိုင်ရာ ရေကြောင်းကုန်သွယ်မှု ပမာဏ၏ ၉၀ ရာခိုင်နှုန်းကျော်ကို ကိုင်တွယ်လျက်ရှိပါကြောင်း၊ ရန်ကုန်ဧရိယာနှင့် သီလဝါဧရိယာတို့၌ အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား ယခင်က ၃၃ စင်းရှိပြီး၊ (၂)နှစ်တာကာလအတွင်း ဆိပ်ခံတံတား ခြောက်စင်း တည်ဆောက်ပြီးစီးခဲ့သဖြင့် ယခု အခါ ဆိပ်ခံတံတား ၃၉ စင်းရှိလာပြီဖြစ်ပါကြောင်း။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ယခုဘဏ္ဍာရေးနှစ် ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်သည့် ရေယာဉ်အရေအတွက် ယခင်နှစ်ထက် နည်းပါးသော်လည်း အရွယ်အစားကြီးမားသည့် ရေယာဉ်ကြီးများ ဝင်ရောက်နိုင်ရေး ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယခင်နှစ်ထက် ကုန်တန်ချိန် ခြောက်သန်းကျော် ပိုမိုကိုင်တွယ်နိုင်ခဲ့ပါကြောင်း။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရေလမ်းကောင်းမွန်ရေး လုပ်ငန်း ၁၃ ခုနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၂၃၄ ခု တို့ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ နယ်စပ်မြစ်များတွင် မိမိပိုင်မြေ မဆုံးရှုံးစေရေးအတွက် ကာကွယ်ထိန်းသိမ်းဆောင်ရွက်မှုအနေဖြင့် တည်ဆောက်ပြီး မြေထိန်းနံရံ၊ တမံ အလျား ၃၉၅၄၇ ပေ၊ ၂၀၁၇-၂၀၁၈ ဆောင်ရွက်သည့် မြေထိန်းနံရံ၊ တမံ အလျား ၂၀၉၀၅ ပေဖြစ်၍ စုစုပေါင်းမြေထိန်းနံရံ၊ တမံအလျား ၇၁၆၄၂ ပေ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ရောဝတီမြစ်နှင့် ချင်းတွင်းမြစ် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများကို ဦးစားပေး ရေလမ်းအလိုက် တစ်နှစ်လျှင် ခုနစ်နေရာ၊ ရှစ်နေရာ ဆောင်ရွက်နိုင်ပြီး ရေကြီးရေလျှံမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ကမ်းပါးပြိုကာကွယ်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ရန်ပုံငွေမှ လုပ်ငန်းနေရာ ၄၂၀ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အဓိကကုန်သွယ် ရေကြောင်းသွားလာရေး မြစ်ကြီးများဖြစ်သော ရောဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့အား ရေနည်းချိန်တွင် ချင်းတွင်းမြစ်၌ ရေအနက်အနည်းဆုံး နှစ်မီတာနှင့် ရောဝတီမြစ်၌ အနည်းဆုံးသုံးမီတာရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၏ လုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ မြန်မာအမျိုးသား လေကြောင်းတို့နည်းတူ ကော်ပိုရေးရှင်းအသွင်သို့ ပြောင်းလဲဆောင်ရွက်ခဲ့သော်လည်း ဌာနပိုင်ရေယာဉ် အများစုမှာ ဟောင်းနွမ်းခြင်း၊ ခရီးသည်၊ ကုန်စည်သီးခြားမရှိခြင်း၊ ရေလမ်းကြောင်းများ ကျပ်တည်းခြင်း၊ ကုန်းလမ်းကွန်ရက်ဖွံ့ဖြိုးခြင်း စသည့်အခြေအနေများကြောင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်းသို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ဝင်ရောက်ခဲ့ပါကြောင်း။

### ဖက်စပ်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး

မြန်မာ့သင်္ဘောကျင်းလုပ်ငန်း Joint Venture ဆောင်ရွက်ခြင်းအနေဖြင့် ရေယာဉ်တည်ဆောက်ရေး၊ ဈေးကွက်ပိုမိုရရှိရေး၊ ခေတ်မီစက်ကိရိယာများဖြင့် ရေယာဉ်တည်ဆောက်နိုင်ရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဗီယက်နမ်နိုင်ငံ Dong A Shipbuilding Industry နှင့်ပူးတွဲ၍ Myanma Shipyards -Dong A Joint Venture Co.Ltd ထူထောင်ရန် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ဖက်စပ်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက် မှစ၍ ဖက်စပ်ကုမ္ပဏီ၏ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါဖက်စပ်ကုမ္ပဏီသည် ရေယာဉ်သစ် တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် သံထည် ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအချိန်အထိ ဖက်စပ်ကုမ္ပဏီသည်ရေယာဉ်သစ် ၂၁ စင်းအား တည်ဆောက်ပြီးစီးခဲ့ပြီး ၁၄ စင်းအား ဆက်လက်တည်ဆောက်လျက်ရှိပါကြောင်း၊ ရေယာဉ် ၅၄ စင်း ပြင်ဆင်ပေးခဲ့ပြီး နှစ်စင်းအား ဆက်လက်ပြင်ဆင်လျက်ရှိပါကြောင်း။

ရထားနှင့် ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍတွင် မြန်မာ့မီးရထားအနေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ခရီးသည်ဦးရေ ၄၆ ဒသမ ၄၈၉ သန်းနှင့် ကုန်တန်ချိန် ၁ ဒသမ ၇၄၄ သန်း သယ်ယူပို့ဆောင်နိုင်ခဲ့ပါကြောင်း၊ ယခင်နှစ်ထက်ခရီးသည် နှစ်သန်းကျော် ပိုမိုသယ်ယူပို့ဆောင်နိုင်ခဲ့ပါကြောင်း။

မြစ်ငယ်လူစီးတွဲ တည်ဆောက်ရေးစက်ရုံတွင် ၂၀၁၈ ခုနှစ် မတ်လတွင် တည်ဆောက်မှု လုပ်ငန်းများပြီးစီးသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လေအိတ်ပါလူစီးတွဲသစ် ၂၁ တွဲကို အပြီးတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော် စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ချေးငွေ အမေရိကန် ဒေါ်လာ ၄၇ ဒသမ ၉၁၆ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်လတွင် တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးသည့်အတွက် ဧပြီလမှစတင်၍ မြင်းကောင်ရေ ၂၀၀၀ အားရှိ စက်ခေါင်းသစ် ၁၀ စင်းကို ၂၀၁၉ ခုနှစ် မတ်လအတွင်း ပြီးစီးရေး တည်ဆောက်လျက်ရှိပါကြောင်း။

ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း (၂၀၁၇-၂၀၂၃) အနေဖြင့် ချေးငွေပထမအဆင့် ဂျပန်ယန်း ၂၀ ဘီလီယံ၊ ဒုတိယအဆင့် ဂျပန်ယန်း ၂၅ ဘီလီယံ သတ်မှတ်ပြီးဖြစ်ပါကြောင်း၊ ရန်ကုန်-တောင်ငူကြားလမ်းပိုင်း သုံးခု ပြုပြင်ရေး (မြို့ပြလုပ်ငန်း)အတွက် CP-101, CP-102, CP-103 တင်ဒါရွေးချယ်၊ ဈေးညှိနှိုင်းခြင်း ပြီးစီးပြီ ဖြစ်ပါကြောင်း၊ ရန်ကုန်ဘူတာကြီး အချက်ပြတပ်ဆင်ခြင်းလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါကြောင်း။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ဆောင်ရွက်မှုများအနေဖြင့် ၂၀၁၆ ခုနှစ် မတ်လတွင် ယာဉ်စီးရေ ၅ ဒသမ ၅ သန်းရှိရာမှ ၂၀၁၈ ခုနှစ် မတ်လကုန်တွင် ၆ ဒသမ ၈ သန်းရှိလာသဖြင့် ၁ ဒသမ ၃ သန်း တိုးတက်မှတ်ပုံတင်ပေးနိုင်ခဲ့ပါကြောင်း။

လုပ်ငန်းဆောင်ရွက်မှုများမှာ ယာဉ်မှတ်ပုံတင်သက်တမ်း တစ်နှစ်မှ နှစ်နှစ်သို့ ဖြေလျှော့ပေးမှုတွင် မည်သည့်အကွာရာ၊ ကိုယ်ပိုင်၊ လူစီးအုပ်စုဝင် ယာဉ်ငယ်များ၊ အင်ဂျင်ပါဝါ ၆၆၀ စီစီ ယာဉ်များ နှစ်လဲမှတ်ပုံတင်သက်တမ်းအား တစ်နှစ်မှ နှစ်နှစ်သို့ ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ နှစ်လဲမော်တော်ယာဉ်များ Online Booking စနစ်ကျင့်သုံးမှု (ရန်ကုန်တိုင်းဒေသကြီး)တွင် ရန်ကုန်တိုင်းဒေသကြီး နှစ်လဲမှတ်ပုံတင်သည့် ယာဉ်စီးရေများပြားသဖြင့် အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းရသည့် အခက်အခဲကို ဖြေလျှော့ပေးရန်အတွက် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့မှစ၍ ကြိုတင်စာရင်းသွင်းမှတ်သားသည် Online Booking စနစ်ကို ကျင့်သုံးခဲ့ပါကြောင်း၊ ယာဉ်မောင်းလိုင်စင်များအား Smart Card ဖြင့် ပြောင်းလဲထုတ်ပေးမှုတွင် ဒေသတွင်း နယ်စပ်ဖြတ်ကျော် ပို့ဆောင်မှုများ ဆောင်ရွက်ရာတွင် အဆင်ပြေမှုရှိစေရန်၊ နိုင်ငံတကာအဆင့်မီဖြစ်စေရန်အတွက် ယာဉ်မောင်းလိုင်စင်များကို Smart Card ဖြင့် ပြောင်းလဲထုတ်ပေးခဲ့ပါကြောင်း။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆောင်ရွက်မှုများ အနေဖြင့် ဆက်သွယ်ရေးကဏ္ဍတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ များစွာ ဝင်ရောက်လာခဲ့ပြီး ယနေ့ မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းသုံးစွဲနိုင်မှု အခြေအနေမှာ ၁၁၀ ဒသမ ၄၃ ရာခိုင်နှုန်းခန့်အထိ ရောက်ရှိနေပြီဖြစ်ရာ ၂၀၁၆ ခုနှစ် မတ်လအထိရှိသည့် မိုဘိုင်းဖုန်းသုံးစွဲနိုင်မှု ၈၆ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင်ပင် ၂၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ပါကြောင်း။

မိုဘိုင်းဖုန်းကွန်ရက်လွှမ်းခြုံမှုမှာ MPT ၉၀ ဒသမ ၀၁ ရာခိုင်နှုန်း၊ Telenor ၈၉ ဒသမ ၆ ရာခိုင်နှုန်းနှင့် Ooredoo ၉၀ ဒသမ ၅ ရာခိုင်နှုန်း ရှိပါကြောင်း၊ ဖိုက်ဘာကေဘယ်ဆက်ကြောင်းများ တည်ဆောက်ထားရှိမှု အခြေအနေတွင် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရန် ဖိုက်ဘာကေဘယ်ကွန်ရက်များကိုလည်း နိုင်ငံတစ်ဝန်းချခင်း တည်ဆောက်ခဲ့ရာ၌ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကီလိုမီတာ ၂၃၄၀၀ ခန့်ရှိခဲ့ရာမှ ယခုအချိန်အထိ တစ်နိုင်ငံလုံးအနေဖြင့် ပင်မဖိုက်ဘာကေဘယ်ဆက်ကြောင်း ကီလိုမီတာ ၄၂၂၀၀ ကျော် ချခင်းထားရှိပြီး ဖြစ်ပါကြောင်း။

မြန်မာ့စာတိုက်လုပ်ငန်း၏ အထူးဝန်ဆောင်မှုလုပ်ငန်းများတွင် ပြည်တွင်း အမြန်ချောပို့လုပ်ငန်း ၂၉၆ မြို့၊ ပြည်တွင်းရိုးရိုးငွေပို့လွှာလုပ်ငန်း ၇၈၃ မြို့၊ ပြည်တွင်း အမြန်ငွေပို့လွှာလုပ်ငန်း ၄၁၂ မြို့၊ ယနေ့ပို့မနက်ဖြန်ရောက် အိမ်တိုင်ရာရောက်ပေးဝေခြင်း ၈၃ ရုံး၊ နေ့ချင်းရောက်စာဝေ (Same Day Delivery) ၁၂၀ ရုံး၊ Home Town Product Dlivery ၂၂ မြို့၊ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း ၁၀၂ နိုင်ငံ၊ @ Post ၂၄၄ ရုံး၊ Online Shoppin ၄၁ ရုံး၊ EMS International နှင့် ပြည်ပချောထုပ်ထွက် ကောင်တာ ၁၇၈ ရုံး၊ CB Bank ၁၃၆ ရုံး၊ My Kyat ၃၃၄ ရုံး၊ OK Dollar ၇၈ ရုံးတို့ ရှိပါကြောင်း။

မိုးလေဝသနှင့် ဇလဗေဒကဏ္ဍတွင် မုန်တိုင်းများ၏ တည်နေရာ၊ ပြင်းအားနှင့် ရွေ့လျားမှု လမ်းကြောင်းများကို အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်း၍ သတင်းပေးချက်များ အခါမလပ် ထုတ်ပြန်နိုင်ရန် ဂျပန်နိုင်ငံအကူအညီဖြင့် မိုးလေဝသ ရေဒါသုံးလုံးကို တပ်ဆင်နိုင်ခဲ့ပါကြောင်း။

အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာ ၃၀ ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ၂၀၁၆ ခုနှစ် မေလကုန်တွင် အပြီးတပ်ဆင်ခဲ့ပါကြောင်း၊ ကိုရီးယားနိုင်ငံ၏ အကူအညီဖြင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ တိုင်းဒေသကြီး၊ ပြည်နယ်ရှိ စခန်း ၂၀ တွင် တပ်ဆင်ခဲ့ပါကြောင်း။

ကမ္ဘာ့ဘဏ်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း Component (2) အရ မိုးလေဝသစခန်း ၉၀ တွင် အလိုအလျောက် တိုင်းတာရေးကိရိယာများ တပ်ဆင်ရန်ရှိသည့်အနက် စခန်း ၈၀ တွင် တပ်ဆင်ထားပြီး ဖြစ်ပါကြောင်း၊ ဆက်လက်၍ ကိုရီးယားနိုင်ငံ၏ အကူအညီဖြင့် အလိုအလျောက် မိုးလေဝသ တိုင်းတာရေးကိရိယာအလုံး ၂၀ ထပ်မံ တပ်ဆင်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

စင်ကာပူနိုင်ငံ နမ်ယန်း နည်းပညာတက္ကသိုလ်နှင့် ပူးပေါင်း၍ (၂)နှစ်တာအတွင်း ယာယီ မြေငလျင်စက် အလုံး ၂၀ ၊အမြဲတမ်းမြေငလျင်စက် ၁၀ လုံး တပ်ဆင်ရာတွင် ပဲခူး၊ စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းဒေသကြီး လေးခုနှင့် ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၉ လုံး တပ်ဆင်ပြီးဖြစ်ပါကြောင်း၊ ကျန်တစ်လုံးကို ပဲခူးမြို့တွင် တပ်ဆင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

### မြေငလျင်စခန်း ရှစ်ခု စက်တပ်ဆင်

အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီဖြင့် မြေငလျင်စခန်း ရှစ်ခု စက်တပ်ဆင်ခြင်း ဆောင်ရွက်လျက်ရှိရာ တောင်ကြီး၊ ကသာနှင့် ညောင်ဦးမြို့များတွင် ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ပြီးစီးခဲ့ပြီး တောင်ငူ၊ ကန့်ဘလူ၊ သီပေါ၊ ဂွနှင့် ထားဝယ်မြို့များတွင် တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အချုပ်အားဖြင့်နိုင်ငံတစ်ဝန်း ၂၀၁၅-၂၀၁၆ အထိ မိုးလေဝသ၊ ဇလဗေဒ၊ မြေငလျင် စခန်း စုစုပေါင်း ၁၈၈ ခုရှိသည့်အနက် (၂)နှစ်တာအတွင်း မိုးလေဝသစခန်း နှစ်ခု၊ ဇလဗေဒစခန်း နှစ်ခု၊ မြေငလျင်စခန်း ငါးခု အသစ်တိုးချဲ့ဖွင့်လှစ်ခဲ့ပါကြောင်း ရှင်းလင်းသည်။

ထို့နောက် **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက** တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရန် မျှော်မှန်းချက်ချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို အပြည့်အဝရရှိရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းရေးနှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊

*စာမျက်နှာ ၁၈ သို့*

**❑ ပညာရည်စစ်ဆေးအကဲဖြတ်ရာတွင် ပညာသင်နှစ်တစ်နှစ်တွင် အခန်းဆုံးစစ်ဆေးခြင်းကို ဇူလိုင်လနှင့် ဒီဇင်ဘာလတို့တွင် ၁ ကြိမ်စီ၊ နှစ်ဝက်ဆုံးစစ်ဆေးခြင်းကို အောက်တိုဘာလတွင် ၁ ကြိမ်၊ နှစ်ဆုံးစစ်ဆေးခြင်းကို ဖေဖော်ဝါရီလတွင် ၁ ကြိမ်ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိ**

**❑ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ပညာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်မှ ထုတ်ပြန်အသိပေးခြင်း ဆောင်ရွက်လျက်ရှိ**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၁-၅-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၁၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၀၅/၉၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၅/၈၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၉၅/၉၁၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၄၈ ・၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၈၃ ・၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၀၃ ・၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၁၄ ・၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၁၄ ・၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၁၃ ・၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ・၂၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၉ ・၈၂၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၄ ・၆၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၃၉ ・၀၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၁ ・၈၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

Gmail mmalin.npt @ gmail.com,
Facebook www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

*စာမျက်နှာ ၁၇ မှ*

ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးစသည့် မူဝါဒလေးရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**လူမှုစီးပွားဘဝများ တိုးတက်မြင့်မားစေရေး**

ရည်မှန်းချက်အနေဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေး စသည့်ပြည်ထောင်စုစိတ်ဓာတ်များ တိုးတက်ရှင်သန်စေရေး ဆောင်ရွက်ရန်၊ တိုင်းရင်းသားများ၏ အခွင့်အရေးကို ဥပဒေပါ သတ်မှတ်ချက်များအတိုင်း အပြည့်အဝခံစားရရှိစေရေး ဆောင်ရွက်ရန်၊ တိုင်းရင်းသား များ၏ စကား၊ စာပေ၊ သမိုင်း၊ အနုပညာ၊ ယဉ်ကျေးမှု အမွေအနှစ်များနှင့် ရိုးရာဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊ တိုင်းရင်းသားများ၏ မူလဝိသေသလက္ခဏာများ မပျောက်ပျက်စေရေးအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးဆောင်ရွက်ရန်၊ တိုင်းရင်းသားလူမျိုးများ၏ ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့် လူမှုစီးပွားဘဝများ တိုးတက်မြင့်မားစေရေး ဆောင်ရွက်ရန်တို့ ဖြစ်ပါကြောင်း။

တိုင်းရင်းသားစာပေနှင့် ဘာသာစကားများထိန်းသိမ်းခြင်းအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားကလေးငယ်များ သင်ကြားသည့် ဘာသာရပ်များကို တိုင်းရင်းသားဘာသာ စကားဖြင့်လိုအပ်သည်များ ကူညီရှင်းပြ သင်ကြားပေးရန် နေ့စားလစာပေး ဆရာ၊ ဆရာမ (Teaching Assistant TA) များ ခန့်ထားနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နေပြည်တော်တို့တွင် ဆရာ၊ ဆရာမ ၅၁၆၁ ဦးကို ခန့်ထားနိုင်ခဲ့ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဟုမ္မလင်းမြို့နယ်၊ ဗန်းမောက်မြို့နယ်နှင့် ပင်လည်ဘူးမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများတွင် သျှမ်းနီတိုင်းရင်းသာဘာသာ သင်ကြားနိုင်ရေး၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းသုံးကျောင်းတွင် အရှိုချင်းဘာသာ သင်ကြားနိုင်ရေးနှင့် ပြဋ္ဌာန်းစာအုပ်အတည်ပြု ပုံနှိပ်ပေးနိုင်ရေးတို့အတွက် ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပေးနိုင်ခဲ့ပါကြောင်း။

နွေရာသီကျောင်းပိတ်ချိန်တွင် အခြေခံပညာကျောင်းများ၌ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကို တိုင်းရင်းသားဘာသာ ၄၄ မျိုးဖြင့် ဘာသာပြန် ဖြန့်ဝေနိုင်ခဲ့ပါကြောင်း။

> **“ရန်ကုန်တိုင်းဒေသကြီးရှိ ခရမ်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ရှိ ဒေးဒရဲမြို့နယ်၊ ပုသိမ်ခရိုင်နှင့် မအူပင်ခရိုင်တို့အတွင်းမှ ကျေးရွာပေါင်း ၃၀ ခန့်တွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်၏ အထောက်အပံ့ဖြင့် ဆိုလာပြားများတပ်ဆင်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့”**

မြန်မာဘာသာစကားမှသည် တိုင်းရင်းသားဘာသာစကားဆီသို့ စကားပြောစာအုပ်ပြုစုခြင်း၊ တိုင်းရင်းသားများ၏ ရိုးရာပုံပြင်များ၊ စကားပုံများနှင့် စကားထာများကို စုဆောင်း၍ စာအုပ်ပြုစုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း။

ဝန်ကြီးဌာနသို့ဆောင်ရွက်ပေးရန် တင်ပြလာသည့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များတွင် ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးရှိ ခရမ်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ရှိ ဒေးဒရဲမြို့နယ်၊ ပုသိမ်ခရိုင်နှင့် မအူပင်ခရိုင်တို့အတွင်းမှ ကျေးရွာပေါင်း ၃၀ ခန့်တွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်၏ အထောက်အပံ့ဖြင့် ဆိုလာပြားများ တပ်ဆင်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကြိမ်ချောင်းကျေးရွာရှိ အခြေခံပညာမူလတန်း ကျောင်း(မူလွန်)အား အခြေခံပညာ အလယ်တန်းကျောင်းသို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကျောက်တောင်ကျေးရွာအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အထက်တန်းကျောင်းအဖြစ် လည်းကောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း။

ကရင်ပြည်နယ် ဘားအံမြို့နယ် ခရားအတွင်းရွာ အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ဆောင် မလုံလောက်သည့်အတွက် တိုးချဲ့ကျောင်းဆောင်ဆောက်လုပ်ပေးနိုင်ရေး အတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ခဲ့ပါကြောင်း။

**တိုင်းရင်းသားများ၏အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေး**

ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအနေဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များနှင့် တိုင်းရင်းသားများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ညွှန်ကြားရေးမှူးရုံး အဆောက်အအုံသစ်များ ဆောက်လုပ်ခြင်း၊ ဝန်ထမ်းအင်အား ဖြည့်တင်းခန့်ထားရေးကို ဆောင်ရွက်ခြင်း၊ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်သော တိုင်းရင်းသား မျိုးနွယ်စုများ၏ Do-cumentary များ မှတ်တမ်းတင်ရိုက်ကူးနိုင်ရေး ဆောင်ရွက်ခြင်း၊ တိုင်းရင်းသားလူမျိုးများ၊ အဖွဲ့ အစည်းများနှင့် ချိတ်ဆက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန Website လွှင့်တင်ခြင်းကို ဆောင်ရွက်ခြင်း၊ မူလတန်းကြို တိုင်းရင်းသားကလေးငယ်များ စာသင်ကြားရာတွင် အထောက်အကူဖြစ်စေရန် တိုင်းရင်းသားရိုးရာ ပုံပြပုံပြင်စာအုပ်များ ထုတ်ဝေနိုင်ရေး ဆောင်ရွက်ခြင်းတို့ဖြစ်ပါကြောင်း ရှင်းလင်းသည်။

အဆိုပါ ဝန်ကြီးဌာနများ၏ ရှင်းလင်းချက်များအပေါ် ပြည်တွင်းပြည်ပ သတင်းမီဒီယာများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် သိရှိလိုသည်များကို မေးမြန်းကြသည်။

**မေးခွန်းပုံစံပြောင်းလဲစစ်ဆေးမည့် အခြေအနေ**

ပညာရေးဝန်ကြီးဌာန၏ ရှင်းလင်းချက်များ နှင့်ပတ်သက်၍ သတင်းမီဒီယာများက မသန်စွမ်း ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ပေးမှုအခြေအနေ၊ ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရေးအတွက် ဆောင်ရွက်ပေးနေသည့် အခြေအနေ၊ ပညာရေးကဏ္ဍ၌ ဆက်လက်ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားမည့် အခြေအနေ၊ ဆရာ၊ ဆရာမများ၏ အပြောင်းအရွှေ့ကိစ္စနှင့် ပတ်သက်သည့် မူဝါဒ၊ သုတေသနဆိုင်ရာ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ဆောင်ရွက်သွားမည့် အခြေအနေ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ မေးခွန်းပုံစံပြောင်းလဲစစ်ဆေးမည့် အခြေအနေနှင့် ကိုယ်ပိုင်ကျောင်းများတွင် ဝန်ဆောင်ခ ကောက်ခံဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ရှင်းလင်းချက်များနှင့် ပတ်သက်၍ ကျောက်ဖြူ ရေနက်ဆိပ်ကမ်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဆက်သွယ်ရေး အော်ပရေတာရွေးချယ် ခွင့်ပြုပေးနေသည့် အခြေအနေ၊ ဝန်ကြီးဌာနအောက်ရှိ အရှုံးပေါ်နေသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ Social Media Monitoring Team ဖွဲ့စည်းဆောင်ရွက်မှုနှင့် Cyber Law ရေးဆွဲဆောင်ရွက်နေမှု အခြေအနေ၊ ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်နံပါတ်ရောင်းချနေမှုနှင့် နိုင်ငံတော်သို့ ဘဏ္ဍာငွေ ပေးသွင်းမှုအခြေအနေ၊ ပုဂံဒေသရှိ ညောင်ဦးမြို့တွင် Green Airport ဖော်ဆောင်နေမှု အခြေအနေနှင့် ပြည်တွင်းမြစ်ကြောင်း ထိန်းသိမ်းရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

**ဟန်မွှေး၊ လင်းနိုင်(သတင်းစဉ်)**

---

## ပညာရေးဝန်ကြီးဌာန
## “၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်”
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❑ ကျောင်းသားဦးရေ တိုးတက်များပြားလာခြင်းကြောင့် လည်းကောင်း၊ ကျောင်းအပ်နှံနှုန်းမြင့်မားလာခြင်းကြောင့် လည်းကောင်း၊ ထပ်ကျော့ကျောင်းအပ်နှံခြင်းကြောင့် လည်းကောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို လုံလောက်စွာ ဖြန့်ဝေပေးလိုပါသဖြင့် မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❑ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်းမပြုပါရန်။
- ❑ အသက် ၅ နှစ်ပြည့်သူတိုင်း သူငယ်တန်း (KG) တွင် လည်းကောင်း၊ အသက် ၆ နှစ်ပြည့်သူတိုင်းအား ပထမတန်း (Grade 1) တွင် လည်းကောင်း၊ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်နိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❑ မိဘများအနေဖြင့် မိမိသားသမီးအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူ တာဝန်ခံဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
- ❑ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်မှန်ရေးနှင့် အိမ်စာမှန်မှန်လုပ်ဆောင်ရေးအတွက် မိဘများကကြီးကြပ်၍ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။
- ❑ သက်ဆိုင်ရာအတန်းများအလိုက် အခန်းဆုံးစစ်ဆေးခြင်းများကို ၂၀၁၈ - ခုနှစ် ဇူလိုင်လတွင် တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလတွင် တစ်ကြိမ်၊ နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၁၉ - ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ် စုစုပေါင်း (၄) ကြိမ်သာ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူများ သင်ယူတတ်မြောက်မှု ကောင်းမွန်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။
- ❑ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး မိမိသား၊ သမီးများကို တိုက်တွန်းအားပေးပါရန်။
- ❑ မိဘဆရာအသင်းနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။
- ❑ မူလတန်းအဆင့်တွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းကျောင်းသား၊ ကျောင်းသူများအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အခြေခံသင်္ချာတွက်ချက်တတ်ရန်အတွက် အလေးအနက်ထားဆောင်ရွက်ပြီး၊ ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်နှင့် မျှဝေခြင်းဆိုင်ရာအစီအစဉ်တွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။
- ❑ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။
- ❑ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော် (သို့မဟုတ်) dpoffice@moe-mm.com သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

---

## ပညာရေးဝန်ကြီးဌာန
## “၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်”
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာလက်ခံခြင်းမပြုရ။
- ❖ ကျောင်းဝတ်စုံအတွက် အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များ ရောင်းချခြင်းမပြုရ။
- ❖ အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ အသက် ၅ နှစ်ပြည့်သူတိုင်းအား သူငယ်တန်း (KG)တွင် လည်းကောင်း ၊ အသက် ၆ နှစ်ပြည့်သူတိုင်းအား ပထမတန်း (Grade 1)တွင် လည်းကောင်း၊ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်လက်ခံဆောင်ရွက်ရန်။
- ❖ ကျောင်းတက်မှန်၍ စာသင်ချိန်ဇယားအတိုင်း ပုံမှန်အတန်းဝင် သင်ကြားသင်ယူပေးရန်၊ ရုံးတက်မှန်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူတာဝန်ခံဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများဖြစ်လာစေရန်အတွက် ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ သင်ယူတတ်မြောက်မှုအရည်အသွေးကောင်းမွန်ရေး မိဘများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
- ❖ သက်ဆိုင်ရာအတန်းများအလိုက် အခန်းဆုံးစစ်ဆေးခြင်းများကို ၂၀၁၈ - ခုနှစ် ဇူလိုင်လတွင် တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလတွင် တစ်ကြိမ် ၊ နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၁၉ - ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ် စုစုပေါင်း (၄) ကြိမ်သာ ဆောင်ရွက်ရန်။
- ❖ ကျောင်းခေါ်ချိန်မပြည့်သူများ၊ သင်ယူတတ်မြောက်မှုအားနည်းသော ကျောင်းသား၊ ကျောင်းသူများအတွက် ဖြည့်ဆည်းသင်ကြားပေးခြင်း (Remedial Education) ကို ဇူလိုင်လမှစတင်၍ နှစ်ဆုံးစစ်ဆေးခြင်းမတိုင်မီအထိ စဉ်ဆက်ဆောင်ရွက်ရန်။
- ❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး ကျောင်းသား၊ ကျောင်းသူများကို တိုက်တွန်းအားပေးပါရန်။
- ❖ မူလတန်းအဆင့်တွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ ကျောင်းသား၊ ကျောင်းသူများအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အခြေခံသင်္ချာတွက်ချက်တတ်ရန်အတွက် အလေးအနက်ထားဆောင်ရွက်ပြီး၊ ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း ၊အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့အကြံပြုလို၊ တိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော် (သို့မဟုတ်) dpsoffice@moe-mm.com သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

# မယ်စဲ့မြို့နယ် ကျေးရွာများ၌ အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေး

**မယ်စဲ့ မေ ၂၁**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှ ဝန်ထမ်းများသည် မြို့နယ်အတွင်းမှ မြို့နှင့်အလှမ်းဝေးပြီး ဝေးလံခေါင်သီသော ကျေးရွာများသို့ ကွင်းဆင်းသွားရောက်၍ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၁ ရက်က လမ်းဆုံကျေးရွာသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မယ်စဲ့မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကျေးရွာပြည်သူများအား အထွေထွေရောဂါများ စစ်ဆေးကုသပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်ငါးနှစ်အောက် ကလေးများအား အာဟာရစောင့်ရှောက်မှုပေးခြင်းတို့အပြင် ပြည်သူများအား ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



# မြောင်းမြမြို့နယ်မှ ရေပြတ်နေသည့် ကျေးရွာသို့ ရေများလှူဒါန်း

**မြောင်းမြ မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်းမှ သောက်သုံးရေပြတ်လပ်နေသည့် ဘူးဒင်းကျေးရွာအတွက် သောက်သုံးရေများကို မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မေ ၂၀ ရက်က ကျေးရွာအရောက် ကွင်းဆင်းပြီး လှူဒါန်းပေးခဲ့သည်။

ဘူးဒင်းကွင်းကျေးရွာအုပ်စုသည် ရေငံများ ဝန်းရံတည်ရှိနေသောကြောင့် ကျေးရွာလူထုအဖို့ အနီးအနားရှိ ရေတွင်း၊ ရေကန်များကို အဓိကအားပြုကာ သောက်သုံးရေအဖြစ် အသုံးပြုခဲ့ကြရကာ လက်ရှိအချိန်တွင် ပူပြင်းလှသော ရာသီဥတုကြောင့် ရေတွင်း၊ ရေကန်များ ခန်းခြောက်လာပြီး ရေရှားပါးပြတ်လပ်လာ၍ မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက သောက်သုံးရေများ သွားရောက်လှူဒါန်းပေးရခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပလက်ဝ၌ ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ပလက်ဝ မေ ၂၁**

ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့တွင် ရိုက်ကီးလူထုဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းမှ ဦးစီး၍ ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးပွဲကို မေ ၁၈ ရက်တွင် ကျင်းပခဲ့သည်။

"ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပရခြင်းရဲ့ရည်ရွယ်ချက်ကတော့ ပြည်သူလူထုအကြား လူမှုသဟဇာတဖြစ်ပြီး ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေး တည်ဆောက်ရေးကို အထောက်အကူဖြစ်စေဖို့ပါ" ဟု တာဝန်ခံ အိုက်မောင်ညိုက ပြောသည်။

အဆိုပါ ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးပွဲတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုသဟဇာတဖြစ်ရေး၊ မူးယစ်ဆေးဝါးကင်းစင်ရေး၊ အမျိုးသား အမျိုးသမီးတန်းတူညီမျှရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးစသည့် ခေါင်းစဉ်ရှစ်ခုဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး၊ မြို့စည်ပင်သာယာရေးဥက္ကဋ္ဌ၊ ပညာရေးဝန်ထမ်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူငယ်အဖွဲ့အစည်းများ၊ ဆမီးဒေသရှိ လူမျိုးနွယ်စုကိုယ်စားလှယ်များနှင့် ပတ်ဝန်းကျင် ကျေးရွာပေါင်း ၃၀ မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်ကျော် (ပလက်ဝ)**

## မီးလောင်လျှင်

- ထွက်မပြေးပါနှင့် စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
- ကျိတ်မငြိမ်းပါနှင့် ပတ်ဝန်းကျင်သို့ အကူအညီ တောင်းပါ။
- နီးစပ်ရာ မီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်း ကြားပါ။
- ဝိုင်းဝန်း၍ ကြိုးစားငြိမ်းသတ်ပါ။
- မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**



# ကချင်စစ်ဘေးရှောင်ပြည်သူများအတွက် ဖလမ်းမြို့၌ အလှူငွေများ ကောက်ခံလျက်ရှိ

**ဖလမ်း မေ ၂၁**

ကချင်စစ်ဘေးရှောင်ပြည်သူများအား လူသားချင်းစာနာမှုအကူအညီပေးနိုင်ရေးအတွက် ဖလမ်းမြို့၌ မေ ၂၁ ရက်က တစ်အိမ်တက် တစ်အိမ်ဆင်းဖြင့် အလှူငွေများ ကောက်ခံလျက်ရှိသည်။

"ဒီကနေ့ ကျွန်တော်တို့ CRCDF ဦးဆောင်မှုနဲ့ ဖလမ်းမြို့တစ်မြို့လုံး မြို့နေလူထုတွေကလည်း ကချင်စစ်ဘေးရှောင်ပြည်သူလူထုအတွက် စာနာမှုအနေနဲ့ အုတ်တစ်ချပ်သဲတစ်ပွင့် တတ်နိုင်သလောက် ပါဝင်နိုင်ဖို့ ဖလမ်းမြို့ပေါ်မှ အသင်းတော်ပေါင်းစုံက လူငယ်တွေ စုစည်းပြီး တစ်အိမ်တက် တစ်အိမ်ဆင်း အလှူငွေကောက်ခံခြင်းဖြစ်ပါတယ်၊ မနေ့ညကလည်း ဖလမ်းမြို့ပေါ်မှာရှိတဲ့ အသင်းတော် ၃၄ သင်းမှ ကချင်စစ်ဘေးရှောင်ပြည်သူများအတွက် လူသားချင်းစာနာမှု အလှူငွေများ ထည့်ပေးလျက်ရှိပါတယ်၊ ဖလမ်းမြို့ကနေ ကောက်ခံရရှိတဲ့အလှူငွေတွေကို ရန်ကုန်မှာရှိတဲ့ ဖလမ်းလူမှုရေးအသင်းလူငယ်အဖွဲ့က ကောက်ခံရရှိတဲ့ငွေနဲ့ပေါင်းပြီး သွားရောက်လှူဒါန်းမှာဖြစ်ပါတယ်" ဟု ဖလမ်းမြို့ အခြေစိုက် ချင်းလူမှုကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (CRCDF) အတွင်းရေးမှူး ဆလိုင်းငယ်ပီးက ပြောသည်။

ကချင်စစ်ဘေးရှောင်ပြည်သူများအား လူသားချင်းစာနာမှုအကူအညီပေးနိုင်ရေး ဖလမ်းမြို့အခြေစိုက် ချင်းလူမှုကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (CRCDF)က ဦးဆောင်၍ ဖလမ်းမြို့ အသင်းတော်အသီးသီးရှိ လူငယ်များက မိဘပြည်သူများထံ တစ်အိမ်တက် တစ်အိမ်ဆင်းဖြင့် အလှူငွေများကို နှစ်ရက်ကြာ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မူဆယ်မြို့၌ မျက်စိဝေဒနာရှင် ၁၂ ဦးကို အခမဲ့ခွဲစိတ်ကုသပေးနိုင်ခဲ့

**မူဆယ် မေ ၂၁**



မူဆယ်မြို့ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(မူဆယ်ခရိုင်)မှ ကြီးမှူးပြီး မူဆယ်ခရိုင် အုပ်ချုပ်ရေးဌာန တရုတ်နိုင်ငံ ရွှေလီမြို့ ပြည်သူ့အစိုးရ၊ ရွှေလီမြို့ ကျန်းမာရေးနှင့် သားသမီးဦးရေကန့်သတ်ရေးဌာန၊ ရွှေလီမြို့တရုတ်-မြန်မာနယ်စပ်ဒေသယဉ်ကျေးမှု ဖလှယ်ရေးအသင်း၊ ရွှေလီမြို့ ပြည်သူ့ဆေးရုံတို့နှင့် ပူးပေါင်းကာ ၂၀၁၈ ခုနှစ်အတွင်း အလင်းပြစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း အတွင်းတိမ်၊ အပြင်တိမ် မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ပေးခြင်းကို ဆောင်ရွက်ခဲ့သည်။ အဆိုပါလူနာများထဲမှ အတွင်းတိမ်စွဲလူနာ ၁၂ ဦးကို မေ ၁၇ ရက်က အခမဲ့ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

အဆိုပါ မျက်စိဝေဒနာရှင်များအနက် လူနာ ၁၀ ဦးကို မေ ၁၉ ရက်တွင် မျက်စိပါရဂူဆရာဝန်ကြီးဦးဆောင်သော အဖွဲ့က မျက်စိကုသပေးခဲ့ပြီး လိုအပ်သည့် စမ်းသပ်မှုများကို ဆောင်ရွက်ပေးခဲ့သည်။ ထိုလူနာများအတွက် စားသောက်စရိတ်အား မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းမှ ယွမ် ၂၀၀၀ ဖိုး လှူဒါန်းထောက်ပံ့ပေးခြင်းနှင့် မူဆယ်မြို့နယ် အမျိုးသမီးရေးရာ အသင်းဥက္ကဋ္ဌမှလည်း လူနာများအား ရင်းနှီးစွာဖြင့် အားပေးစကားပြောကြားပြီး အာဟာရရရှိစေမည့် မုန့်များ လှူဒါန်းပေးခဲ့ကြသည်။

မေ ၂၀ ရက်က နေရပ်ပြန် မျက်စိဝေဒနာရှင်များအား ရွှေလီမြို့ ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူများသည် တရုတ်-မြန်မာနယ်ခြားဂိတ်ဖြစ်သော နန်းတော်ပေါက်ထိ လိုက်ပါပို့ဆောင်ခဲ့သလို မြန်မာနိုင်ငံဘက်မှ လူဝင်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (မူဆယ်ခရိုင်)မှ တာဝန်ရှိသူများက လာရောက်ကြိုဆိုကာ နေရပ်ပြန်မည့်ကားပေါ်အရောက် လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။ လူနာတစ်ဦးဖြစ်သော အဘွားဒေါ်ခင်မေက "ဆရာဝန်၊ ဆရာမတွေနဲ့ စကားပြောရတာ တရုတ်လိုပြောလို့ နားမလည်တာကလွဲရင် အားလုံးကဂရုစိုက်ကြပါတယ်၊ မျက်စိမခွဲခင်က မျက်လုံးမှုန်ဝါးနေပြီး အခုမျက်လုံးကတော့ အမြင်ကြည်လင်ပြီး ပိုကောင်းလာပါတယ်၊ တာဝန်ရှိသူတွေအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်များတောင်းပေးခဲ့ပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံမှ လူနာများအား ခွဲစိတ်ကုသမှုကုန်ကျစရိတ်မှာ ရွှေလီမြို့အစိုးရမှ တရုတ်ယွမ်ငွေ ၅ သိန်းကျော်ခန့် စရိတ်ကျခံပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးပြည်သူ့စကားဝိုင်း ရမည်းသင်း၌ ကျင်းပ

**ရမည်းသင်း မေ ၂၁**

ကျေးရွာများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပျော်ဘွယ်မြို့နယ် တွင်းရွာအုပ်စု အရှေ့လျော်ဖြူကုန်းကျေးရွာ မြို့ဦးဇေတန်ဝန်ကျောင်း ဓမ္မာရုံ၌ မေ ၂၀ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးရေးပြည်သူ့စကားဝိုင်း ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်စုံဝင်းက အမှာစကားပြောကြားပြီး ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်သိမ့်မျိုးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစကားဝိုင်း ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးမည့်သူများဖြစ်သော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးတင်စိုး၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းညွန့်၊ မြို့နယ်အခြေခံပညာဦးစီးဌာန မြို့နယ်ဒုတိယပညာရေးမှူး ဦးအောင်လွင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မာလာ၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးအောင်ထက်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်သီတာဝင်းစံနှင့် ကျေးရွာတောင်သူလယ်သမားကိုယ်စားလှယ် ဦးဝင်းနိုင်တို့ ပါဝင်ဆွေးနွေးကြပြီး ကျေးရွာပြည်သူများကိုယ်စားရုံကုံးကျေးရွာမှ ဦးသောင်းရွှေ၊ တွင်းရွာကျေးရွာမှ ဦးသာဌေး၊ တောင်ဂွကျေးရွာမှ ဦးသိန်းအေး၊ နေပူကုန်းကျေးရွာမှ ဦးဆန်းညွှန့်နှင့် အရှေ့လျော်ဖြူကုန်းကျေးရွာမှ ဦးဇော်မင်းတို့က ကဏ္ဍစုံနှင့် ပတ်သက်သည်များကို ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ပြန်/ဆက်)**



မြန် မာ့ ရိုး ရာ အား က စား

# ပြည်ပလက်ဝှေ့ကျော်များ ယှဉ်ပြိုင်ထိုးသတ်သော Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲမှ စောင့်ကြည့်ရတော့မည့် ဆီမီးဖိုင်နယ်ပွဲစဉ်များလားရာ

သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး MMTS နှင့် H & S Group တို့မှ တာဝန်ယူကျင်းပလျက်ရှိသော ပြည်ပလေးနိုင်ငံမှ လက်ဝှေ့ကျော်များ ယှဉ်ပြိုင်ထိုးသတ်သည့် ရိုးရာလက်ဝှေ့လောက၏ ပထမဆုံးသော Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီး၏ ပထမကွာတားဖိုင်နယ်ပွဲစဉ်များကို ဧပြီ ၂၉ ရက်က ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့ အားကစားရုံ၌ စတင်ကျင်းပခဲ့ပြီးဖြစ်သည်။ အလားတူ ဒုတိယကွာတားဖိုင်နယ်ပွဲစဉ်များကိုလည်း ပြီးခဲ့သော မေ ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ပင် ကျင်းပပြီးစီးခဲ့သည်။ ယင်းပွဲစဉ်များတွင် ပြည်တွင်းလက်ဝှေ့ကျော်များ အနိုင်ရသကဲ့သို့ ပြည်ပလက်ဝှေ့ကျော်များလည်း အနိုင်ရခဲ့ကာ ဆီမီးဖိုင်နယ်သို့ အသီးသီး တက်လှမ်းသွားကြပြီဖြစ်သည်။**



စိုးထက်ဦး(ဖီးနစ်)



ကျားပေါက်(ရန်စစ်ငြိမ်း)

အဆိုပါပြိုင်ပွဲကြီး၏ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ၅၇-၆၀ ကီလိုတန်း၌ စောဖိုးထွန်း(သတ္တိ)နှင့် ခွမ်ဖစ်(ထိုင်း)၊ သျှူးခလိန်းမင်း(မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် ရဲသွေးနီ(တောင်ကလေး)တို့ ထိပ်တိုက်တွေ့ဆုံကြမည်ဖြစ်သည်။ ခွမ်ဖစ် (ထိုင်း)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် စောဖိုးထွန်းသည် ပထမနေ့ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဆလိုင်းချမ်းမြေ့ကိုအား ငါးချီပြည့် ရေကုန်ရေခန်းယှဉ်ပြိုင်ထိုးသတ်ပြီး အမှတ်ဖြင့်အနိုင်ယူကာ ဆီမီးသို့ တက်လှမ်းလာသော လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ဆရာဦးဝင်းဇင်ဦး ကိုင်တွယ်သော သတ္တိကလပ်တွင် လေ့ကျင့်ကစားနေသော မျိုးဆက်သစ်လက်ဝှေ့ကျော်တစ်ဦးဖြစ်ပြီး မာဂုဏ်ရှိသကဲ့သို့ အသည်းကောင်းသော လက်ဝှေ့မောင်တစ်ဦးဖြစ်သည်။ သတ်လုံးသတ်ကွက်စုံသလို ပြိုင်ဘက်ကစားသမား အခြေအနေကို သုံးသပ်ကာ ယှဉ်ပြိုင်ထိုးသတ်လေ့ရှိသည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။

စောဖိုးထွန်း(သတ္တိ)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ခွမ်ဖစ်(ထိုင်း)သည် Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်သော ပြည်ပလေးနိုင်ငံလက်ဝှေ့ကျော်များထဲမှ တစ်ဦးတည်း ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာသော သမ္ဘာရင့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ခွမ်ဖစ်သည် ကွာတားဖိုင်နယ်တွင် ဒေါင်းဖြူလေး (Adventure)ကို အစီးသရေဖြင့်ကစားပြီး အမှတ်ဖြင့် အပြတ်အသတ်နိုင်ကာ ဆီမီးသို့တက်လှမ်းလာသော သမ္ဘာရင့်လက်ဝှေ့ကျော်တစ်ဦးဖြစ်သလို မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် အသည်းမာဇွဲပါလှသော ရဲသွေးနီနှင့် တွေ့ဆုံယှဉ်ပြိုင်ထိုးသတ်ဖူးသူတစ်ဦးဖြစ်သည်။ ခွမ်ဖစ်သည် ပြီးခဲ့သော ဧပြီ ၈ ရက်တွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့ရုံ၌ပင် ရဲသွေးနီနှင့် မြန်မာ့ရိုးရာလက်ဝှေ့ကို ပထမဆုံး ယှဉ်ပြိုင်ထိုးသတ်ခဲ့သူဖြစ်ပြီး ယင်းပွဲတွင် ရဲသွေးနီကို အစီးသရေဖြင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ခွမ်ဖစ်သည် ဘယ်ခြေကန်ချက်နှင့် ဘယ်လက်သီးတို့ကို အားပြုကစားလေ့ရှိသကဲ့သို့ ပြိုင်ဘက်ကစားသမားအပေါ် ပွဲချိန်အတွင်းမှာပင် သုံးသပ်ယှဉ်ပြိုင်ထိုးသတ်လေ့ရှိသော သမ္ဘာရင့် လက်ဝှေ့သမားကောင်းတစ်ဦးဖြစ်သည်။ Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီးတွင် ပြည်ပလေးနိုင်ငံမှ လက်ဝှေ့ကျော်များ လာရောက်ယှဉ်ပြိုင်ရာတွင် တစ်ဦးတည်းသော ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာသော လက်ဝှေ့သူရဲကောင်းတစ်ဦးလည်းဖြစ်သည်။

ရဲသွေးနီ(တောင်ကလေး)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် သျှူးခလိန်းမင်း(မြိုင်ကလေးဘိလပ်မြေစက်ရုံ) သည် ကွာတားဖိုင်နယ်တွင် နောင်အို(လာအို)ကို တတိယအချီတွင် အလဲထိုးဖြင့်အနိုင်ယူပြီး ဆီမီးသို့ တက်လှမ်းလာသော လက်ဝှေ့မောင်တစ်ဦးဖြစ်သည်။ ၎င်းနှင့်ယှဉ်ပြိုင်ထိုးသတ်မည့် ရဲသွေးနီ(တောင်ကလေး)သည် ပင်ဖစ် (ထိုင်း)ကို ဒုတိယအချီမှာပင် အလဲထိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာသော ရိုးရာလက်ဝှေ့သမားကောင်းတစ်ဦးဖြစ်သည်။ ဝိတ်တန်းတူလျှင် ဘက်မရွေးသော ရဲသွေးနီက အရပ်အမောင်းကောင်းသော သျှူးခလိန်းမင်းကို ဘယ်လိုရင်ဆိုင်ယှဉ်ပြိုင်မည်ကို ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ လာမည့်ဆီမီးဖိုင်နယ်တွင် စောင့်ကြည့်ရတော့မည်ဖြစ်သည်။



၆၇-၇၁ ကီလိုတန်းမှ ဒေါနအောင်(ဖီးနစ်)နှင့် မင်းမောင်မောင်(တောင်ကလေး)တို့ ကွာတားဖိုင်နယ်၌ ယှဉ်ပြိုင်ထိုးသတ်စဉ်

၆၂-၆၆ ကီလိုတန်းပြိုင်ပွဲဆီမီးဖိုင်နယ်တွင် စောမင်းအောင်(တောင်ကလေး)နှင့် ရဲတံခွန် (အဖြူရောင်သွေးသစ်)၊ စိုးထက်ဦး(Phoenix)နှင့် ကျားပေါက် (ရန်စစ်ငြိမ်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရမည်ဖြစ်သည်။ စောမင်းအောင် (တောင်ကလေး)သည် ကွာတားဖိုင်နယ်၌ ဗထူးမောင်(ရတနာပုံ)ကို ပထမအချီ ၃၃ စက္ကန့်မှာပင် အလဲထိုးဖြင့် အနိုင်ရပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာကာ ရဲတံခွန်(အဖြူရောင်သွေးသစ်)နှင့် ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်သည်။ ရဲတံခွန် (အဖြူရောင်သွေးသစ်)သည် ကွာတားဖိုင်နယ်ပွဲစဉ်တွင် မူလာ (ဘရာဇီး) နှင့် ယှဉ်ပြိုင်ထိုးသတ်ရာ ဒုတိယအချီ ၅၃စက္ကန့်တွင် မူလာအား ညာဖြောင့်လက်သီးဖြင့် အလဲထိုးအနိုင်ယူကာ ဆီမီးသို့ တက်လှမ်းလာသော သမ္ဘာရင့်လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ အလားတူ စိုးထက်ဦး (Phoenix)နှင့် ဆီမီးတွင် တွေ့ဆုံမည့် ကျားပေါက်(ရန်စစ်ငြိမ်း)သည် မြန်မာရိုးရာလက်ဝှေ့ကို ပထမဆုံး လာရောက်ယှဉ်ပြိုင် ထိုးသတ်သော ကျောက်လျှမ်းလီ(တရုတ်)ကို ဒုတိယအချီတွင် အလဲထိုးအနိုင်ယူခဲ့သလို စိုးထက်ဦး (Phoenix) သည်လည်း ဆူနီအို (ထိုင်း)ကို ပထမအချီမှာပင် အလဲထိုးဖြင့်အနိုင်ယူယှဉ်ပြိုင်ထိုးသတ်ခဲ့သော လက်ဝှေ့မောင်တစ်ဦးသည်။ ၎င်းတို့နှစ်ဦးအပြိုင်တွေ့ကြမည့် ဆီမီးဖိုင်နယ်ပွဲတွင် ဘယ်သူ နောက်တစ်ဆင့်ဖိုင်နယ်သို့ တက်လှမ်းသွားမည်ကို ရိုးရာလက်ဝှေ့ချစ်ပြည်သူများ အမှန်တကယ်စောင့်ကြည့်ရတော့မည်ဖြစ်သည်။

"ကျွန်တော်တို့ ခုကျင်းပနေတဲ့ Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီးဟာ တဖြည်းဖြည်းနဲ့ အရှိန်မြင့်လာပါပြီ။ လာမယ့် ဆီမီးပြိုင်ပွဲမှာ ပိုမိုပြင်းထန်လာတော့မှာပါ။ ဆီမီးမှာ တကယ့် လက်ဝှေ့သမ္ဘာရင့်တွေ တွေ့ဆုံကြမယ့် ပွဲတွေဖြစ်တော့ ရိုးရာလက်ဝှေ့ချစ်ပြည်သူတွေအနေနဲ့ ပိုမိုကြည့်ကောင်းမှာ သေချာပါတယ်။ ခုဆိုရင် ပြည်ပက လာရောက်ယှဉ်ပြိုင်ထိုးသတ်တဲ့ မွေထိုင်းလက်ဝှေ့ကျော် ကိုးယောက်ထဲက ခွမ်ဖစ်(ထိုင်း)ဟာ ဆီမီးဖိုင်နယ်ကို တက်လှမ်းလာပါပြီ။ အဲဒီဝိတ်တန်းဟာ ခွမ်ဖစ်ရဲ့ ခါးပတ်ဖြစ်လာမယ်လို့တောင် ရိုးရာလက်ဝှေ့ချစ် ပြည်သူတွေက ဝေဖန်ပြောဆို ခန့်မှန်းနေကြတာတွေ ရှိပါတယ်။ ဒါပေမယ့် ဘယ်ဝိတ်တန်းမှာ ဘယ်သူချန်ပီယံဖြစ်မယ်ဆိုတာကိုတော့ ယှဉ်ပြိုင်ထိုးသတ်တဲ့ ပြိုင်ပွဲပြီးမှပဲ ရလဒ်အမှန် ပေါ်ထွက်လာမှာ"ဟု Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီးအား ဦးဆောင်စီစဉ်သူ ဦးစိုင်းဇော်ဇော်က ပြောသည်။

ရိုးရာလက်ဝှေ့ ဝါသနာရှင်များအတွက် အဆိုပါပြိုင်ပွဲကြီး၏ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ရုံဝင်ကြေးအဖြစ် ငွေကျပ် ၅၀၀၀၊ ၁၅၀၀၀နှင့် ၂၀၀၀၀ သတ်မှတ်ပေးထားပြီး ကြိုတင်လက်မှတ်များ မှာယူလိုပါက ဖုန်း-၀၉-၂၅၄၂၁၄၁၆၀ သို့ ဆက်သွယ်မှာယူနိုင်မည်ဖြစ်သည်။ ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နောက်ဆုံး ဗိုလ်လုပွဲစဉ်များကို ဩဂုတ် ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

ယင်း Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီးတွင် ၆၇-၇၁ ကီလိုတန်း၊ ၆၂-၆၆ ကီလိုတန်းနှင့် ၅၇-၆၁ ကီလိုတန်း သုံးတန်း ထည့်သွင်းကျင်းပခဲ့ပြီး ပြိုင်ပွဲ၌ ၅၇-၆၁ ကီလိုတန်း ကွာတားဖိုင်နယ်ပွဲစဉ်တွင် ထိုးသတ်ကြေးငွေကျပ် ခုနစ်သိန်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ငွေကျပ် ၁၀ သိန်း၊ ဖိုင်နယ်ပွဲစဉ်များတွင် ချန်ပီယံရရှိသူအား ၂၅ သိန်းနှင့် ဒုတိယဆုရရှိသူအား ၁၅ သိန်းချီးမြှင့်မည်ဖြစ်သည်။ ၆၁ - ၆၆ ကီလိုတန်းပြိုင်ပွဲတွင် ကွာတားဖိုင်နယ်၌ ထိုးသတ်ကြေး ရှစ်သိန်း၊ ဆီမီးဖိုင်နယ်တွင် ၁၂ သိန်းနှင့် ဒုတိယရရှိသူအား သိန်း ၂၀ ချီးမြှင့်မည်ဖြစ်ကာ ဗိုလ်စွဲအနိုင်ရရှိသူအား ငွေကျပ် သိန်း ၃၀ ချီးမြှင့်ပေးမည်ဖြစ်သည်။ အလားတူ ၆၇ ကီလိုမှ ၇၁ ကီလိုတန်းပြိုင်ပွဲတွင် ကွာတားဖိုင်နယ်၌ ငွေကျပ် ၁၀ သိန်း၊ ဆီမီးဖိုင်နယ်၌ ငွေကျပ် ၁၅ သိန်းနှင့် ဒုတိယဆုရရှိသူမှာ ငွေကျပ် ၂၅ သိန်းရရှိမည်ဖြစ်ပြီး ဗိုလ်စွဲအနိုင်ရသူအား ငွေကျပ် သိန်း ၄၀ ချီးမြှင့်ပေးမည်ဖြစ်သည်။

၆၇-၇၁ ကီလိုတန်း ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ ကြည့်ရှုကြရမည့် တွဲဆိုင်းများမှာ မင်းမောင်မောင်(တောင်ကလေး)နှင့် ဆန်းသူဦး(တိုက်ဂါး)၊ ကျော်ထက်(United)နှင့် ကြယ်စင်ဖြိုး (ရိုးရာပုဂံ) ရင်ဆိုင်တွေ့ဆုံကြမည်ဖြစ်သည်။ မင်းမောင်မောင်(တောင်ကလေး) သည် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ရွှေခါးပတ်ချန်ပီယံဟောင်း ဒေါနအောင် (Phoenix)ကို အမှတ်ဖြင့် အနိုင်ယူကာ ဆီမီးသို့တက်လှမ်းလာသူဖြစ်ပြီး ၎င်းနှင့်အတူ ယှဉ်ပြိုင်ထိုးသတ်မည့် ဆန်းသူဦး(တိုက်ဂါး)မှာလည်း သီရာဂို(ဘရာဇီး)ကို ပထမချီမှာပင် အလဲထိုးအနိုင်ယူကာ ဆီမီးသို့တက်လှမ်းလာသူဖြစ်သည်။ တစ်ဖန် ကြယ်စင်ဖြိုး(ရိုးရာပုဂံ)နှင့် ထိပ်တိုက် ရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်ရမည့် ကျော်ထက်(United) သည် ဆလန်ဒန်(လာအို)ကို ပထမအချီအစမှာပင် ဘယ်တံတောင်ရိုက်ချက်ဖြင့် အနားတောင်းစေပြီး ၂မိနစ် ၇ စက္ကန့်တွင် ထပ်မံအလဲထိုး အနိုင်ယူခဲ့သူဖြစ်သည်။ ကျော်ထက်နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ကြယ်စင်ဖြိုး(ရိုးရာပုဂံ)သည် နတ်ဖလတ်(ထိုင်း)ကို ပထမအချီနှင့် ဒုတိယအချီတို့တွင် တစ်ဖက်နှင့်တစ်ဖက် ရေကုန်ရေခန်းယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး တတိယအချီ ၁မိနစ် ၂၄ စက္ကန့်တွင် အလဲထိုး အနိုင်ယူခဲ့သည်။ သို့ဖြစ်၍ လာမည့် ဇူလိုင် ၈ ရက်တွင် ဆက်လက်ကျင်းပမည့် Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီး၏ ဆီမီးဖိုင်နယ်မှ မည်သူများဖိုင်နယ်သို့ တက်လှမ်းသွားမည်ကို ရိုးရာလက်ဝှေ့ဝါသနာရှင်ပြည်သူများ စောင့်မျှော်ကြည့်ရှုရတော့မည် ဖြစ်ပါကြောင်း။ ။



ကျော်ထက်(ယူနိုက်တက်)



ကြယ်စင်ဖြိုး(ရိုးရာပုဂံ)

# သမိုင်းမှတ်တမ်း ပျူဒင်္ဂါးများ

**မောင်သာ(ရှေးဟောင်းသုတေသန)**



ဒင်္ဂါးဟူသည့် ဝေါဟာရသည် သက္ကဋ ဘာသာစကား ဋင်္ကမှ ဆင်းသက်လာကာ မြန်မာအဘိဓာန်တွင် ဒင်္ဂါးကို အလေးချိန်၊ တန်ဖိုးသတ်မှတ်ကာ တံဆိပ်ခတ်နှိပ်၍ သွန်းလုပ်ထားသော ရွှေ၊ ငွေစသည့် သတ္တုပြားဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

မြန်မာနိုင်ငံသမိုင်းတစ်လျှောက် ဒင်္ဂါးများကို ပျူခေတ်မှ စတင်၍ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ခဲ အစရှိသည့် သတ္တုများဖြင့် သွန်းလုပ်ခဲ့သည့် အထောက်အထားများကို သုတေသီများက ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြသည်။ ဒင်္ဂါးများကို အချုပ်အခြာအာဏာပိုင်ဆိုင်မှုအထိမ်းအမှတ်အဖြစ် သွန်းလုပ်ကြသကဲ့သို့ ငွေကြေးသုံးစွဲမှု စနစ်တစ်ရပ်အဖြစ်လည်း သွန်းလုပ်ခဲ့ကြသည်။

**ဒင်္ဂါးများ၏ မူလ**


မြို့ပြတည်ထောင်နေထိုင်သည့် လူ့အဖွဲ့အစည်းပေါ်ထွန်းခဲ့ချိန်တွင် လူများအကြား ငွေကြေးသုံးစွဲမှု စနစ်တစ်ရပ်ကို တီထွင်ခဲ့ကြသည်။ ငွေကြေးကို မသုံးစွဲနိုင်မီက ကုန်ပစ္စည်းဖလှယ်သည့် စနစ်ဖြင့် မိမိတို့ အလိုရှိသည့် ပစ္စည်းများကို တစ်ဦးနှင့်တစ်ဦး ရယူခဲ့ကြရသည်။ သို့သော် ကုန်ပစ္စည်းချင်းဖလှယ်မှုသည် တန်ဖိုးညီမျှမှုအတိအကျမရှိသဖြင့် အဆင်ပြေချောမွေ့မှုမရှိခဲ့ချေ။

ထို့ကြောင့် ကုန်စည်ဖလှယ်ရေးတွင် လူတိုင်းလက်ခံနိုင်မည့် ကြားခံပစ္စည်းတစ်ခု လိုအပ်လာခဲ့သည်။ ယင်းပစ္စည်းကိုမဏ္ဍိုင်ထား၍ ကုန်ပစ္စည်းဖလှယ်ကြလျှင် မိမိအလိုရှိသည့် ပစ္စည်းကို အလွယ်တကူရရှိမည်ဖြစ်သဖြင့် ကုန်စည်ဖလှယ်မှုကြားခံပစ္စည်းအဖြစ် ကျွဲ၊ နွား၊ ခရုခွံ၊ ကြွေစေ့ စသည်တို့ကို အသုံးပြုခဲ့ကြသည်။

လူမှုရေးစနစ်များ တိုးတက်လာချိန်တွင် ကြားခံပစ္စည်းအဖြစ် သက်ရှိသတ္တဝါများနှင့် ပစ္စည်းများအစား ရွှေ၊ ငွေ၊ ကြေး စသည့် သတ္တုများကို အသုံးပြုခဲ့ရာမှ ငွေကြေးစနစ်အစပြုခဲ့သည်။ ယင်းသတ္တုပစ္စည်းများသည် ရှားပါး၊ လှပ၍ အဖိုးတန်သည့်အပြင် အပြားခတ်နိုင်သဖြင့် အစပိုင်းတွင် အတုံးလိုက်သော်လည်းကောင်း၊ ဖြတ်တောက်၍သော်လည်းကောင်း အလေးချိန်သတ်မှတ်ချက်ဖြင့် ကုန်ပစ္စည်းများ ဖလှယ်ခဲ့ကြသည်။ ယင်းအခြေအနေမှ တိုးတက်လာချိန်တွင် ယင်းပစ္စည်းများကို လွယ်ကူစွာ သယ်ယူသိမ်းဆည်းနိုင်ရန် သွန်းနှိပ်ခဲ့ကြရာမှ ဒင်္ဂါးပြားများ ပေါ်ထွက်လာခဲ့ပေသည်။

ဒင်္ဂါးများကို အရည်အသွေးနှင့် အလေးချိန်သတ်မှတ်လျက် ငွေကြေးတစ်ရပ်အဖြစ် သတ်မှတ်ကာ အများပြည်သူများအား သုံးစွဲစေခဲ့သည်။ ဤသို့ဖြင့် ဒင်္ဂါးသည် စက္ကူငွေကြေးပေါ်ပေါက်ခဲ့ပြီးသည့်တိုင် အများပြည်သူသုံးစွဲသည့် အသပြာငွေကြေးဖြစ်လာခဲ့သည်။ရှေးဦးပိုင်းကာလများတွင် လူတစ်ဦး၏ ဒင်္ဂါးပြားပိုင်ဆိုင်မှုအရေအတွက်သည် ထိုသူ၏ကြွယ်ဝမှုကို တိုင်းတာသည့် ယူနစ်တစ်ရပ်ဖြစ်လာခဲ့သည်။

ဒင်္ဂါးပြားများကို သွန်းလုပ်ကြရာတွင် အနိမ့်ဆုံးကိန်းပြည့်ငွေတန်ဖိုး(ဥပမာ တစ်ကျပ်၊ တစ်ဒေါ်လာ) ၏ ထက်ဝက်၊ လေးပုံတစ်ပုံ၊ ရှစ်ပုံတစ်ပုံ၊ ဆယ်ပုံတစ်ပုံစသည်ဖြင့် ကိန်းပြည့် တန်ဖိုးမရှိသည့်ပစ္စည်းများ ဝယ်ယူရောင်းချနိုင်ရန် ခတ်နှိပ်ထုတ်ဝေခဲ့ကြသည်။



ရွှေ၊ ငွေ၊ ကြေးသတ္တုများကို တန်ဖိုးသင့်သုံးစွဲခဲ့ကြရာမှ ကြားခံငွေကြေးအဖြစ် ဒင်္ဂါးများထုတ်လုပ်ပေးခဲ့သဖြင့် ပြည်သူများ၏ ရောင်းဝယ်ရေးလုပ်ငန်းများနှင့် အစိုးရ၏ အခွန်ကောက်ခံမှုလုပ်ငန်းများသည် များစွာ ထိရောက်သွက်လက်လာခဲ့သည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုသည် ကြေးနီပဲနိစေ့ဒင်္ဂါးများကို ၁၇၉၃ ခုနှစ်တွင် သွန်းလုပ်ကာ နိုင်ငံအတွင်း ဒင်္ဂါးများကို ပထမဆုံးလည်ပတ် သုံးစွဲခဲ့သည်။

**မြန်မာနိုင်ငံနှင့် ဒင်္ဂါးများ**

မြန်မာနိုင်ငံထုတ် ဒင်္ဂါးများအနက် ပျူဒင်္ဂါးများကို အစောဆုံးတွေ့ရှိခဲ့ကြပြီး ယင်းတို့ကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်း ပျူမြို့ဟောင်းသုံးမြို့အပြင် ပျူယဉ်ကျေးမှု ထွန်းကားခဲ့သည့် မြစ်သားမြို့နယ်၊ ပင်လယ်

**မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံအပါအဝင် အရှေ့တောင်အာရှကုန်းမြေတွင် တွေ့ရှိခဲ့ရသည့် အစောဆုံး ဒင်္ဂါးများသည် အိန္ဒိယဒင်္ဂါးများနှင့် အခြေခံအားဖြင့် တူညီ၍ အိန္ဒိယနိုင်ငံထုတ် ဒင်္ဂါးများတွင်ပါရှိသည့် အမှတ်လက္ခဏာများ ပါဝင်နေကြောင်း တွေ့ရှိရ**

မြို့ဟောင်း (မိုင်းမောမြို့ဟောင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်လည်း တွေ့ရှိခဲ့သည်။

အရှေ့တောင်အာရှ ဒေသများသို့ ရောက်ရှိခဲ့သည့် အိန္ဒိယနိုင်ငံ ကုန်သည်များမှတစ်ဆင့် အိန္ဒိယယဉ်ကျေးမှုများသည် ဒေသအတွင်း ပျံ့နှံ့ခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ဒင်္ဂါးဖြင့် ကုန်သွယ်သည့် စနစ်ကိုကျင့်သုံးခဲ့ချိန်တွင် အရှေ့တောင်အာရှနိုင်ငံများသည် ကုန်ပစ္စည်းချင်း ဖလှယ်သည့်စနစ် (Barter)ကို ကျင့်သုံးခဲ့ကြသည်။ အိန္ဒိယယဉ်ကျေးမှု ပျံ့နှံ့လာခဲ့ပြီးနောက် အရှေ့တောင်အာရှနိုင်ငံများတွင် အေဒီလေးရာစုနှင့် ငါးရာစုတွင် ဒင်္ဂါးများ သွန်းလုပ်သုံးစွဲခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံအပါအဝင် အရှေ့တောင်အာရှကုန်းမြေတွင် တွေ့ရှိခဲ့ရသည့် အစောဆုံး ဒင်္ဂါးများသည် အိန္ဒိယဒင်္ဂါးများနှင့် အခြေခံအားဖြင့် တူညီ၍ အိန္ဒိယနိုင်ငံထုတ် ဒင်္ဂါးများတွင်ပါရှိသည့် အမှတ်လက္ခဏာများပါဝင်နေကြောင်း တွေ့ရှိရပေသည်။ ယင်းအမှတ်အသားများသည် ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုများနှင့် ဆက်နွှယ်နေကာ မြင့်မြတ်မှု၊ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံမှု ၊ တိုးတက်ကြီးပွားမှု စသည်တို့ကို ဖော်ညွှန်းသည့် သင်္ကေတများဖြစ်ကြသည်။

နိုင်ငံအသီးသီးသည် မိမိတို့ကိုယ်ပိုင်အမှတ်လက္ခဏာများဖြင့် ဒင်္ဂါးများကို သွန်းလုပ်ခဲ့ကြသည်။ ရှေးဟောင်းသုတေသနတူးဖော်မှုများအရ တစ်နိုင်ငံမှ ဒင်္ဂါးများကို အခြားတစ်နိုင်ငံတွင် တွေ့ရှိမှုများရှိခဲ့သည်။ အရှေ့တောင်အာရှဒေသ၏ မြို့ပြနိုင်ငံများ ဖြစ်ခဲ့ကြသည့် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ ဝေသာလီ၊ ဒွာရာဝတီ၊ အယုဒ္ဓယ၊ ပရုပထုမ်၊ ဖူနန်၊ အော့ဦးတို့တွင် ဒင်္ဂါးများကို အေဒီလေးရာစုနှင့် ရှစ်ရာစုအကြားတွင် အသုံးပြုခဲ့ကြသည်ဟု ယူဆခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ပျူဒင်္ဂါး၊ ရခိုင်ဒင်္ဂါးနှင့် မွန်ဒင်္ဂါးများကို တွေ့ရှိခဲ့ရသော်လည်း ပုဂံခေတ်မှ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား လက်ထက်တိုင်ဒင်္ဂါးများ သုံးစွဲခဲ့သည့် အထောက်အထားများ မတွေ့ရှိရသေးပါချေ။

**ပျူဒင်္ဂါးများ**

ပျူခေတ်ဒင်္ဂါးများသည် အများအားဖြင့် တစ်ခုနှင့် တစ်ခု ပုံသဏ္ဌာန် ဆင်တူယိုးမှား ဖြစ်သည့် ငွေပြားဝိုင်းများဖြစ်ကြသည်။

ပျူမြို့ဟောင်းများဖြစ်ကြသည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့မှ တူးဖော်တွေ့ရှိခဲ့သည့် ဒင်္ဂါးများကို ပျူဒင်္ဂါးများဟု ယေဘုယျအားဖြင့် သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံအတွင်း တွေ့ရှိခဲ့သည့်ပျူဒင်္ဂါးများတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက္ကသာရွာမှ ရရှိခဲ့သည့် ဒင်္ဂါးများသည် အရေအတွက်အများဆုံး ဖြစ်သည်။

ပျူဒင်္ဂါးအများစုသည် ငွေဒင်္ဂါးများဖြစ်ကြသော်လည်း ၁၉၉၉ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်းမှ ရရှိခဲ့သည့် အရွယ်စုံ ပျူဒင်္ဂါး ၃၆ ပြားသည် ရွှေဒင်္ဂါးများဖြစ်ကြကာ ဒင်္ဂါးတွင် သီရိဝစ္ဆ အမှတ်လက္ခဏာ ပါရှိသည်။

ပျူဒင်္ဂါးများ၏ ထူးခြားချက်သည် တစ်နေရာတည်းမှ တွေ့ရှိသည့် ဒင်္ဂါးများဖြစ်သည့်တိုင် ဒင်္ဂါးပေါ်တွင် ခတ်နှိပ်ထားသည့် အမှတ်လက္ခဏာများသည် တစ်ခုနှင့်တစ်ခု အနည်းငယ်ကွဲပြားကြခြင်းဖြစ်သည်။ ထို့အပြင် ပျူဒင်္ဂါးများတွင် ရခိုင်ဝေသာလီဒင်္ဂါးများကဲ့သို့ သွန်းလုပ်သူ ဘုရင်အမည်၊ သက္ကရာဇ် စသည်တို့ကို ထည့်သွင်းခတ်နှိပ်ထားခြင်းမရှိချေ။

ပျူမြို့ဟောင်း သရေခေတ္တရာကို ထူထောင်ချိန်တွင် ရခိုင်မြို့ဟောင်း ဓညဝတီ ကို တည်ထောင်ပြီးဖြစ်သကဲ့သို့ ပျူမြို့ဟောင်း ဟန်လင်းနှင့် ရခိုင်မြို့ဟောင်း ဝေသာလီတို့သည် ခေတ်ပြိုင်များဖြစ်ခဲ့ကြကာ ဒေသများအတွင်း ကူးလူးဆက်ဆံခဲ့သည့် အထောက်အထားတစ်ရပ်အဖြစ် ၁၉၈၅ ခုနှစ်တွင် တောင်ကုတ်မြို့နယ်မှ ပျူဒင်္ဂါးနှစ်ချပ်ကို တွေ့ရှိခဲ့သည်။

ပျူခေတ်လက်ရာဒင်္ဂါးများကို သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့မှ အများဆုံးတွေ့ရှိခဲ့ရာတွင် ဒင်္ဂါးများ၏ မျက်နှာဘက်ရှိ သီရိဝစ္ဆ၊ ကျောဘက်ရှိ ဘဒ္ဒပီဌ သို့မဟုတ် တက်နေဝန်းပုံအမှတ်အသားများကို အခြေခံလျက် အမျိုးအစားများ ခွဲခြားထားရာ သရေခေတ္တရာတွင် ဒင်္ဂါးလေးမျိုး၊ ဟန်လင်းတွင် ဒင်္ဂါးသုံးမျိုးနှင့် ဗိဿနိုးတွင် ဒင်္ဂါးနှစ်မျိုးတွေ့ရှိရကြောင်း ဆရာကြီးဦးမြင့်အောင်က သုံးသပ်ခဲ့သည်။

ယဉ်ကျေးမှု ဆက်နွှယ်နေသည့် ပျူမြို့ဟောင်းများ အကြား ကူးလူးဆက်ဆံမှုများရှိခဲ့ရာ ဟန်လင်းဒင်္ဂါးတစ်ပြားကို သရေခေတ္တရာ၊ ခင်ဘကုန်းမှ တွေ့ရှိခဲ့သည်။

**ပျူဒင်္ဂါး၏ လက္ခဏာများ**

ပျူဒင်္ဂါးများတွင် အများဆုံးတွေ့ရှိရသည့် အမှတ်လက္ခဏာသည် သီရိဝစ္ဆဖြစ်သည်။ သီရိဝစ္ဆကို ဝဃမာန၊ ဝဓ်န၊ ဒိုင်း၊ တြိသူလ၊ တြိရတနာဟု အမျိုးမျိုးခေါ်တွင်ကြသည့်အနက် သီရိဝစ္ဆဟူသည့် အသုံးအနှုန်းက အများဆုံး အသုံးပြုကြသည်။ အိန္ဒိယနိုင်ငံတွင် သီရိဝစ္ဆကို ဒိုင်း၊ မှိန်း၊ နဂါးဟုလည်း ခေါ်တွင်သည်။

သီရိဝစ္ဆ၏ ရှေ့ပြေး အမှတ်လက္ခဏာများကို အိန္ဒိယနိုင်ငံရှိ ဆန်ချီစေတီ တုရိဏ်တိုင်များ၊ မိဂဒါဝုန်မှ ကျောက်ဆစ်လက်ရာများ၊ အမရဝတီစေတီရှိ ဗုဒ္ဓခြေတော်ရာနှင့် ဂျိန်းဘာသာ အဆောက်အအုံများတွင် တွေ့ရှိနိုင်သည်။ အန္ဓရဒင်္ဂါးများနှင့် ဆန်ချီ ဒင်္ဂါးများတွင်လည်း သီရိဝစ္ဆ ရှေ့ပြေးပုံစံများကို တွေ့ရှိရပေသည်။

သီရိဝစ္ဆသည် သက္ကဋဘာသာစကား ဂြိဝတ္တမှ ဆင်းသက်လာသည့် ဝေါဟာရဖြစ်ကာ ဂြိသည် သီရိနတ်သမီး၊ ဝတ္တသည် မြတ်နိုးဖွယ်ဟု အဓိပ္ပာယ်ရှိသည်။ ဗိဿနိုးနတ်မင်းကြီးက ကြင်ယာတော် လက်ချိမီးနတ်သမီးကို အချစ်သင်္ကေတအဖြစ် ပြုလုပ်ပေးခဲ့သည့် သီရိဝစ္ဆအမှတ်လက္ခဏာသည် ကြော့ကြော့မော့မော့ထိုင်နေကာ လက်နှစ်ဖက်ကို နွဲ့လျစွာမြှောက်ထား၍ ခြေနှစ်ဖက်ကို ကွေးထားသည့် နတ်သမီးပုံ ဆိုပေသည်။ သီရိဝစ္ဆသည် မင်္ဂလာရှိခြင်း၊ ကျက်သရေအပေါင်းခညောင်းခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းဟူသည့် အနက်အဓိပ္ပာယ်ကိုဆောင်သည်။ ဗုဒ္ဓခြေတော်ရာ ၁၀၈ ကွက်တွင်ပါရှိသည့် အိမ်မွန် ဟုခေါ်ဆိုသည့် မွန်မြတ်သောနေရာသည် သီရိဝစ္ဆ အမှတ်လက္ခဏာပင်ဖြစ်သည်။

သီရိဝစ္ဆ၏ စိန်တောင်သို့မဟုတ် သန်လျက်နေရာတွင် ခရုသင်းကို ထောင်လျက်လည်းကောင်း၊ သီရိဝစ္ဆအလယ်၌ ဘောဘောကြီးပုထိုးပုံကို တစ်ဖက်စီတွင် အစက်လေးစက်စီခြံရံလျက်လည်းကောင်း၊ သီရိဝစ္ဆအတွင်း၌ ဗိန္ဒုကိုးလုံးကို သုံးလုံးစီတန်းလျက်လည်းကောင်း၊ နဂါးနှစ်ကောင်အကြား ထိပ်ပိုင်း၌ ဥကင်း၊ နေ၊ လတို့ကို ထည့်သွင်းလျက်လည်းကောင်း သီရိဝစ္ဆကို ယေဘုယျအားဖြင့် လေးမျိုးသွန်းလုပ်ခဲ့ကြောင်း တွေ့ရှိရပေသည်။

ပျူဒင်္ဂါးများတွင်ပါရှိသည့် ခရုသင်းသည် ဗိဿနိုးနတ်မင်း၏ လက်နက်ကို ရည်ညွှန်းသည်။ ဘာသာရေးအခမ်းအနားများနှင့် ဘုရင်တို့၏ ဘိသေကမင်္ဂလာတွင် လက်ယာရစ်ခရုသင်းကို သုံးလေ့ရှိကာ ပျူဒင်္ဂါးများတွင်ပါရှိသည့် ခရုသင်းသည် အမြီးကောက်နေလေ့ရှိသည်။နောက်ပိုင်းဒင်္ဂါးများတွင် ခရုသင်းနေရာ၌ အခြားအမှတ်အသားများ ထည့်သွင်းသွန်းလုပ်ခဲ့ကြသည်။

ပျူဒင်္ဂါးများ၏ အမှတ်လက္ခဏာတစ်ခုဖြစ်သည့် ဘဒ္ဒပီဌသည် ပလ္လင်ခုံ၊ ထိုင်ခုံတစ်ခုနှင့်တူကာ ဗုဒ္ဓ၏ စက်လက္ခဏာ ၁၀၈ ကွက်တွင် ဘဒ္ဒပီဌပုံ ပါရှိသည်။ ဘဒ္ဒပီဌ၏ ခါးလယ်တွင် ပန်းဖွား၊ ဖဲပြား၊ တံခွန်၊ နဂါးနှစ်ကောင်စသည့် အလှအပပုံများ ဖြည့်သွင်းထားသည်။ ဒေါက်တာ မစ်ချင်နာ(Dr.M Michiner) က ဘဒ္ဒပီဌကို ဟိန္ဒူ ဘုန်းကြီးများ ဓမ္မရွတ်ဆိုရာတွင် တီးသောဗုံဟု ဆိုကြောင်းနှင့် ဘဒ္ဒပီဌသည် သီဝနတ်မင်းကြီး၏ အဆောင်အယောင်တစ်ခုဖြစ်သည့် ပလုတ်တုတ်နှင့်ဆင်ကြောင်း မြန်မာနိုင်ငံရှိ ရှေးဟောင်းဒင်္ဂါးများစာအုပ်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ အော့ဦး (Oc Eo) တွင်တွေ့ရှိခဲ့ရသည့် ဒင်္ဂါးပြားတစ်ခုတွင်ပါရှိသည့် သီရိဝစ္ဆပုံ၏ လက်ဝဲဘက် နဂါးဘေးတွင် ဘဒ္ဒပီဌ အသေးတစ်ခုပါရှိနေကြောင်း တွေ့ရှိရပေသည်။

ထို့အတူ နေနှင့်လ အမှတ်လက္ခဏာများသည် ပျူဒင်္ဂါးများတွင်ပါရှိမြဲဖြစ်ကာ နေသည်ဘုန်းတန်ခိုးအာဏာကို ကိုယ်စားပြု၍ လသည်အေးချမ်းသာယာခြင်းကို ကိုယ်စားပြုသည်။သီရိဝစ္ဆ၏ ယာဘက်တွင် နေကိုထားရှိ၍ ဘယ်ဘက်တွင်လကို ထားရှိသည်။ ပျူဒင်္ဂါးများတွင် နေကိုရောင်ခြည်တန်းများထည့် သွင်းသွန်းလုပ်ကာ ရခိုင်ဒင်္ဂါးများတွင် နေကို အဝိုင်းပုံ သွန်းလုပ်သည်။

ပျူဒင်္ဂါးများအနက် ဟန်လင်းဒင်္ဂါးများတွင် နေစွယ်များနှင့် ဗိဿနိုးဒင်္ဂါးတွင် တက်နေဝန်းများပါရှိသည်။ နေစွယ်များကို တက်နေနှင့် မွန်းတည့်နေဟု ခွဲခြားနိုင်ကာ တက်နေပုံကို စက်ဝိုင်းပြတ်ပုံသဏ္ဌာန် မြင်တွေ့ကြရသည်။ ထို့အတူ သရေခေတ္တရာ ဒင်္ဂါး၏ အလယ်တွင် ဗိန္ဒုများခြံရံနေသည့် ထုလုံးရှည် စေတီပုံနှင့် သီရိဝစ္ဆ၏ လက်ဝဲဘက်တွင် ဝရဇိန်လက်နက်ကို တွေ့ရှိကြရသည်။ ဒင်္ဂါးအလယ်တွင်ပါရှိသည့် ထုလုံးရှည်စေတီပုံဟု မြန်မာတို့ယူဆသည့်အမှတ်အသားကို အချို့က သီဝနတ်၏ အထိမ်းအမှတ်လိင်္ဂလက္ခဏာဟု ယူဆကြသည်။

ပျူဒင်္ဂါးများ၏ဘေးတစ်ဖက်စီတွင် လက်တံလေးခုပါရှိသည့် စကြာ(သွတ္ထိက) ပုံများကို မြင်ရလေ့ရှိသည်။ လက်တံများ၏ ထိပ်တွင် ဗိန္ဒုပြောက်တစ်ခုစီ တပ်ဆင်ထားခြင်းသည် အရပ်လေးမျက်နှာသို့ ရောင်ခြည်များဖြာထွက်ပုံဟု ယူဆကြသည်။ သွတ္ထိက ပုံကို ဗုဒ္ဓစက်လက္ခဏာ ၁၀၈ ကွက်တွင်လည်း တွေ့ရှိနိုင်သည်။ ပျူဒင်္ဂါးများတွင် သွတ္ထိကပုံများကို သီရိဝစ္ဆ၏ ဝဲယာ

စာမျက်နှာ ၂၂ သို့

# ကုလားတန်မြစ်ကူးတံတား(ပလက်ဝ) အမြန်ပြီးစီးပြီး အသုံးပြုနိုင်ရန် ဒေသခံများမျှော်လင့်နေ



ကုလားတန်မြစ်ကူးတံတား(ပလက်ဝ)၏ ပုံစံငယ်

**ပလက်ဝ မေ ၂၁**

ချင်းပြည်နယ် မင်းတပ်ခရိုင် ပလက်ဝ မြို့နယ်ရှိ ကုလားတန်မြစ်ကူးတံတား (ပလက်ဝ) တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ရာ အဆိုပါတံတား အမြန်ဆုံး တည်ဆောက်ပြီးစီးကာ အသုံးပြုသွားလာနိုင်ရန် ဒေသခံပြည်သူများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားသည် ပလက်ဝ-မတူပီလမ်းပိုင်းနှင့် ယင်းလမ်းပိုင်းကို စိမ့်စမ်းကျေးရွာအနီး ချိတ်ဆက်ထားသည့် ပလက်ဝ-ကျောက်တော်လမ်းပိုင်းမှ ပလက်ဝမြို့အထိ တစ်ဆက်တစ်စပ်တည်း အသုံးပြုသွားလာရာတွင် အရေးပါမည့် တံတားတစ်စင်းဖြစ်ကာ ကုလားတန်မြစ်ကိုဖြတ်၍ တည်ဆောက်နေခြင်းဖြစ်သည်။ ဤမြစ်ကူးတံတား မပြီးစီးသေးသဖြင့် ဒေသခံပြည်သူတို့အနေဖြင့် လမ်းပိုင်းနှစ်ခုကြားသွားလာကြရာတွင် ကင်ချောင်းဝအထိသာ သွားရောက်နိုင်ပြီး ကင်ချောင်းဝမှ ပလက်ဝမြို့သို့ ပဲ့ထောင်စက်လှေဖြင့်ဖြတ်ကူး၍ သွားလာနေရသည်။ ထို့ကြောင့် လောင်းကဒူး-ပလက်ဝ ခရီးနှစ်မိုင်ကို ကုလားတန်မြစ်ဖြတ်၍ သွားလာနိုင်ရန် အဆိုပါ မြစ်ကူးတံတားကို တည်ဆောက်ပေးနေခြင်း ဖြစ်သည်။

အဆိုပါ မြစ်ကူးတံတားစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စု ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေပြီး သုံးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တံတားတည်ဆောက်ရေးစီမံကိန်းကို မေ ၁ ရက်က စတင်ပြီး တိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်ကာ လမ်းအူကြောင်းအနေဖြင့် ထိခိုက်မှုအနည်းဆုံးလမ်းကြောင်းကို ရွေးချယ်တည်ဆောက်လျက်ရှိကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တံတားတည်ဆောက်မှုပြီးစီးရန် ရည်မှန်းထားကြောင်း သိရသည်။

ယင်းမြစ်ကူးတံတားမှာ ပင်မတံတားအရှည် ၅၉၂ မီတာ(၁၉၄၂ ပေ)နှင့် အကျယ် ၇ ဒသမ ၅ မီတာ၊ ပင်မတံတားဘေးတစ်ဖက်စီတွင် လူသွားလမ်း တစ်မီတာစီ ပါရှိမည်ဖြစ်ပြီး သံကူကွန်ကရစ်ဘိုးပိုင်အမျိုးအစား၊ တံတားအောက်ထည် သံကူကွန်ကရစ်နှင့် တံတားအပေါ်ပိုင်း သံမဏိသံပေါင်(Steel Truss)၊ သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစားဖြစ်ကြောင်း၊ တံတား၏ရေလမ်းကင်းလွတ်အကျယ်မှာ ၁၀၅ ဒသမ ၄ မီတာနှင့် ရေလမ်းကင်းလွတ်အမြင့် ၁၅ မီတာဖြစ်ကြောင်း၊ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန်မှာ ၂၅ တန်ဖြစ်ကြောင်း သိရသည်။ တံတားစီမံကိန်းကို ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမျိုးဝင်းက တာဝန်ယူတည်ဆောက်လျက်ရှိပြီး တံတားစီမံကိန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း ၂၀၀၀၀ ဖြစ်ကာ ၂၀၂၀ မတ်လကုန်တွင် တည်ဆောက်မှု ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် တံတားတည်ဆောက်မှုမှာ ၃၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ရာ တံတားတည်ဆောက်ပြီးစီးသွားပါက ပလက်ဝမြို့အထိ တိုက်ရိုက်သွားလာ အသုံးပြုနိုင်သလို ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်ပြီး လူမှုရေး၊ စီးပွားရေးတို့လည်း မြင့်မားလာမည်ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် ဤတံတား အမြန်ပြီးစီးပြီး အသုံးပြုသွားလာနိုင်ရန် မျှော်လင့်နေကြကြောင်း သိရသည်။

**မောင်မောင်ကျော် (ပလက်ဝ)**

**တံတားတည်ဆောက်ရေးစီမံကိန်းကို မေ ၁ ရက်က စတင်ပြီး တိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်ကာ လမ်းအူကြောင်းအနေဖြင့် ထိခိုက်မှုအနည်းဆုံးလမ်းကြောင်းကို ရွေးချယ်တည်ဆောက်လျက်ရှိကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တံတားတည်ဆောက်မှုပြီးစီးရန် ရည်မှန်းထား**



တံတားတည်ဆောက်မှု အခြေအနေကို မေ ၂၁ ရက်က တွေ့ရစဉ်။

---

*စာမျက်နှာ ၂၁ မှ*

နှစ်ဖက်တွင် တွေ့ရှိရပြီး သီရိကျက်သရေအပေါင်းနှင့် ပြည့်စုံသည့် အမှတ်အသားဟုလည်း ယူဆကြသည်။

သရေခေတ္တရာ ဒင်္ဂါးများ၏ အောက်ခြေတွင်ပါရှိသည့် လှိုင်းတွန့်သဏ္ဌာန်မျဉ်းကွေးများသည် အေးမြ၍ သက်ရှိလောက၏ အသက်သခင်ဖြစ်သည့် ရေကို ဖော်ညွှန်းသည်။ ဩကာသ လောကအဖြစ် တောတောင်နှင့် အဏ္ဏဝါရေပြင်ကို ၁၀၈ ကွက် စက်လက္ခဏာတွင်လည်း တွေ့ရှိကြရသည်။

**အဓိပ္ပာယ်အမျိုးမျိုးယူဆ**

ပျူဒင်္ဂါးများတွင်အမြဲပါရှိသည့် အမှတ်အသားသည် ဗိန္ဒုပြောက်များဖြစ်ကြကာ ယင်းတို့ကို အဓိပ္ပာယ်အမျိုးမျိုးယူဆကြသည်။ ဘဒ္ဒပီဌ၏ ထိပ်တွင်ရှိသည့် ဗိန္ဒုပြောက်များကို ဤဘဒ္ဒကမ္ဘာ၏ဘုရားငါးဆူဟုလည်းကောင်း၊ ငါးပါးသီလမြဲရန် နှိုးဆော်ချက်ဟုလည်းကောင်း၊ အနန္တော အနန္တငါးပါးကို ရည်ညွှန်းခြင်းဟုလည်းကောင်း မှတ်ယူကြသည်။ ရခိုင်ဝေသာလီဒင်္ဂါးများတွင်ပါရှိသည့် ဗိန္ဒုပြောက်များကိုမူ ကောင်းကင်တွင် နက္ခတ်တာရာများနှင့် ကြယ်များ အမြဲထွန်းလင်းတောက်ပနေမှုကို ညွှန်းဆိုသည်ဟု ဆိုပေသည်။

ပျူဒင်္ဂါးများကဲ့သို့ပင် ရခိုင်ဒင်္ဂါးများတွင်လည်း အမှတ်လက္ခဏာများပါရှိရာတွင် သီရိဝစ္ဆ၊ ခရုသင်း၊ နေ၊ လ၊ ရေလှိုင်းတို့အပြင် နွားလားဥသဘ၊ သုံးခက်ဖြာ အမှတ်လက္ခဏာတို့ ပါရှိသည်။

ထူးခြားမှု တစ်ရပ်အဖြစ် စစ်တောင်းမြစ်ကမ်းမှ ရရှိခဲ့သည့် မွန်ဒင်္ဂါးတစ်ချပ်တွင် ဆင်ချွန်း (Ankusa) ပါရှိနေခြင်းဖြစ်သည်။

**ထူးခြားစွာ တွေ့ရှိ**

ယင်းဒင်္ဂါးကို ငွေကြေးအဖြစ် သုံးစွဲခဲ့ဟန် မတူဘဲ ယုံကြည်ကိုးကွယ်မှုနှင့် ဆက်နွယ်သည့် အဆောင်လက်ဖွဲ့အဖြစ် အသုံးပြုခဲ့ဟန်ရှိကြောင်း သုံးသပ်ခဲ့ပေသည်။ အစောဆုံး မွန်ဒင်္ဂါးကို ဖူနန်ရှိ အော့ဦးနှင့် ဘင်္ဂလားဒေ့ရှ်ရှိ မန္ဒာမတီတွင် ထူးခြားစွာ တွေ့ရှိခဲ့ရသည်။

မြန်မာနိုင်ငံအတွင်းတွေ့ရှိခဲ့သည့် ရှေးဟောင်းပျူဒင်္ဂါးများတွင် ပြုလုပ်သည့် ခုနှစ်သက္ကရာဇ်ကို ခတ်နှိပ်ထားခြင်းမရှိသကဲ့သို့ ကမ္ပည်းစာတစ်ခုခုကို ထည့်သွင်းထားခြင်းလည်းမရှိချေ။ သို့သော် ရခိုင်ဒင်္ဂါးအချို့တွင် သက္ကရာဇ်နှင့် ဘုရင်အမည်များ ပါရှိခဲ့သည်။ ရှေးဟောင်းဒင်္ဂါးများကို ဘာသာရေးဆိုင်ရာ အဆောင်အယောင်အဖြစ် သုံးစွဲခဲ့သည် သို့မဟုတ် ငွေကြေးအဖြစ်သုံးစွဲခဲ့သည်ဆိုသည့်အချက်ကို အခိုင်အမာမသိရှိကြသေး ပါချေ။

**ထုတ်လုပ်သုံးစွဲ**

မြန်မာနိုင်ငံအတွင်း ပျူဒင်္ဂါး၊ ရခိုင်ဒင်္ဂါးနှင့် မွန်ဒင်္ဂါးများကို တွေ့ရှိခဲ့ရသော်လည်း ပျူခေတ်နောက်ပိုင်းတွင် ထွန်းကားခဲ့သည့် ပုဂံခေတ်တွင် ဒင်္ဂါးများသွန်းလုပ်ခဲ့သော အထောက်အထားများကို မတွေ့ရှိရဘဲ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် ခရစ်နှစ် ၁၇၈၂ ခုနှစ်ရောက်မှ ဒင်္ဂါးသွန်းလုပ်ခဲ့မှု အထောက်အထားအဖြစ် ကျားတံဆိပ်ဒင်္ဂါးနှင့် ငါးတံဆိပ်ဒင်္ဂါးများကို စတင်တွေ့ရှိကြရသည်။ ရတနာပုံခေတ်တွင်မူ မင်းတုန်းမင်း၏ ပြုပြင်ပြောင်းလဲမှုအစီအစဉ်များအရ ရတနာပုံ ဒေါင်းဒင်္ဂါးအပါအဝင် ဒင်္ဂါးများကို အများအပြား ထုတ်လုပ်သုံးစွဲခဲ့သည်။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် သွန်းလုပ်ခဲ့သည့် ပျူခေတ်ဒင်္ဂါးများအပါအဝင် ဒင်္ဂါးများသည် ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ ခိုင်မာသော အထောက်အထားများဖြစ်ကြသဖြင့် ဒင်္ဂါးများနှင့် ဆက်စပ်နေသည့် နောက်ခံသမိုင်းအပြည့်အစုံကို ဆက်လက်သုတေသနပြု ဖော်ထုတ်ကြရမည်သာ ဖြစ်ပါပေသည်။

**ကိုးကား**

**မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှု ဒီပလိုမာ သင်တန်းပို့ချချက်များ(ဒေါက်တာကျော်ဝင်း)**
**ရခိုင်ဒင်္ဂါးများ(ဦးစံသာအောင်)**
**မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု သုတေသန(ဦးမြင့်အောင်)**
**မြန်မာ့ရှေးဟောင်းဒင်္ဂါးများ(ထွန်းရွှေခိုင်၊ မဟာဝိဇ္ဇာ)**

## မုဒုံ၌ သဘော်ဦးစေတီတော် ထီးတော်အသစ်တင်လှူပွဲ ကျင်းပ

**မုဒုံ မေ ၂၂**

မွန်ပြည်နယ် မုဒုံမြို့ မြို့မ ၁ ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ သဘော်ဦးဘုရားတွင် ရှေးနှစ် ပေါင်းများစွာကပင် မြို့မိမြို့ဖများတည်ထား ကိုးကွယ်တော်မူခဲ့သော သမိုင်းဝင်သဘော်ဦးစေတီတော် ရွှေထီးတော်အသစ်တင်လှူပူဇော်ပွဲကို မေ ၁၉ရက်က အဆိုပါ သဘော်ဦး စေတီတော်ရင်ပြင်၌ ကျင်းပခဲ့သည်။

ထီးတော်တင်လှူပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်အစိုးရ အဖွဲ့ဝန်ကြီးများ၊ မုဒုံမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသိင်္ဂီမော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တက်ရောက်လာသူများက ကျောင်းသစ်ကျောင်း လမင်းဆရာတော်ဘဒ္ဒန္တစန္ဒနထံမှ သီလခံယူဆောက်တည်ကြပြီး အလှူရှင်မိသားစုက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေဟင်္သာနှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကာ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ခဲ့ပြီးနောက် စေတီတော်နှင့် အရန်စေတီတော် ၃၅ ဆူ၏ ရွှေထီးတော် ဘုံအဆင့်ဆင့်ကို ရထားပျံဖြင့် စေတီတော်ပေါ်သို့ တင်လှူပူဇော်ခဲ့သည်။

ထို့နောက်ပင့်သံဃာ ၁၀ ပါးနှင့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး စေတီတော်ကြီးအား အနေကဇာတင် ပူဇော်ခဲ့ကြသည်။

**မုဒုံ - မောင်မောင်**

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**

# မန္တလေးခရိုင်အတွင်း ဓာတ်အားအပြည့်အဝရရှိရေး ထရန်စဖော်မာများတိုးချဲ့တပ်ဆင်ပေးနေ

**မန္တလေး မေ ၂၁**

မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များတွင် လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးဘုတ်အဖွဲ့က ဆောင်ရွက်ပေးလျက်ရှိရာ မဟာအောင်မြေမြို့နယ် စကြာ်နွယ်စဥ်ရပ်ကွက်မှ ထရန်စဖော်မာ လိုအပ်ချက်ရှိနေသည့် နေရာတွင် ထရန်စဖော်မာတစ်လုံးကို မေ ၂၁ ရက်က တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

စကြာ်နွယ်စဥ်ရပ်ကွက်အတွင်း (၃၆) လမ်းနှင့် (၇၄) လမ်းထောင့်၊ (၃၇) လမ်းနှင့် (၇၅) လမ်းထောင့်ရှိ ၃၁၅ ကေဗွီအေ ထရန်စဖော်မာနှစ်လုံးမှာ သုံးစွဲမှုများပြီး ဝန်အားပြည့်နေသဖြင့် ရပ်ကွက်နေပြည်သူများ ဗို့အားပြည့်ဝစွာ ရရှိသုံးစွဲနိုင်ရန်အတွက် ဝန်အားကူမျှပေးနိုင်ရန် (၃၅) လမ်းနှင့် (၇၄) လမ်းထောင့်၌ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးကို မဟာအောင်မြေမြို့နယ် လျှပ်စစ်မန်နေဂျာနှင့် အင်ဂျင်နီယာအဖွဲ့က တပ်ဆင်ပေးခဲ့ခြင်းဖြစ်သည်။

အလားတူ အမရပူရမြို့နယ် ငယ်တိုးရပ်ကွက်တွင်လည်း လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေး အတွက် ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ အသစ်တစ်လုံးနှင့် ၁၁ ကေဗွီအေ ဓာတ်အားလိုင်း ပေ ၇၀၀ ကို လိုအပ်ချက်အရ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးဘုတ်အဖွဲ့က တည်ဆောက်ပေးခဲ့ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့်အဖွဲ့က အမြန်ပြီးစီးရေး ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ ထိုကဲ့သို့ ထရန်စဖော်မာအသစ်များ တိုးချဲ့တပ်ဆင်ပေးခြင်းကြောင့် မြို့နယ်အတွင်းရှိ ရပ်ကွက်များအတွင်း ဝန်နှင့်အား မျှတစေပြီး ဓာတ်အားပြတ်တောက်မှုများလည်း လျော့နည်းသွားစေမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



# လျှင်ဘေးကြောင့် ထိခိုက်မှုနည်းစေရေး လပွတ္တာတွင် သရုပ်ပြလေ့ကျင့်

**လပွတ္တာ မေ ၂၁**

လျှင်ဘေးဖြစ်ပွားချိန်တွင် ပြည်သူများအနေဖြင့် ထိခိုက်မှု အနည်းဆုံးဖြစ်အောင် နေထိုင်နိုင်ရေး၊ လျှင်အန္တရာယ်ကျရောက်လာပါက ဒေသခံပြည်သူများနှင့် ဆရာ ဆရာမများကိုယ်တိုင် ပါဝင်လျက် အရေးပေါ်တုံ့ပြန်ရင်ဆိုင်နိုင်ရေးအတွက် သိကောင်းစရာများ ပညာပေးဟောပြောခြင်းနှင့် လျှင်ဘေးအန္တရာယ် သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်းများကို လပွတ္တာခရိုင် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့က ဦးဆောင်၍ မေ ၁၇ ရက်က လပွတ္တာမြို့ အထက(၂)ကျောင်း၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် လပွတ္တာခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ ဒုဦးစီးမှူး ဒေါ်မြတ်နှင်းအေးက မြို့နယ်အတွင်းမှ ပြည်သူများ၊ ဆရာ ဆရာမများအား လျှင်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန် နည်းလမ်းများ၊ လျှင်လှုပ်နေစဥ် လိုက်နာရမည့်အချက်များ၊ ရှောင်ရှားသင့်သည့်အချက်များ၊ လျှင်လှုပ်ပြီးနောက် ပြုလုပ်ရမည့်အချက်များ၊ အရေးပေါ်ကယ်ထုတ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လျှင်လှုပ်ခတ်မှုအပြီးတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည်တို့နှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းဟောပြောကာ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများက သိလိုသည်များကို ဆွေးနွေးမေးမြန်းပြီး ဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့သည်။




ထို့နောက် လပွတ္တာခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများက ဦးဆောင်ပြီး ဆရာ ဆရာမများက ပူးပေါင်းပါဝင်၍ လျှင်ဘေးအန္တရာယ်ကြုံတွေ့ပါက လက်တွေ့ဆောင်ရွက်ရမည့် အချက်များကို သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

"လျှင်ဘေးအန္တရာယ်နဲ့ပတ်သက်ပြီး ထိခိုက်မှုတွေ လျော့နည်းအောင် ပြည်သူလူထုကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေလိုတဲ့အတွက် အခုလို ဆွေးနွေးပွဲနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်မှုတွေကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်၊ ဆရာ၊ ဆရာမများကနေတစ်ဆင့် ကျောင်းသား၊ ကျောင်းသူတွေကို လက်ဆင့်ကမ်းအသိပညာပေးစေလိုပါတယ်"ဟု လပွတ္တာခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ဒုဦးစီးမှူးက ပြောသည်။

**ခရိုင်(ပြန်/ဆက်)**

# ထန်းတက်အလုပ်သမားရှားပြီး ထန်းလျက်ဈေးများကျနေ၍ မလှိုင်တွင် ထန်းတောင်သူများ အခက်ကြုံ

**မလှိုင် မေ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ထန်းတက်အလုပ်သမားများ ရှားပါးလာသလို ထန်းလျက်ဈေးများမှာလည်း ကျဆင်းနေ၍ ထန်းသမားတောင်သူများအနေဖြင့် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။



"ထန်းတက်သမားက ရှားပါးလာပါတယ်၊ ကျွန်တော်တို့ရွာမှာ ယခင် ထန်းသမား ၁၀ ယောက်ကျော်ရှိရာကနေ အခုဆို လေးယောက်ပဲရှိပါတော့တယ်၊ အဓိကက ထန်းလျက်ဈေးက ကျဆင်းလာတယ်၊ ထန်းတက်ရတာ ပင်ပန်းတယ်၊ အကျိုးအမြတ်ကျ မိသားစုစားဝတ်နေရေး အဆင်ပြေပြီး အပိုအလျှံ မရှိဘူးလေ၊ ကလေးများပြီး အလုပ်လုပ်နိုင်တဲ့သူနည်းတဲ့ မိသားစုတွေကျတော့ အဆင်မပြေဘူးလေ၊ အဲဒီတော့ မြို့နဲ့ အခြားနိုင်ငံတွေကို ထွက်အလုပ်လုပ်လာကြတယ်၊ အလုပ်သမားက တစ်နှစ်ထက်တစ်နှစ် ကြာလေ ရှားပါးလာလေ ဖြစ်လာတာပေါ့"ဟု သိမ်ကုန်းကျေးရွာမှ ထန်းတက်တောင်သူတစ်ဦးက ပြောသည်။

ထန်းပင်တက်ရန် ထန်းတက်လုပ်သား ရှားပါးလာသလို ထန်းရည်ကို ထန်းလျက်ချက်ရန် ထင်းဖိုး ကုန်ကျစရိတ်မှာလည်း တက်လာကြောင်းသိရသည်။ အမျိုးသားများအဖို့ ထန်းပင်တက်သည့်အလုပ်မှာ ပင်ပန်းပြီး အန္တရာယ်များသည့်အလုပ်ဖြစ်သလို အမျိုးသမီးများက ထန်းလျက်ချက်ကြရာတွင် ထန်းလျက်ချက်သည့်အလုပ်မှာလည်း အလွန်ပင်ပန်းသည့် အလုပ်ဖြစ်ကြောင်း၊ အလွန်ပင်ပန်းစွာလုပ်ရသော်လည်း ထန်းလျက်ဈေးများကျသဖြင့် အကျိုးအမြတ်နည်းသောကြောင့် ထန်းလျက်လုပ်ငန်းကို လုပ်ကိုင်သူအရေအတွက်မှာ တဖြည်းဖြည်း လျော့နည်းလာကြောင်း၊ မိရိုးဖလာအဖြစ် လက်ရှိအချိန်အထိ လုပ်ကိုင်နေသူများမှာလည်း မိသားစုစားဝတ်နေရေး ပြေလည်ရုံဖြင့်သာ လုပ်နေရကြောင်း၊ လက်ရှိ ထန်းလျက်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ၉၀၀ ကျပ်ခန့်သာရှိပြီး ထန်းလျက်ဈေးနှုန်း တစ်ပိဿာ ၁၅၀၀ မှ ၂၀၀၀ ကျပ်ခန့်အထိ ရမည်ဆိုလျှင် ထန်းလုပ်ငန်းသမားများ အဆင်ပြေနိုင်ကြောင်း ထန်းလျက်ချက်လုပ်ငန်း လုပ်ကိုင်သူ ဒေသခံတစ်ဦးဖြစ်သည့် မဆန်းမော်က ပြောသည်။

လက်ရှိအချိန်တွင်မူ ထန်းလျက်လုပ်ငန်းမှာ အဆင့်ဆင့် လုပ်ကိုင်ရကာ ပင်ပန်းပြီး ထန်းတက်အလုပ်သမားရှားပါးခြင်း၊ ထန်းလျက်ဈေးများ ကျဆင်းနေခြင်း၊ ထန်းလျက်ချက်ရာတွင်သုံးရသည့် ထင်းနှင့် အခြားကုန်ကျစရိတ်များ မြင့်တက်နေခြင်းတို့ကြောင့် မလှိုင်မြို့နယ်အပါအဝင် တစ်နိုင်ငံလုံးမှ ထန်းတက်နှင့် ထန်းလျက် လုပ်ငန်းလုပ်ကိုင်သူများမှာ အခက်အခဲများကြုံနေကြရပြီး မြို့နယ်အချို့တွင် ထန်းလုပ်ငန်းရပ်နားကာ ထန်းပင်များကို သစ်အဖြစ် ခုတ်လှဲရောင်းချသည့် အခြေအနေအထိ ရှိနေကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် မိုးစပါး ဧကနှစ်သောင်းခွဲနီးပါး စိုက်ပျိုးမည်

**မုံရွာ မေ ၂၁**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်နှင့် မြို့နယ်ခွဲ၌ မိုးစပါး ၂၄၇၉၀ ဧကကို စိုက်ပျိုးသွားရန် လျာထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ မြို့နယ်နဲ့ မြို့နယ်ခွဲတွေက အများအားဖြင့် တောင်တန်းပေါ်တွေမှာရှိတဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းတွေက လေ့ကားထစ်၊ တောင်ယာ စိုက်ပျိုးရေးတွေကို အဓိကထားလုပ်ကိုင်တယ်"ဟု တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ ပြီးခဲ့သည့်နှစ် မိုးစပါးစိုက်ပျိုး ရာသီကလည်း စပါး ၂၄၇၉၀ ဧကကို စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ပြီးခဲ့သည့်နှစ် အတိုင်း ၂၄၇၉၀ ဧက စိုက်ပျိုးသွားရန် လျာထားလျက်ရှိကာ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# တာမွေမြို့နယ်တွင် ခြင်ကြောင့် ကူးစက်ရောဂါများမဖြစ်ရေး ဆောင်ရွက်

**ရန်ကုန် မေ ၂၁**

တာမွေမြို့နယ်အတွင်းရှိ ရပ်ကွက်နေပြည်သူများကြားတွင် ခြင်မှတစ်ဆင့် ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် မေ ၁၉ ရက်က တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်အတွင်း အဘိတ်ဆေးခတ်ခြင်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ယခုလို စီစဥ်ဆောင်ရွက်ပေးမှုအပေါ် ရပ်ကွက်နေပြည်သူတစ်ဦးက "အခုလို ခြင်တွေပေါက်ပွားလာနိုင်တဲ့ ရေစည်ရေအိုးတွေအတွင်း အိမ်တိုင်ရာရောက် အဘိတ်ဆေးလိုက်ခတ်ပေးတာဟာ အရမ်းကောင်းတဲ့အစီအစဥ်ပါ၊ ခြင်ပေါက်ပွားမှု အများဆုံးရာသီဖြစ်တဲ့ မိုးတွင်းကာလလည်း မကြာခင်ရောက်တော့မှာပါ၊ ဒါကြောင့် သွေးလွန်တုပ်ကွေးရောဂါအပါအဝင် ခြင်မှတစ်ဆင့် ကူးစက်တတ်တဲ့ ရောဂါတွေလည်း ဖြစ်ပွားလာနိုင်ပါတယ်၊ အခုလို အိမ်တိုင်ရာရောက် အဘိတ်ဆေးခတ်ပေးတာက ခြင်ပေါက်ပွားမှု ရာခိုင်နှုန်းကို လျော့ကျစေမှာ ဖြစ်တဲ့အပြင် ခြင်မှတစ်ဆင့် ကူးစက်တတ်တဲ့ ရောဂါတွေကိုလည်း ကြိုတင်ကာကွယ်ရာ ရောက်ပါတယ်"ဟု ပြောသည်။ **နိုင်လင်းအောင်(တာမွေ)**

# ကလေးမြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေး

**ကလေး မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ( Township Disaster Management Plan Workshop)နှင့် သင်တန်းကို International Organization for Migration(IOM)၏ စီစဥ်မှုဖြင့် မေ ၂၁ ရက်က မြို့နယ်စုပေါင်းရုံး ခန်းမဆောင်၌ ပြုလုပ်သည်။

မေ ၂၂ ရက်အထိ နှစ်ရက်ကြာ ပြုလုပ်သည့် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ချိုက ယခုပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲသည် စတုတ္ထအကြိမ် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယနေ့ကာလသည် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုတို့၏ ဆိုးကျိုးသက်ရောက်မှုများကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ရင်ဆိုင်ကြုံတွေ့နေရချိန်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များမှာ စိပ်စိပ်နှင့် ပြင်းပြင်း ဖြစ်ပွားလာလျက်ရှိပြီး ဘေးအန္တရာယ်များကြောင့် လူ့အသက်အိုးအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှု များစွာ ကြုံတွေ့နေရကြောင်း၊ ဘေးအန္တရာယ်များကို မဖြစ်ပွားအောင် တားဆီး၍ မရနိုင်သော်လည်း ဘေးဖြစ်ပွားပါက ထိခိုက်ပျက်စီးဆုံးရှုံးမှု နည်းနိုင်သမျှ နည်းပါးစေရေးအတွက် မဖြစ်ပွားမီ ကြိုတင်ကာကွယ်ပြင်ဆင်မှုလုပ်ငန်းများ၊ ဘေးဖြစ်ပွားပါက အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ဘေးဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ ကြိုတင်စီမံထားနိုင်ကြောင်း၊ ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်နှင့်စပ်လျဥ်းသည့် အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများ စသည်တို့ကို ခရိုင်/မြို့နယ်အဆင့်အထိ ပြုလုပ်ပေးခြင်းဖြင့် ရပ်ကွက်/ကျေးရွာ လူထုကိုယ်တိုင် ဘေးအန္တရာယ်များအကြောင်းနှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ကြီးမားမှုများကို သိရှိစေမည်ဖြစ်ပြီး သဘာဝဘေးကို ကိုယ်တိုင် တုံ့ပြန်ဆောင်ရွက်နိုင်သော ရပ်ရွာလူထုဖြစ်စေရန် ဆင့်ပွားဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် International Organization for Migration (IOM)မှ တာဝန်ရှိသူ Dedy Alfian က အလုပ်ရုံဆွေးနွေးပွဲနှင့်သင်တန်း ပြုလုပ်ခြင်း၏ ရည်မှန်းချက်များ၊ ကလေးမြို့တွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲရေး၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေပြ မြေပုံကြမ်းရေးဆွဲခြင်းနှင့် Action Plan ဖော်ထုတ်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန့်ဝေကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာမှ ကိုယ်စားလှယ်များ၊ မြို့နယ် သဘာဝဘေးကော်မတီမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

**ချင်းတွင်းသား**



# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်

# GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း




- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ (Shopping Mall ,Hotel,Office Tower)များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ (၉၀၀,၀၀၀) ကျော်ရှိသည့် (၈)ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ (၂၀၀) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ဈေးဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း (Corridor) များကို (၁၄) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေးကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀)စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃)စင်း နှင့် ရွေ့လျားစက်လှေကား (၂၀)စင်း ပါဝင်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ်အစီးရေ (၆၀၀)ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလုကုန်များ ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

## စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ

**DEVELOPER-**

GA MONE PWINT CO.,LTD.

အမှတ်(၂၄၅)၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6

## မိဘအမည်မှန်

မုံရွာမြို့၊ အလက(၂)၊ တတိယတန်း(A)မှ မောင်ရှင်းသန့်မောင်၏ မိဘအမည်မှန်မှာ ဦးဇော်ဦး-ဒေါ်ခင်မျိုးလွင် ဖြစ်ပါသည်။

## အမည်ပြောင်း

မြိုင်မြို့နယ်၊ အထက မကျီးကန်ကျောင်း နဝမတန်း အခန်း(C)မှ မောင်သိန်းထိုက်အောင်အား ယနေ့မှစ၍ မောင်ငြိမ်းနိုင်ဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ငြိမ်းနိုင်ဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၁၄) နဝမတန်းအောင်မြင်ခဲ့သော မဇင်မာဖြိုး၏မိခင် မခိုင်နှင့် မရီရီခိုင် ၉/ပမန(နိုင်)၂၂၃၀၅၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မခိုင်(ခ)မရီရီခိုင်**

## မြေကွက် (အမြန်)ရောင်းမည်

သန်လျင်-အောင်ချမ်းသာ(၂)၊ (40'x60') (သိန်း ၂၈၀ ညှိနှိုင်း)

**ဖုန်း-၀၉-၂၆၀၂၆၀၈၃၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသူရိန်ဝင်း ၈/မလန(နိုင်)၀၈၇၀၇၁၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၉၄၃၇၀၈၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝင်းဇော် ၈/မလန(နိုင်)၁၁၃၂၂၆၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၄၀၆၃၁၉၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝင်းကြိုင် ၈/ငဖန(နိုင်)၀၂၆၃၉၉၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၇၄၁၇၀၉၃**

---

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ပစ္စည်းခေါင်းစဉ်ဖြင့်**

## ဝင်ငွေခွန်ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်

* **အကျုံးဝင်သည့်ဝင်ငွေများ။** ကိုယ်ပိုင်ဖြစ်သည့်မြေ သို့မဟုတ် မြေနှင့် အဆောက်အအုံငှားရမ်းခြင်းနှင့် ကိုယ်ပိုင်မဟုတ်သည့် မြေ သို့မဟုတ် မြေနှင့်အဆောက်အအုံထပ်ဆင့်ငှားရမ်းခြင်းမှ ရရှိသည့်ဝင်ငွေများ ပါဝင်သည်။ ငှားရမ်းခရငွေကို အခွန်စည်းကြပ်ရန်အတွက် တွက်ချက်ရာတွင် အမှန်ငှားရမ်းခရငွေနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက သတ်မှတ်သည့် ငှားရမ်းခနှုန်း၊ ယင်းနှစ်ရပ်အနက် များရာငွေကို ငှားရမ်းခရငွေအဖြစ် တွက်ချက်မည်ဖြစ်ပါသည်။

* **ဝင်ငွေတွက်ချက်မှု။** ငှားရမ်းခရရှိသည့် ငှားရမ်းခရငွေ စုစုပေါင်းအပေါ် ငှားရမ်းခရရှိသည့်ဝင်ငွေနှစ်အတွက် သတ်မှတ်ပေးထားသည့်ဝင်ငွေခွန်နှုန်းဖြင့် အခွန်စည်းကြပ်ရမည်။

**ဥပမာ-** နေအိမ်ကို ၂၀၁၆ခုနှစ် ဧပြီလမှ ၂၀၁၇ခုနှစ် မတ်လအထိ တစ်နှစ်ငှားရမ်းခြင်းအတွက် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်တွင် အဆိုပါတစ်နှစ်စာငှားရမ်းခ ရငွေစုစုပေါင်းအပေါ် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ အခွန်နှုန်းဖြင့် အခွန်စည်းကြပ်ပါမည်။

* **အခွန်နှုန်း။**

- သတ်မှတ်သည့် စုစုပေါင်းငှားရမ်းခရငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။

**ကျသင့်ဝင်ငွေခွန်= (စုစုပေါင်းငှားရမ်းခရငွေ- အခြေခံသက်သာခွင့်များ)× ၁၀ %**

**ဥပမာ-**

ဦးလှသည် နှစ်အတွင်း အိမ်ငှားရမ်းခငွေ တစ်လ ကျပ် ၅ သိန်းဖြင့် တစ်နှစ်ငှားရမ်းခ ကျပ်သိန်း ၆၀ ရရှိသူဖြစ်ပါက

| | | (ကျပ်) |
|---|---|---|
| စုစုပေါင်း အိမ်းငှားရမ်းခငွေ | | = ၆၀၀၀၀၀၀ |
| အခြေခံသက်သာခွင့် (၆၀၀၀၀၀၀×၂၀%) | = ၁၂၀၀၀၀၀ | |
| အတူနေမိဘအတွက်သက်သာခွင့် (တစ်ဦး ၁၀၀၀၀၀၀ စီ×၂ ဦး) | = ၂၀၀၀၀၀၀ | |
| အိမ်ထောင်ဖက်အတွက်သက်သာခွင့် | = ၁၀၀၀၀၀၀ | |
| သားသမီး ၂ဦးအတွက် သက်သာခွင့် (တစ်ဦး ၅၀၀၀၀၀ စီ× ၂ ဦး) | = ၁၀၀၀၀၀၀ | |
| (နုတ်)သက်သာခွင့်စုစုပေါင်း | | = ၅၂၀၀၀၀၀ |
| အခွန်စည်းကြပ်ရန်ဝင်ငွေ | | = ၈၀၀၀၀၀ |
| ကျသင့်အခွန်=အခွန်စည်းကြပ်ရန်ဝင်ငွေ×၁၀% | | = ၈၀၀၀၀ |

* နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက စုစုပေါင်းငှားရမ်းခရငွေမှ ယင်းငွေရရှိရန် ကုန်ကျသည့်စရိတ်များကိုနုတ်ပယ်ပြီး ရရှိသည့် အသားတင်အမြတ်ဝင်ငွေအပေါ် သက်ဆိုင်ရာနှစ်၏ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ အဆိုပါအဖွဲ့အစည်းများအတွက် သီးခြားသတ်မှတ်ပေးထားသည့် အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။

* အသေးစိတ်သိရှိလိုပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်၊ ၄၆ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်း-၀၆၇-၄၃၀၅၃၃၊ ၀၆၇-၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၆၅ လမ်း၊ ၂၂×၂၃ လမ်းကြား၊ ဖုန်း-၀၂-၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဝင်ငွေခွန်ကြေညာလွှာ/လစာနှစ်ချုပ်ကြေညာလွှာ/ ကုန်သွယ်လုပ်ငန်းခွန်နှစ်ချုပ်ကြေညာလွှာတင်သွင်းရန် (ဒုတိယအကြိမ်) နှိုးဆော်ခြင်း

**၁။ ဝင်ငွေကြေညာလွှာ**

(က) ၂၀၁၇ ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၈ ခုနှစ် မတ် ၃၁ရက်အထိဖြစ်သည့် ဝင်ငွေနှစ်အတွင်းရရှိသော ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်မှုခံယူမည့်ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်း၊ သမဝါယမအသင်း၊ ယင်းအသင်းနှင့် စုပေါင်းလယ်ယာအဖွဲ့များ၊ တစ်ဦးချင်းပုဂ္ဂိုလ် (လစာခေါင်းစဉ်မှ ဝင်ငွေသာရရှိသူမပါ) တစ်ဦးချင်းပုဂ္ဂိုလ်တို့ စုပေါင်းထားသည့်အဖွဲ့အစည်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသည့်အဖွဲ့အစည်း(သို့မဟုတ်) အသင်းအဖွဲ့တို့သည် ထိုဝင်ငွေနှစ်အတွက် မြတ်စွန်းငွေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝင်ငွေကြေညာလွှာကို ပြည့်စုံစွာဖြည့်စွက်၍ ဝင်ငွေကြေညာလွှာ၏ မှတ်ချက်တွင်ဖော်ပြထားသည့် လက်မှတ်ရေးထိုးခွင့်ရှိသူမှ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၂)၊ (၃)သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန် အသိပေးနှိုးဆော်အပ်ပါသည်။

(ခ) အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁)ရှိ အခွန်ထမ်းများမှအပ ကျန်အခွန်ထမ်းများ၏ စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်စည်းမျဉ်းများအရ ထားရှိရမည့် စာရင်းများအပါအဝင်ဖြစ်သော သက်ဆိုင်ရာဝင်ငွေနှစ်အတွက် စာရင်းရှင်းတမ်းတစ်စောင်ကို ဝင်ငွေကြေညာလွှာနှင့် ပူးတွဲတင်ပြရန် လိုအပ်ပါသည်။

(ဂ) အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁)ရှိ အခွန်ထမ်းများအနေဖြင့် ကိုယ်တိုင်အခွန်တွက်ချက်စည်းကြပ်၍ ဝင်ငွေကြေညာလွှာများကို အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ ဝင်ငွေကြေညာလွှာတင်သွင်းရာတွင် ကြေညာလွှာ၌ ဖော်ပြပါရှိသော ညွှန်ကြားချက်များကို သေချာစွာဖတ်ရှု လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး နှစ်ချုပ်ရှင်းတမ်းတင်သွင်းရန် မလိုအပ်ပါ။

(ဃ) ဝင်ငွေကြေညာလွှာအား သတ်မှတ်ရက်အတွင်း တင်သွင်းရန် ပျက်ကွက်ပါက ပေးဆောင်ရမည့်အခွန်အပြင် ယင်းအခွန်၏ တစ်ဆယ်ရာခိုင်နှုန်းထက်မပိုသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရပါမည်။

**၂။ လစာနှစ်ချုပ်ကြေညာလွှာ**

(က) ဝင်ငွေနှစ်အတွင်း လစာခေါင်းစဉ်တစ်မျိုးတည်းမှသာ ဝင်ငွေရရှိသူများသည် တစ်ဦးချင်းဝင်ငွေကြေညာလွှာပေးပို့ရန်မလိုအပ်ပါ။

(ခ) သို့ရာတွင် အလုပ်ရှင်သည် မိမိဝန်ထမ်းများအတွက် လစာနှစ်ချုပ်စာရင်းကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးပို့ရန်လိုအပ်ပါသည်။

**၃။ ကုန်သွယ်လုပ်ငန်းခွန်နှစ်ချုပ်ကြေညာလွှာ**

(က) ၂၀၁၇ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၈ခုနှစ် မတ် ၃၁ရက်အထိဖြစ်သည့် ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေသို့မဟုတ် ဝန်ဆောင်မှုရငွေ ရရှိသည့် ပြည်ထောင်စုအစိုးရ၏ စီးပွားရေးအဖွဲ့အစည်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်၊ တစ်ဦးချင်းပုဂ္ဂိုလ်များ စုပေါင်းထားသည့်အဖွဲ့အစည်း (သို့မဟုတ်) အသင်း၊ ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်းများအပါအဝင် မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ (သို့မဟုတ်) နှစ်ချုပ်ဝန်ဆောင်မှုကြေညာလွှာကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်၍ ကြေညာလွှာတွင်ဖော်ပြထားသည့် ရှင်းလင်းချက်ပါအတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူက လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ (သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်းဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း

(၂) ကုန်စည်တင်သွင်းခြင်း၊

(၃) ကုန်သွယ်မှုဆောင်ရွက်ခြင်း၊

(၄) ဝန်ဆောင်မှုဆောင်ရွက်ခြင်း။

(ခ) လုံလောက်သောအကြောင်းမရှိဘဲ သတ်မှတ်ထားသောအချိန်အတွင်း ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ပါက စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရပါမည်။

**၄။ တင်သွင်းရမည့်နောက်ဆုံးရက်**

၂၀၁၈ ခုနှစ် ဇူလိုင်လ ၂ ရက် (တနင်္လာနေ့)

(**မှတ်ချက်။** သက်ဆိုင်ရာဥပဒေအရ ပြည်တွင်းအခွန်များဦးစီးဌာနတွင် ကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးရက်ဖြစ်သော ၃၀-၆-၂၀၁၈ရက်သည် (စနေနေ့) ရုံးပိတ်ရက်ဖြစ်ပါသဖြင့် ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ-၄ အရ ရုံးပြန်ဖွင့်သောရက်ကို သတ်မှတ်ခြင်းဖြစ်ပါသည်။)

**၅။ ကြေညာလွှာပုံစံရယူရန်**

ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)တို့တွင် အခမဲ့ရယူနိုင်သည့်အပြင် ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် http/www.irdmyanmar.gov.mm မှလည်း ရယူနိုင်ပါသည်။

**၆။ စုံစမ်းရန်**

မရှင်းလင်းသည့်အချက်များကို အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး(သို့မဟုတ်)အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃) (သို့မဟုတ်) ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်)အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်) ရုံးအမှတ် ၄၆၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်း-၀၆၇-၄၃၀၅၃၃၊ ၀၆၇-၄၃၀၅၂၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်)အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ၆၅လမ်း၊ ၂၂×၂၃လမ်းကြား ဖုန်း-၀၂-၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**ကုသရေးဦးစီးဌာန**

**သင်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ သင်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီးတွင် လူနာများအား ကုသရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ (အောက်ဆီဂျင်အပါအဝင်)၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများနှင့် ဓာတ်မှန်ဆိုင်ရာပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ တရားဝင်အသိအမှတ်ပြုလိုင်စင်ရ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

| | | |
|---|---|---|
| **စတင်ရောင်းချမည့်ရက်** | - | ၁၇-၅-၂၀၁၈ရက်(ကြာသပတေးနေ့) |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၁၆-၆-၂၀၁၈ရက်(စနေနေ့) ညနေ ၄း၀၀နာရီ |

၃။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**သင်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး**

**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၅၇၉၈၉၀**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန အထွေထွေရောဂါကုဆေးရုံကြီး အင်းစိန်တွင် လူနာများအား ကုသရန်လိုအပ်သော (FDA)အသိအမှတ်ပြု ဆေးဝါးများဓာတ်ခွဲခန်းသုံး ဆေးပစ္စည်းနှင့် ဓာတ်မှန်ဆိုင်ရာပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၂-၅-၂၀၁၈ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၆-၂၀၁၈ ရက် ညနေ ၄း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် တင်သွင်းရမည့် ဆေးဝါးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်း အထွေထွေရောဂါကုဆေးရုံကြီး အင်းစိန်၌ လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**

**အထွေထွေရောဂါကုဆေးရုံကြီးအင်းစိန်**

**ရန်ကုန်တိုင်းဒေသကြီး**

**ဖုန်း-၀၁-၆၄၀၅၂၃**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**နေပြည်တော်ကောင်စီ**

## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီ၏ကြီးကြပ်မှုဖြင့် ၂၀၁၈ ဘဏ္ဍာရေးနှစ် (ဧပြီမှ စက်တင်ဘာအထိ)အတွက် အဆင့်မြင့်ပညာဦးစီးဌာန၊ နေပြည်တော်တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(၁) ဝန်ထမ်းအိမ်ရာများတွင် မြေကာနံရံကာရံခြင်း ကျောက်စီနံရံ အမြင့်(၁၂')ပြုလုပ်ခြင်း (၁၀၀၀')လုပ်ငန်း

(၂) ဝန်ထမ်းအိမ်ရာ ရေနုတ်မြောင်း (၄'×၄')အရှည် ၅၆၀၀' ဖောက်လုပ်ခြင်းနှင့် ၂၄'အကျယ်(၄'×၄') Culvert များတည်ဆောက်ခြင်းလုပ်ငန်း

(၃) ဝန်ထမ်းအိမ်ရာ (၆)ခန်းတွဲ (၄)ထပ် (၄)လုံးအား အဝင်လမ်း (၈၀၀'×၂၄')အား ၆"×၉"ကျောက်ကြီးဖြင့် အမာခံခင်း၍ ကွန်ကရစ်ခင်းခြင်းနှင့် ကားရပ်နားကွင်းအား အမာခံကျောက်ကြီးဖို့၍ ကွန်ကရစ်ခင်းခြင်း (၈၀၀'×၂၀') လုပ်ငန်း

(၄) အုပ်ချုပ်မှု (၃)ထပ်ရုံးအဆောက်အအုံတွင် မြေကာနံရံကာရံခြင်း (၉၀၀'×၁၂')လုပ်ငန်း(ကျောက်စီနံရံ)နှင့် အနောက်ဘက်တွင် Chain Link ကာရံခြင်း (၁၃၀၈') (RW အပါ)၊ ရှေ့မျက်နှာစာတွင် အုတ်နှင့် သံပန်းကာရံခြင်း (၅၈၀')လုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၅-၂၀၁၈ ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၈-၆-၂၀၁၈ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ အဆင့်မြင့်ပညာဦးစီးဌာန ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၇၇၂၆၊ ၀၆၇-၃၄၀၇၇၂၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ၊ နေပြည်တော်ကောင်စီ**

---

**YBS အထူးယာဉ်မောင်းသင်တန်းအမှတ်စဉ်(၉)**

## သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တွင်း YBS ယာဉ်သစ်ကြီးများ မောင်းနှင်ရန်အတွက် ယာဉ်မောင်းများ အလိုရှိပါသဖြင့် အထူးယာဉ်မောင်းသင်တန်းကို ဆက်သွယ်ရေးနှင့်ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် YRTA တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွင့်လှစ်လျက်ရှိပါသည်။ အဆိုပါသင်တန်းကို အောက်ဖော်ပြပါ အချက်အလက်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) "ခ"လိုင်စင် အနည်းဆုံး(၃)နှစ် သက်တမ်းရှိရမည်။ "င"လိုင်စင်ရှိသူများလည်း လျှောက်ထားနိုင်သည်။

(ခ) အသက်(၂၅)နှစ်မှ (၅၅)နှစ်အတွင်းရှိရမည်။

(ဂ) ယာဉ်ကြီးမောင်းနှင်သည့်အတွေ့အကြုံရှိသူ ဖြစ်ရမည်။

(ဃ) လက်ရှိ YBS ယာဉ်လိုင်းများတွင် မောင်းနှင်သူများဖြစ်ပါက သက်ဆိုင်ရာ ယာဉ်လိုင်းကုမ္ပဏီ၏ ထောက်ခံချက်ပါရှိရမည်။

(င) အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးသူ ဖြစ်ရမည်။

၂။ **သင်တန်းဖွင့်လှစ်မည့်အစီအစဉ်**

(က) သင်တန်းအမှတ်စဉ်(၉)ကို ၂၀၁၈ခုနှစ် ဇွန်လ တတိယပတ်အတွင်း ဖွင့်လှစ်မည်။

(ခ) သင်တန်းပြီးဆုံးအောင်မြင်ပါက မူလလျှောက်ထားသည့် ယာဉ်လိုင်းကုမ္ပဏီများတွင် ဆက်လက်မောင်းနှင်ခွင့်ပြုမည်။

(ဂ) ပြင်ပယာဉ်မောင်းများဖြစ်ပါက YBS ယာဉ်လိုင်းများတွင် မောင်းနှင်ခွင့်ပြုမည်။

(ဃ) သင်တန်းကာလကို ရက်သတ္တပတ်(၃)ပတ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းအောင်မြင်လျှင် YBS မောင်းနှင်ခွင့် (င)လိုင်စင်ကတ် ရရှိမည်ဖြစ်ပါသည်။

(င) လျှောက်လွှာယူခြင်းနှင့် တင်ရမည့်နေရာ - YRTA(ရုံးချုပ်) (ကျိုက္ကဆံစူပါဝမ်းကုန်တိုက်အနီး) အမှတ်(၆၅)၊ လေးထောင့်ကန်လမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်။

၃။ သင်တန်းသားဦးရေအကန့်အသတ်ရှိပါ၍ အမြန်ဆုံးလာရောက် လျှောက်ထားကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၅၄၁၉၀၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# International School of Myanmar

Accredited by

## Congratulations to the

# Graduating Class of 2018

### Some University Acceptances from the Class of 2018:

Stanford University
Cornell University
University of Edinburgh
King's College London
University of Melbourne
University of Toronto
Carnegie Mellon University
University of Southern California (USC)
University of California, Los Angeles (UCLA)
University of Michigan, Ann Arbor
University of Illinois Urbana-Champaign
Georgia Institute of Technology
Babson College
Hult International Business School
Les Roches International School of Hotel Management
City University of Hong Kong

University of California, San Diego
Purdue University
Virginia Institute of Technology
Bucknell University
Lehigh University
The George Washington University
Syracuse University
University of Minnesota, Twin Cities
Loyola Marymount
Academy of Art University
University of California, Davis
Cal Poly San Luis Obispo
Asia Pacific University College of Technology & Innovation
University of California, Santa Barbara
Baruch College
University of California, Irvine

University of Massachusetts, Amherst
The City College of New York
Boston University
Cal Poly Pomona
The Hong Kong Polytechnic University
University of North Carolina At Chapel Hill
California State University Long Beach
The Hong Kong Polytechnic University
California State University Los Angeles
University of La Verne
Columbia College Chicago
University of San Francisco
College of San Mateo
Tulane University
University of Wisconsin-Madison
Wentworth Institute of Technology

Pasadena City College
Drexel University
Royal Melbourne Institute of Technology
Lasalle College of the Arts
Loyola University Chicago
New York Institute of Technology
Ohlone College
Otis College of Art and Design
Pratt Institute
San Diego State University
Northeastern University
Simon Fraser University
Trinity Western University
Southern California Institute of Architecture
Western Sydney University
Bentley University



## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၁၄) နဝမတန်းအောင်မြင်ခဲ့သော မဇင်မာလင်း၏ဖခင် ဦးမောင်ငယ်နှင့် ဦးမောင်လွင် ၉/လဝန(နိုင်)၁၃၆၀၈၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မိခင် ဒေါ်မြင့်မြင့်ဝင်းနှင့် ဒေါ်ညွန့်ညွန့်ဝင်း ၉/လဝန(နိုင်)၁၁၀၁၃၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူမြို့၊ အထက (၆) တက္ကသိုလ်ဝင်တန်း(A) မှ နော်ခရစ္စတီးနာမန္တဲ့၊ နော်ရိုစ့်မေရီ၊ နော်ချယ်ရီဖော၊ နော်ဖီလိုမိနာ တို့၏ဖခင် ဦးအာခြေးယာနှင့် စောအန်းငင်းသာ ၃/လသန(နိုင်)၀၀၂၀၄၁ မှာ တစ်ဦးတည်း၏ အမည်ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဘုရင့်နောင်၊ မြေကွက်အမှတ် ဆ/၆၂-B၊ မြေကွက်တည်နေရာအမှတ် ဆ/၆၂-B၊ ပိတောက်လမ်း၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ် (ဦးစိုးမြင့်)အမည်ပေါက် ၂၅ နှစ် မြေငှားဂရန်မြေအား အမည်ပေါက်ဖြစ်သူ ဖခင်ဦးစိုးမြင့်မှာ ၂၅-၃-၂၀၁၈ ရက်တွင်လည်းကောင်း၊ မိခင်ဖြစ်သူ တောင်ရှိန်အိ(ခ)ဒေါ်စန်းရီမှာ ၂-၂-၂၀၁၃ ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်သွားပါသဖြင့် ၎င်းတို့၏သားသမီးများဖြစ်ကြသည့် ဒေါ်ဥမ္မာမြင့် ၁၂/လမတ(နိုင်)၀၀၆၀၂၃၊ ဒေါ်အေးအေးမြင့် ၁၂/လမတ(နိုင်)၀၂၈၉၉၅၊ ဒေါ်အမာမြင့် ၁၂/လမတ(နိုင်)၀၀၀၁၁၈၊ ဦးသန်းစိုးမြင့် ၁၂/လမတ(နိုင်)၀၀၁၈၅၇၊ ဦးခင်မောင်စိုး ၁၂/လမတ(နိုင်)၀၂၅၄၁၅၊ ဒေါ်ခင်သန်းစိုး ၁၂/လမတ(နိုင်)၀၂၅၄၁၆ တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ၂၅နှစ်ဂရန်၊ မြေခွန်ပြေစာ၊ ရိုးမဘဏ်၊ ဘုရင့်နောင်ဘဏ်ခွဲမှ ၁၀-၄-၂၀၁၈ ရက်စွဲဖြင့် အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုးမြင့်မှာ ကွယ်လွန်သွားပြီးဖြစ်၍ ၎င်း၏ကျန်ရစ်သူ သား/သမီးများမှ ပိုင်ဆိုင်မှုလွှဲပြောင်း၍ အမည်ပေါက်ပြောင်းလဲရန်အလို့ငှာ မြေပုံ/မြေရာဇဝင်ကူးယူခြင်းအား ခွင့်ပြုပေးနိုင်ပါရန်နှင့် မြေပုံ/မြေရာဇဝင်ကူးယူခြင်းအား ဘဏ်မှသိရှိကြောင်းနှင့် ၂၉-၆-၂၀၁၇ ရက်စွဲဖြင့် ကန့်ကွက်တားမြစ်စာအား ပယ်ဖျက်ပါကြောင်း အကြောင်းကြားစာတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဘုရင့်နောင်၊ မြေကွက်အမှတ်-ခ/၆၁-B၊ မြေကွက်တည်နေရာအမှတ်-ခ/၆၁-B၊ ကံ့ကော်လမ်းသွယ်(၄)လမ်း၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ် (ဦးစိုးမြင့်)အမည်ပေါက် ၂၅ နှစ် မြေငှားဂရန်မြေအား အမည်ပေါက်ဖြစ်သူ ဖခင်ဦးစိုးမြင့်မှာ ၂၅-၃-၂၀၁၈ ရက်တွင်လည်းကောင်း၊ မိခင်ဖြစ်သူ တောင်ရှိန်အိ(ခ)ဒေါ်စန်းရီမှာ ၂-၂-၂၀၁၃ ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်သွားပါသဖြင့် ၎င်းတို့၏သားသမီးများဖြစ်ကြသည့် ဒေါ်ဥမ္မာမြင့် ၁၂/လမတ(နိုင်)၀၀၆၀၂၃၊ ဒေါ်အေးအေးမြင့် ၁၂/ လမတ(နိုင်)၀၂၈၉၉၅၊ ဒေါ်အမာမြင့် ၁၂/လမတ(နိုင်)၀၀၀၁၁၈၊ ဦးသန်းစိုးမြင့် ၁၂/လမတ(နိုင်)၀၀၁၈၅၇၊ ဦးခင်မောင်စိုး ၁၂/လမတ(နိုင်)၀၂၅၄၁၅၊ ဒေါ်ခင်သန်းစိုး ၁၂/လမတ(နိုင်)၀၂၅၄၁၆ တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ၂၅နှစ်ဂရန်၊ မြေခွန်ပြေစာ၊ ရိုးမဘဏ်၊ ဘုရင့်နောင်ဘဏ်ခွဲမှ ၁၀-၄-၂၀၁၈ ရက်စွဲဖြင့် အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုးမြင့်မှာ ကွယ်လွန်သွားပြီးဖြစ်၍ ၎င်း၏ကျန်ရစ်သူ သား/သမီးများမှ ပိုင်ဆိုင်မှုလွှဲပြောင်း၍ အမည်ပေါက်ပြောင်းလဲရန်အလို့ငှာ မြေပုံ/မြေရာဇဝင်ကူးယူခြင်းအား ခွင့်ပြုပေးနိုင်ပါရန်နှင့် မြေပုံ/မြေရာဇဝင်ကူးယူခြင်းအား ဘဏ်မှသိရှိကြောင်းနှင့် ၂၉-၆-၂၀၁၇ ရက်စွဲဖြင့် ကန့်ကွက်တားမြစ်စာအား ပယ်ဖျက်ပါကြောင်း အကြောင်းကြားစာတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဘုရင့်နောင်၊ မြေကွက်အမှတ်-ခ/၆၁- A၊ မြေကွက်တည်နေရာအမှတ်-ခ/၆၁-A၊ ကံ့ကော်လမ်းသွယ်(၄)လမ်း၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ် (ဦးစိုးမြင့်)အမည်ပေါက် ၂၅နှစ် မြေငှားဂရန်မြေအား အမည်ပေါက်ဖြစ်သူ ဦးစိုးမြင့်မှာ ၂၅-၃-၂၀၁၈ ရက်တွင်လည်းကောင်း၊ မိခင်ဖြစ်သူ တောင်ရှိန်အိ(ခ)ဒေါ်စန်းရီမှာ ၂-၂-၂၀၁၃ ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်သွားပါသဖြင့် ၎င်းတို့၏သားသမီးများဖြစ်ကြသည့် ဒေါ်ဥမ္မာမြင့် ၁၂/လမတ(နိုင်)၀၀၆၀၂၃၊ ဒေါ်အေးအေးမြင့် ၁၂/လမတ(နိုင်)၀၂၈၉၉၅၊ ဒေါ်အမာမြင့် ၁၂/လမတ(နိုင်)၀၀၀၁၁၈၊ ဦးသန်းစိုးမြင့် ၁၂/လမတ(နိုင်)၀၀၁၈၅၇၊ ဦးခင်မောင်စိုး ၁၂/လမတ(နိုင်)၀၂၅၄၁၅၊ ဒေါ်ခင်သန်းစိုး ၁၂/လမတ(နိုင်)၀၂၅၄၁၆တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ၂၅နှစ်ဂရန်၊ မြေခွန်ပြေစာ၊ ရိုးမဘဏ်၊ ဘုရင့်နောင်ဘဏ်ခွဲမှ ၁၀-၄-၂၀၁၈ ရက်စွဲဖြင့် အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုးမြင့်မှာ ကွယ်လွန်သွားပြီးဖြစ်၍ ၎င်း၏ကျန်ရစ်သူ သား/သမီးများမှ ပိုင်ဆိုင်မှုလွှဲပြောင်း၍ အမည်ပေါက်ပြောင်းလဲရန်အလို့ငှာ မြေပုံ/မြေရာဇဝင်ကူးယူခြင်းအား ခွင့်ပြုပေးနိုင်ပါရန်နှင့် မြေပုံ/မြေရာဇဝင်ကူးယူခြင်းအား ဘဏ်မှသိရှိကြောင်းနှင့် ၂၉-၆-၂၀၁၇ ရက်စွဲဖြင့် ကန့်ကွက်တားမြစ်စာအား ပယ်ဖျက်ပါကြောင်း အကြောင်းကြားစာတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



METRO
IT & Japanese Language Centre

**တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသူများအတွက်**
**Professional အလုပ်အကိုင် အခွင့်အလမ်းကောင်း**
**ရရှိနိုင်မည့် “ Only One School in Myanmar ”**

ဂျပန်ဘာသာ & IT & အင်္ဂလိပ်ဘာသာ

**SYSTEM CREATOR COURSE ( 2 years Course )**

- ဂျပန်နိုင်ငံ Nagasaki မြို့ရှိ Metro IT Business College မှတိုက်ရိုက်ချမှတ်ပေးသည့် IT ဘာသာရပ် သင်ရိုးညွှန်းတမ်းများအတိုင်း မြန်မာနိုင်ငံတွင် ပညာသင်စရိတ်ချိုသာစွာဖြင့် သင်ကြားပေးနေသော သင်တန်းကျောင်း
- ဂျပန်နိုင်ငံမှ IT ပညာရှင်ဆရာများက ဦးစီး၍ အတွေ့အကြုံရှိ IT ပညာရှင် မြန်မာလူမျိုးဆရာ၊ ဆရာမများက IT ဘာသာရပ်များကို သင်ကြားပေးပြီး ဂျပန်ဘာသာရပ်နှင့် English ဘာသာရပ်များတွင်လည်း သင်ကြားရေးအသိအမှတ်ပြုလက်မှတ်ရ ဂျပန်လူမျိုး Native ဆရာများနှင့် အတွေ့အကြုံရှိ မြန်မာလူမျိုး ဆရာ၊ ဆရာမများက စံနစ်တကျ သင်ကြားပေးနေသောသင်တန်းကျောင်း
- English ဘာသာဖြင့် သင်ကြားပို့ချပေးသည့် IT ပညာရပ်များကို လေ့လာရာတွင် အခက်အခဲမရှိစေရန် English ဘာသာရပ်ကိုလည်း စာသင်ချိန်များတွင် တွဲဖက်၍ သင်ကြားပေးနေသော သင်တန်းကျောင်း
- ဂျပန်နိုင်ငံ၏ IT ကုမ္ပဏီများတွင် IT Engineer များအဖြစ် အလုပ်အကိုင် ဝင်ရောက်နိုင်ရန်နှင့် ဂျပန်ကုမ္ပဏီများတွင် IT နှင့်ဆက်စပ်နီးနွယ်သော မိမိတို့ဝါသနာပါရာ အလုပ်အကိုင်များကို လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ဂျပန်ဘာသာရပ်ကို ကျွမ်းကျင်စွာတတ်မြောက်သည်အထိ အခမဲ့ တွဲဖက်သင်ကြားပေးနေသော သင်တန်းကျောင်း
- ကျောင်းသားကျောင်းသူတစ်ဦးချင်းစီအား Continuous Assessments System ဖြင့်သင်ကြားအကဲဖြတ်ပေးပြီး သင်တန်းကာလအတွင်း ကျောင်းသား၏ Level နှင့်ကိုက်ညီသော IT Course များကို ပြောင်းလဲလေ့လာသင်ယူနိုင်ရန် စီမံထားသည့် သင်တန်းကျောင်း
- သင်တန်းကာလအတွင်း ကျောင်းသင်ခန်းစာများအပြင် Cultural Activity လှုပ်ရှားမှုများ၊ လုပ်ငန်းခွင်တွင် အထောက်အကူ ဖြစ်စေမည့် Presentation Skill အတွက်လေ့ကျင့်ပေးမှုများ၊ ပျော်ရွှင်ဖွယ်ရာ School Event များပါဝင်ပြီး အဓိပ္ပါယ်ပြည့်ဝသော ကျောင်းသားဘဝကို ခံစားရရှိမည့် သင်တန်းကျောင်း
- သင်တန်းကာလပြီးမြောက်ချိန်တွင်လည်း ကျောင်းသားတစ်ဦးချင်းစီအား အလုပ်အကိုင်လမ်းညွှန်မှု (Job Guidance) နှင့် လုပ်ငန်းခွင်များသို့ အလုပ်အကိုင်ဝင်ရောက်နိုင်စေရန် အလုပ်မိတ်ဆက်ပေးခြင်း (Job Introduction) များကို ဆောင်ရွက်ပေးနေသော သင်တန်းကျောင်း
- သင်တန်းပြီးမြောက်ချိန်တွင် အသိအမှတ်ပြု Diploma အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စနစ်ကျနသည့် သင်ကြားရေးနည်းဗျူဟာများကြောင့် Japan နိုင်ငံနှင့် အခြားသောနိုင်ငံတကာအသိအမှတ်ပြု IT အရည်အချင်းစစ် အင်ဂျင်နီယာအောင်လက်မှတ်များ (ITPEC Exam ၏ IP, FE အောင်လက်မှတ်များ) ကို ရရှိနိုင်အောင် သင်ကြားပေးနေသော သင်တန်းကျောင်း
- တွဲဖက်သင်ကြားပေးသည့် ဂျပန်ဘာသာရပ်တွင်လည်း ဂျပန်နိုင်ငံအသိအမှတ်ပြု ဂျပန်ဘာသာ အရည်အချင်း (N5,N4,N3) level အသီးသီးအောင်လက်မှတ်များ ရရှိပိုင်ဆိုင်နိုင်အောင် လေ့ကျင့်သင်ကြားပေးနေသော သင်တန်းကျောင်း
- သန့်ရှင်းသပ်ရပ်သော စာသင်ခန်းများအတွင်း ပြီးပြည့်စုံသော သင်ထောက်ကူပစ္စည်းများဖြင့် စိတ်အေးချမ်းမြေ့စွာ ပညာသင်ယူနိုင်သော သင်တန်းကျောင်း

**09-976334160, 09-262007900**

တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများအနေဖြင့် မိဘများနှင့်အတူ လာရောက်လေ့လာသင့်သော IT Course Seminar ကို 2018 May 27 ( Sun ) နေ့လည် 1:00 တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

Room No(A,B,C,D), 3rd Floor, Kyaw Business Tower Condo,Pansodan Street (Middle Block), Kyauktada Township, Yangon, Phone No: 01-372691
Room No(7), Mandalay ICT Park, 3rd Floor, Yadanarbon Super Center, Corner of 34 x 78 Street, Mandalay, Phone No: 09-401000510, 09-401000520
mminfo@metro-myanmar.com www.metro-myanmar.com/mic metrogroupmyanmar

**2018 July Intake**
တန်းခွဲသစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ။

# ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် နိုင်ငံတော်မှ အလေးထားဆောင်ရွက်ပေးလျက်ရှိ



## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟားခါးမြို့ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**နေပြည်တော် မေ ၂၁**

ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မေ ၁၉ ရက် ညပိုင်းတွင် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အရေးကြီးပါကြောင်း၊ ချင်းပြည်နယ်သည် အခြားသော ပြည်နယ်နှင့် တိုင်းဒေသကြီးများထက် အစစအရာရာ၌ များစွာ နောက်ကျနေပါကြောင်း၊ ထို့ကြောင့် ချင်းပြည်နယ်၏ လိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် နိုင်ငံတော်မှ အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိအနေဖြင့် ယခုနှစ်ထဲမှာပင် ပထမအကြိမ် ချင်းပြည်နယ် တောင်ပိုင်းသို့ သွားရောက်ခဲ့ပြီး ယခု မြောက်ပိုင်းသို့ လာရောက်ခြင်းဖြစ်ပါကြောင်း၊ မကြာမီနှစ်များအတွင်း ချင်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍသစ်အဖြစ် ဆူရဲဘုန်(ဖလမ်း) လေဆိပ်သစ်ကို ဖွင့်လှစ်နိုင်ရန် စီမံကိန်းအား အကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးစီမံကိန်းများတွင် တက်ညီလက်ညီပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✳

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရှုခင်းသာမျှော်စင်မှ ဟားခါးမြို့၏ မြင်ကွင်းအလှကို ကြည့်ရှုစဉ်။

သတင်းစဉ်



- ဘုံဇုံးဒေသ ထုံးကျောက်တောင်၏ ဧရိယာ ၃၆ ဒသမ ၈ စတုရန်းကီလိုမီတာ အတွင်းမှ သ-၂ နှင့် သ-၃ အဆင့်ရှိ ထုံးကျောက်တန်ချိန် ၅၁၁ ဒသမ ၁၃ သန်း တန်ထွက်ရှိမည်
- ဆက်စပ်ဧရိယာများတွင် ထုံးကျောက် အမြောက်အမြား ထပ်မံတွေ့ရှိနိုင်
- ထိုမှတစ်ဆင့် ဘိလပ်မြေနှင့် အလှဆင် ကျောက်ပြားစက်ရုံ စီမံကိန်းများ ဆောင်ရွက်သွားနိုင်မည်

# မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ တပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေး နယ်စပ်မျဉ်းအနီး နေထိုင်သူများကိစ္စ မြန်မာဘက်မှ တရားဝင်ကန့်ကွက်

**နေပြည်တော် မေ ၂၁**

နှစ်နိုင်ငံ နယ်စပ်မျဉ်းအနီး နေထိုင်ခွင့်မရှိသောနေရာတွင် လူဦးရေ၊ အိမ်ထောင်စုများ တရားမဝင်တိုးပွားလာမှုကို သတင်းဖလှယ်မှုမရှိခြင်းသည် နှစ်နိုင်ငံအကြား ချုပ်ဆိုထားသော နယ်နိမိတ်စာချုပ်ပါ သတ်မှတ်ချက်များကို ချိုးဖောက်ရာရောက်သဖြင့် မြန်မာနိုင်ငံဘက်မှ တရားဝင်ကန့်ကွက်ကြောင်းနှင့် ARSA အကြမ်းဖက်အဖွဲ့များ ရောနှောဝင်ရောက်လာကြောင်း သိရသဖြင့် ကာကွယ်တားဆီးပေးရန် လိုအပ်ကြောင်း၊ မေ ၁၆ ရက် မွန်းလွဲပိုင်းက မြန်မာဘက်ခြမ်း (တောင်ပြို-ဝဲဝင်ထွက်)တံတားအနီးရှိ ရှင်းလင်းဆောင်၌ ကျင်းပခဲ့သည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲမှူးက ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲ၌ ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် တပ်ရင်းမှူးက ပြန်လည်ဆွေးနွေးရာတွင် ၂၀၁၇ ခုနှစ် ဖြစ်စဉ် ဖြစ်ပွားပြီး ပြောင်းရွှေ့ဒုက္ခသည်များ ယခုအချိန်အထိ နယ်နိမိတ်မျဉ်းအနီးတွင် နေထိုင်လျက်ရှိကာ ၎င်းတို့ဘက်မှ ထောက်ပံ့ပေးခဲ့မှုများ မရှိပါကြောင်း၊ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီး အဆောက်အအုံနှင့်ပတ်သက်၍ နယ်စပ်ရေးရာကိစ္စဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်ရန် ရှိပါကြောင်း၊ သို့ရာတွင် နေရပ်စွန့်ခွာသူများမှာ ကမ္ဘာ့အဖွဲ့အစည်းများမှ ထောက်ပံ့ပေးမှုကြောင့် ရပ်တည်၍ရနေခြင်းဖြစ်ပါကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးမှုများအဖြစ် ကမ္ဘာ့အဖွဲ့အစည်းများက ထောက်ပံ့ပေးခြင်းဖြစ်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ကန့်ကွက်၍မရပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံ နယ်စပ်တည်ငြိမ်အေးချမ်းရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ပြည်ပသတင်းမီဒီယာများပါဝင်သော သတင်းအဖွဲ့များ စစ်တွေမြို့ရှိ IDP စခန်းသို့ သွားရောက်သတင်းရယူ**

စာ ➢ ၁၂



**စားသောက်ဆိုင်၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်ပစ်ဗုံးတစ်လုံး ဖမ်းဆီးရမိ**

စာ ➢ ၁၃

ရွှေလမင်းဆေးရုံများတွင် မိုးရာသီကာလ(၁.၆.၁၈ မှ ၃၁.၈.၁၈) ရက်နေ့အတွင်း အခန်းခများကို 30% Discountနှင့် (Medical Check Up Package) ကျန်းမာရေးစစ်ဆေးခြင်းများကို အထူးလျှော့ဈေးပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်သည်။

Shwe La Min
ရွှေလမင်း ဆေးရုံ

ရွှေလမင်းဆေးရုံ(၁) : အမှတ်(၁၂၅၄)၊ သုဓမ္မာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ Hot Line : 01-655612

ရွှေလမင်းဆေးရုံ(၂) : အမှတ်(၁၅/၁၉)၊ ဇော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်။ Hot Line : 01-2301949

ရွှေလမင်းဆေးရုံ(၃) : အမှတ်(၃၂)၊ ဗိုလ်စောမောင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ဟင်္သာတမြို့။ Ph:044-2022799,2022801

ရွှေလမင်းဆေးရုံ(၄) : အမှတ်(၁)၊ ရှမ်းစုလမ်း၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့။ Ph-057-2026202,2026387



ဓာတ်ပုံ - ဘော်ဂါသွေး

# ပေါ်ထွန်းလာတော့မည့် ရန်ကုန်မြို့သစ်စီမံကိန်း

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

**ရန်ကုန်မြစ် ၏ အနောက်ဘက်အခြမ်းတွင် အကောင်အထည်ဖော်တော့မည့် ရန်ကုန်မြို့သစ်စီမံကိန်း တည်ဆောက်ရန်အတွက် ရန်ကုန်မြို့သစ် ဖွံ့ဖြိုးရေး ကုမ္ပဏီလီမိတက် (NYDC)ကို ဖွဲ့စည်းပြီးဖြစ်ကြောင်း သိရသည်။ ယင်းကုမ္ပဏီ (NYDC) ဖွဲ့စည်းတည်ဆောက်ရေး အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ Lotte Hotal တွင် မတ် ၁၁ ရက်က ကျင်းပခဲ့သည်။**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရာခိုင်နှုန်းပြည့်ပိုင်ဆိုင်သော ကုမ္ပဏီတစ်ခုဖြစ်ပြီး လုပ်ငန်းကိစ္စအဝဝကို ကုမ္ပဏီဒါရိုက်တာဘုတ်အဖွဲ့မှ စီမံခန့်ခွဲသွားမည်ဟု ဆိုထားသည်။ အဖွဲ့တွင်ဝန်ကြီးများနှင့် နိုင်ငံတကာမှ ကုမ္ပဏီဒါရိုက်တာကြီးများ ပါဝင်မည်ဟု သိရသည်။

**ကြိုးပမ်း ဆောင်ရွက်သွားရမှာဖြစ်**

ယင်းအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ကျွန်တော်တို့ ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးရေးထဲမှာ အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခု ရှိပါတယ်၊ ရန်ကုန်မြစ်ရဲ့ တစ်ဖက်ကမ်းဟာ ဖွံ့ဖြိုးတိုးတက်နေခဲ့ပြီး မြစ်ရဲ့အနောက်ဘက်ခြမ်းတစ်ကြောလုံးဟာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေတယ်၊ အဲဒီအခြေအနေကနေ ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်"ဟု ပြောကြားသွားခဲ့သည်။

ရန်ကုန်မြို့သစ်စီမံကိန်းကို သမ္မတဦးသိန်းစိန် လက်ထက်တွင် ကြိုးပမ်းခဲ့ဖူးသည်။ လှိုင်မြစ်နှင့် တွံတေးတူးမြောင်းအကြားရှိ မြေဧက ၃၀၀၀၀ အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု ဆိုခဲ့သည်။ မြစ်ကူးတံတားကြီးပင် ငါးစင်းပါဝင်မည်ဖြစ်ပြီး ခြောက်လမ်းနှင့် ရှစ်လမ်းသွား ပင်မလမ်းမကြီးများ၊ တန်ဖိုးနည်း အိမ်ရာ အခန်းပေါင်း ၂၀၀၀၀ ၊ ကျောင်းသား ၂၀၀၀ ခန့်၊ စာသင်ကျောင်း၊ အဆင့်မြင့်ဆေးရုံ၊ ဘိုးဘွားရိပ်သာ၊ မိဘမဲ့ဂေဟာ၊ အဝေးပြေးကားဂိတ်နှင့် နိုင်ငံတကာအဆင့်မီ လေယာဉ်ကွင်းတစ်ကွင်းပါရှိမည်ဟု ဖော်ပြထားမှုကို လေ့လာတွေ့ရှိခဲ့ရသည်။ သို့သော် မည်သို့သောအကြောင်းတရားများကြောင့် အကောင်အထည်ပေါ်လာခြင်း မရှိသည်ကို မသိရပေ။

ထို့နောက် သမ္မတဦးထင်ကျော် လက်ထက်တွင် အသံများ ပြန်လည်ကြားလာရသည်။ ယနေ့တွင် ကုမ္ပဏီအသစ်အား ပြန်လည်ဖွဲ့စည်းပြီး ဖြစ်ရာ ယခု သမ္မတကြီး ဦးဝင်းမြင့်လက်ထက်တွင် ရုပ်လုံးပေါ်လာတော့မည်ဟု ဆိုကြသည်။

ရည်ရွယ်ချက်အားဖြင့် ဒေသခံပြည်သူနှစ်သန်းကျော်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။ ဝန်ကြီးချုပ်ကပင် "ရန်ကုန်မြို့ဟောင်းဟာ ရှေးဟောင်းအမွေအနှစ်တွေနဲ့ စိမ်းလန်းပြီး နေချင်စဖွယ် စီးပွားရေးမြို့တော်အဖြစ် ရှိနေတာကြောင့် မြစ်အနောက်ဘက်လိုပဲ တကယ် ဖွံ့ဖြိုးတိုးတက်တဲ့ Smart City တစ်ခုကို ဖြစ်စေချင်ပါတယ်၊ စက်မှုလုပ်ငန်းတွေဖွံ့ဖြိုးပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ရစေချင်ပါတယ်၊ ဒါမှ လူမှုစီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးတွေ ရရှိလာမှာ ဖြစ်ပါတယ်"ဟု ထည့်သွင်းပြောကြားမှုလည်း ရှိခဲ့သည်။

**အချပ်ပို (ဃ) သို့**

> "၂၀၁၈ ခုနှစ်အတွင်းမှာ ရန်ကုန်မြို့သစ်စီမံကိန်း အထူးစီးပွားရေးဇုန်ကြီးတွေ တည်ဆောက်သွားမှာဖြစ်တဲ့အတွက် ရန်ကုန်မြစ်ရဲ့ တစ်ဖက်ကမ်းဟာ ပိုမိုဖွံ့ဖြိုးလာတဲ့ Smart City တစ်ခုအနေနဲ့ အထူးစီးပွားရေးဇုန် ဧရိယာကြီး တစ်ခု ပေါ်ထွန်းလာမှာပါ"

# ရန်ကုန်မြို့ပြပတ်ပတ်လည်က အိမ်ရာစီမံကိန်းတွေ

◆ ဝေယံဦး



ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ဗိုလ်ဗထူး တန်ဖိုးမျှတအိမ်ရာစီမံကိန်း။ ဓာတ်ပုံ-ကေဇင်

**ရန်ကုန်** မြို့ဟာ စားဖို့၊ ဝတ်ဖို့အတွက် လုပ်ကိုင်ရှာဖွေလို့ရပေမယ့် နေရေးအတွက်က ခက်ခဲတာတော့ အမှန်ပါပဲ။ မြန်မာနိုင်ငံတစ်ဝန်းက အလုပ်အကိုင်အတွက် လာရောက်နေထိုင်ကြတဲ့ လူငယ်တွေ၊ မိသားစုတွေကြောင့် ရန်ကုန်မြို့ဟာ လူဦးရေ တိုးပွားများပြားနေတာမို့ တဖြည်းဖြည်း နေထိုင်ရတာ ကျပ်တည်းလာပါတယ်။ ဒါကို ဖြေရှင်းနိုင်ဖို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနရော တိုင်းဒေသကြီးအစိုးရကပါ အိမ်ရာစီမံကိန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်နေတာ တွေ့ရပါတယ်။

**တန်ဖိုးသင့် တိုက်ခန်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကတော့ မြောက်ဥက္ကလာ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) စတဲ့ မြို့နယ်တွေမှာ တိုက်ခန်းပေါင်း ၈၆၂ ခန်း ရောင်းချပေးထားပါတယ်။ ဒီတိုက်ခန်းတွေက တန်ဖိုးနည်းနဲ့ တန်ဖိုးသင့်တိုက်ခန်းတွေဖြစ်ပြီး တန်ဖိုးနည်းတိုက်ခန်းတွေကို ငွေကျပ် ၉၈ သိန်းမှ ကျပ်သိန်း ၁၃၀ ရောင်းချသလို၊ တန်ဖိုးသင့်တိုက်ခန်းတွေကိုလည်း ရောင်းချပေးခဲ့ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အိမ်ရာ အခန်းပေါင်း ၆၀၀ ကျော်ကို မဲစနစ်နဲ့ ရောင်းချပေးဖို့ စီစဉ်နေပါတယ်။ အဲဒီ တိုက်ခန်းတွေကလည်း တန်ဖိုးနည်းနဲ့ တန်ဖိုးသင့်တိုက်ခန်းတွေဖြစ်ပြီး အခန်းပေါင်း ၆၈၂ ခန်းရှိတယ်ဆိုပေမယ့် တကယ်တန်းလာလျှောက်သူဦးရေက ခြောက်ထောင်ကျော် ရှိနေတာမို့ တိုက်ခန်းလိုအပ်ချက်ကတော့ ကြီးမားနေဆဲဖြစ်ပါတယ်။

**ရွှေပြည်သာ တန်ဖိုးနည်းအိမ်ရာ**

ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာက အိုးပိုင်အိမ်ပိုင်ဘဝနဲ့ နေထိုင်နိုင်ဖို့ ရွှေပြည်သာ တန်ဖိုးနည်းအိမ်ရာစီမံကိန်းမှာ ရောင်းချနေပါတယ်။ အဲဒီတိုက်ခန်းတွေကတော့ တစ်ခန်းကို ငွေကျပ် ၁၀၉ သိန်းမှ အမြင့်ဆုံးငွေကျပ်



လှိုင်သာယာမြို့နယ်ရှိ စက်ရုံလုပ်သားများအတွက် ဆောက်လုပ်ပေးထားသည့် တော်ဝင်နှင်းဆီအိမ်ရာစီမံကိန်း။

၁၇၃ သိန်းဖြစ်ပြီး ရွှေပြည်သာမြို့နယ် စက်မှုလမ်းထောင့် နဲ့ ပိတောက်လမ်းထောင့်မှာ တည်ရှိပါတယ်၊ အဲဒီနေရာမှာ တိုက်ခန်းပေါင်း ၂၀၀ ခန့်ရှိတယ်လို့ ဆိုပါတယ်။

**တော်ဝင်နှင်းဆီအိမ်ရာ**

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာလည်း လူဦးရေများပြားတဲ့ လှိုင်သာယာမြို့နယ်မှာတော့ အနယ်နယ် အရပ်ရပ်က လာရောက်နေတိုင်ကာ အလုပ်လုပ်ကိုင်ကြတဲ့ စက်ရုံအလုပ်သမားတွေကို ဦးစားပေးသည့် စက်မှုလုပ်သားအိမ်ရာ ဖြစ်တဲ့ တော်ဝင်နှင်းဆီအိမ်ရာကိုလည်း တည်ဆောက်နေပါတယ်။ အခန်းပေါင်း ၆၀ ပါရှိတဲ့ ငါးထပ်တိုက် အလုံးပေါင်း ၁၈ လုံး တည်ဆောက်တာဖြစ်ပြီး တစ်ခန်းကို အလုပ်သမား ရှစ်ဦးခန့် နေထိုင်ပါတယ်။ အဲဒီတိုက်ခန်း တစ်ခန်းရဲ့ တန်ဖိုးက ငွေကျပ် ၆၂ သိန်းမှ ကျပ်သိန်း ၁၀၀ ဖြစ်တဲ့ အပြင် လုံခြုံရေးအတွက် CCTV တပ်ဆင်ကာ အိမ်ရာထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။ စက်မှုဇုန်တွေများပြားတဲ့ လှိုင်သာယာမြို့နယ်မှာ စက်ရုံလုပ်သားတွေ အများအပြား ရှိတာမို့ သူတို့ဝင်ငွေနဲ့ နေထိုင်နိုင်အောင် စီစဉ်ပေးတဲ့ ဆောင်ရွက်မှုဖြစ်ပါတယ်။

နောက်ထပ်လည်း ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်ရဲ့ မြေဧက ၁၈၃ ဧက ပေါ်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင် အသင်းတို့က အကောင်အထည်ဖော် ဆောင်ရွက်မယ့် အိမ်ရာစီမံကိန်းကိုလည်းလုပ်ကိုင်တော့မှာဖြစ်ပါတယ်။ အဲဒီအိမ်ရာစီမံကိန်းမှာတော့ တန်ဖိုးနည်းအိမ်ရာ၊ ဝန်ထမ်းအိမ်ရာတွေနဲ့ အငှားအိမ်ရာတွေ ပါဝင်မယ်လို့ ဆိုပါတယ်၊ တိုက်ခန်းဝယ်နိုင်ဖို့ လက်လှမ်းမမီတဲ့သူတွေအတွက် အငှားအိမ်ရာ အစီအစဉ်ကို အကောင်အထည်ဖော်ပေးမယ့်အနေအထားပဲ ဖြစ်ပါတယ်။

**အိမ်ရာစီမံကိန်း**

ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာ ကျူးကျော်နေထိုင်သူတွေအတွက် တွံတေးမြို့နယ်ရှိ မြေဧက ၅၀၀ ပေါ်မှာ တန်ဖိုးနည်းအိမ်ရာတွေတည်ဆောက်ပြီး ပြန်လည်နေရာချထားပေးဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ၃၇ မြို့နယ်မှ ကျူးကျော်အိမ်ထောင်စုဟာ တစ်သိန်းခြောက်သောင်းကျော်ရှိတာမို့ အဲဒီအိမ်ရာစီမံကိန်းဟာ တကယ့်ကိုကြီးမားတဲ့ အိမ်ရာစီမံကိန်းတစ်ခုဖြစ်ပါတယ်။

**အိမ်ရာလိုအပ်ချက် ဖြေရှင်းပေးနိုင်**

ဒီလိုအိမ်ရာစီမံကိန်းတွေကို အကောင်အထည်ဖော်တဲ့အခါ တကယ်တမ်းကျူးကျော်နေထိုင်သူတွေဟာ အိမ်ရာအတွက် ရိုးသားဖို့လိုသလို တန်ဖိုးထားတတ်ဖို့လည်း လိုအပ်ပါသည်။ ရန်ကုန်မြို့ဟာ စက်ရုံအလုပ်သမားတွေ၊ မိသားစုတွေ၊ အိမ်ပိုင်ဆိုင်မှုမရှိသူတွေ၊ ကျူးကျော်တွေနဲ့အတူ အိမ်ရာလိုအပ်ချက်မြင့်မားနေတာမို့ နိုင်ငံတော်နဲ့ တိုင်းဒေသကြီး အစိုးရတို့က အကောင်းဆုံးနည်းလမ်းတွေနဲ့ ဖြေရှင်းပေးနိုင်ရေးကြိုးစားနေတာဖြစ်ပါတယ်။

အိမ်ခန်းပိုင်ဆိုင်ဖို့အတွက် တန်ဖိုးနည်းအိမ်ရာတွေကို ဖော်ထုတ်ရောင်းချတဲ့အခါ ကနဦးတိုက်ခန်းဖိုးငွေ ၃၀ ရာခိုင်နှုန်း သွင်းရမယ်လို့ သတ်မှတ်ချက်ကို ၂၀ ရာခိုင်နှုန်းအထိ လျှော့ချပေးမှာဖြစ်သလို ဘဏ်ချေးငွေနဲ့အရစ်ကျသွင်းရင် အတိုးနှုန်းနဲ့ တွက်ကြည့်ရင် မူရင်းဈေးထက် များစွာကြီးမြင့်နေတာကြောင့် အတိုးမပါဘဲ အရစ်ကျရောင်းချနိုင်ရေး နည်းလမ်းရှာဖွေနေတယ်လို့လည်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ပြောကြားနေပါတယ်။

တန်ဖိုးနည်းတိုက်ခန်းတစ်ခန်းကို ငွေကျပ်သိန်း ၁၂၀ နဲ့ ၁၅ နှစ်အရစ်ကျရောင်းရင် အတိုး ၁၃ ကျပ်ခန့်နဲ့တွက်ရင် ကျပ်သိန်းများစွာ ဖြစ်နေ

## ရန်ကုန်မြို့မှာ တန်ဖိုးနည်း၊ တန်ဖိုးသင့်တဲ့ တိုက်ခန်းတွေကို လွတ်လပ်စွာ ဝယ်ယူနိုင်မယ့် အရောင်းစင်တာတစ်ခုကို ဖော်ဆောင်ပေးမယ်

..................

## အိမ်ရာတိုက်ခန်းတွေကို စိတ်တိုင်းကျ အဆင်ပြေစွာ ဝယ်ယူနိုင်ဖို့ စီစဉ်ပေးတာမို့ ပြည်သူတွေ အတွက် ကောင်းမွန်တဲ့ အစီအစဉ်ဖြစ်

လို့ ပြည်သူတွေ စိတ်ဝင်စားမှုနည်းတာ ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် အတိုးမဲ့ချေးငွေနဲ့ဝယ်ယူရနိုင်မယ့်နည်းလမ်းကို ကြိုးစားနေတာဖြစ်ပါတယ်။

**ကောင်းမွန်တဲ့ အစီအစဉ်**

ရန်ကုန်မြို့မှာ တန်ဖိုးနည်း၊ တန်ဖိုးသင့်တဲ့ တိုက်ခန်းတွေကို လွတ်လပ်စွာ ဝယ်ယူနိုင်မယ့် အရောင်းစင်တာတစ်ခုကို ဖော်ဆောင်ပေးမယ်လို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားပါတယ်၊ အိမ်ရာတိုက်ခန်းတွေကို စိတ်တိုင်းကျ အဆင်ပြေစွာ ဝယ်ယူနိုင်ဖို့ စီစဉ်ပေးတာမို့ ပြည်သူတွေအတွက် ကောင်းမွန်တဲ့ အစီအစဉ်ဖြစ်ပါတယ်။

အိမ်ရာတိုက်ခန်းတွေ ဝယ်ယူသူတွေဘက်ကလည်း ကျောင်း၊ ဈေး၊ စီးပွားရေး၊ အလုပ်ရုံ၊ စက်ရုံ၊ ဆွေမျိုးသားချင်းများနှင့် နီးစပ်မှုတွေအပေါ် စဉ်းစားသလို အိမ်အနီးဝန်းကျင်နေထိုင်သူများ အဆင့်အတန်း၊ လုံခြုံမှုနဲ့ကိုယ်ကြိုက်နှစ်သက်တဲ့နေရာဖြစ်မှုအပြင် ရင်းနှီးမြှုပ်နှံမှုတစ်ခုအနေနဲ့ ဝယ်ယူနေထိုင်ကြတာကြောင့် နှစ်ဖက်အတွေးတွေ ရှိနေကြတာပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ် ရန်ကုန်မြို့မှာတော့ တိုးပွားလာတဲ့ လူဦးရေနဲ့အတူ ရန်ကုန်မြို့ပြပတ်ပတ်လည်မှာတော့ အိမ်ရာစီမံကိန်းတွေနဲ့ စည်စည်ဝေဝေရှိအောင် ကြိုးစားနေတာတော့ အမှန်ပါပဲ။ ။



ဒဂုံဆိပ်ကမ်း အိမ်ရာစီမံကိန်း။

# ရန်ကုန်မြို့မှ အောင်ဆန်းအားကစားကွင်းကြီး ပြန်လည်နိုးထစေချင်

═══ သော်တာနမ့်စန် ═══

**ရန်ကုန်**မြို့၏ဂုဏ်ဆောင် ရန်ကုန်ဘူတာကြီးအနီးတွင် ဘောလုံးကွင်းကြီး တစ်ခုရှိသည်။ တစ်ချိန်က မြန်မာ့အားကစားသမားကောင်းများ မွေးထုတ်ပေးခဲ့သည့်အပြင် အာရှတွင်ရွှေတံဆိပ်များရရှိအောင် ထိုအားကစားကွင်းကြီးကပင် မြန်မာ့အားကစားသမားကောင်းများကို မွေးထုတ်ပေးခဲ့သည်။ ညပိုင်းတွင် လျှပ်စစ်မီးထိန်ထိန်ဖြင့် ဘောလုံးပွဲများကို မြန်မာပြည်တစ်ဝန်းမှပြည်သူများ ကြည့်ရှုနိုင်ရန် ရုပ်သံလွှင့်ပြသခဲ့ရသော အားကစားကွင်းကြီးလည်းဖြစ်သည်။ အာရှအဆင့်နှင့်ဖိတ်ခေါ်ပွဲများကို ဘောလုံးချစ်မြန်မာပြည်သူများ တစ်ခဲနက်ကြည့်ရှုအားပေးခဲ့ရသည့်၊ ရန်ကုန်မြို့သာမက နိုင်ငံ့ဂုဏ်ကိုထွန်းပြောင်ခဲ့သည့် အားကစားသမားကောင်းများကို မွေးထုတ်ပေးရာ ဘောလုံးကွင်းကြီးမှာ အောင်ဆန်းအားကစားကွင်းကြီးပင် ဖြစ်သည်။ ယနေ့တိုင်အားကစားသမားများ လေ့ကျင့်ရာကွင်းအဖြစ် အသုံးပြုနေဆဲဖြစ်သည်။ သို့သော်အောင်ဆန်းအားကစားကွင်းသည် ဥယျာဉ်မှူးကို စောင့်ဆိုင်းနေသော ပန်းဥယျာဉ်ကြီးပမာ ရေလောင်းပေါင်းသင်မည့်သူကို စောင့်ဆိုင်းနေဟန်ရှိသည်။


အောင်ဆန်းကွင်းအထူးတန်းပွဲကြည့်စင်နှင့် လက်ရှိကွင်းအနေအထားကို တွေ့ရစဉ်။ ဓာတ်ပုံ -သစ္စာ

**"အောင်ဆန်းအားကစားကွင်းကြီး ဘက်စုံပြန်လည် ပြုပြင်နိုင်ပါက ရေခံမြေခံကောင်းဖြင့် စတင်ခဲ့သည့် အားကစားကွင်းကြီးတစ်ခု ဖြစ်ခဲ့၍ နိုင်ငံအတွက်အားကစားသမားကောင်းများကို ဆက်လက်မွေးထုတ်ရာ နေရာတစ်ခုအဖြစ် တွေ့မြင်လိုကြမည်ဖြစ်"**



အောင်ဆန်းကွင်းတောင်ဘက် ပွဲကြည့်စင်အနီးမှ ကမ္ပည်းစာတန်းကို တွေ့ရစဉ်။

### ရန်ကုန်မြို့လယ်၏အလှနှင့် လိုက်ဖက်ညီ

အောင်ဆန်းအားကစားကွင်းကြီးမှာ ရန်ကုန်မြို့လယ်တွင်တည်ရှိပြီး စနစ်ကျစွာတည်ဆောက်ထားသောအားကစားကွင်းကြီးအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။ ကွင်းတည်ဆောက်ပုံ၊ ပွဲကြည့်စင်တည်ဆောက်ပုံ၊ ရေနုတ်မြောင်းများနှင့် အားကစားခန်းမများ၊ နားနေဆောင်နှင့်သန့်စင်ခန်းများကို စနစ်ကျစွာတည်ဆောက်ထားခြင်းဖြစ်သည်။ လေးဖက်လေးတန်မှ လျှပ်စစ်မီးလင်းတန်းများနှင့် အားပါးတရအော်ဟစ်အားပေးနေသောပွဲကြည့်ပရိသတ်တို့၏ ဇာတိမာန်ကိုနှိုးဆွစေသည့် အသံတို့ကြောင့် မန္တလေးသို့ထွက်ခွာတော့မည့်ရထားပေါ်မှဆင်း၍ အောင်ဆန်းအားကစားကွင်းအတွင်း ဘောလုံးပွဲသို့အပြေးအလွှားဝင်ရောက်ကြည့်ရှုခဲ့သောစာရေးသူ၏ ဘကြီးကဲ့သို့ ဘောလုံးချစ်ပရိသတ်တို့ ဤအောင်ဆန်းအားကစားကွင်းကို မှတ်မိကြမည်ဖြစ်သည်။ တစ်ချိန်က လင်းလက်တောက်ပခဲ့သော ဤကွင်းကြီးဆက်လက်ရှင်သန်ခြင်းဖြင့် ရန်ကုန်မြို့လယ်၏အလှနှင့် လိုက်ဖက်ညီနေလျက်ပင်ဖြစ်သည်။

ယနေ့ အောင်ဆန်းအားကစားကွင်းသည် ခြောက်သွေ့လျက်ရှိသည်။ စည်ကားသော နေရာသည် ကွင်းအပြင်ဘက်ရှိဘေးပတ်ပတ်လည်မှ ဆိုင်ခန်းများနှင့် ကားတန်းများပင်ဖြစ်သည်။ မျက်နှာချင်းဆိုင်တွင်လည်း ထမင်းဆိုင်တန်း၊ ဈေးဆိုင်တန်းများဖြင့် အားကစားကွင်း၏အလှမှာ ပျောက်ကွယ်လျက်ရှိသည်။ ခြံစည်းရိုးနှင့် ဝင်းတံခါးများ ဟောင်းနွမ်းပျက်စီးနေပြီး သစ်ပင်သစ်ကိုင်းများရှိသောနေရာတွင် သစ်ကိုင်းကျိုးများနှင့်အမှိုက်ပုံများက နေရာယူထားလျက်ရှိသည်။ ပွဲကြည့်စင်အုတ်အချို့များ ပျက်စီးကွဲအက်နေပြီး ရေမြောင်းများ ပိတ်ဆို့လျက်ရှိသည်။အားကစားခန်းများ ဟောင်းနွမ်းယိုယွင်းလျက်ပွဲ ကြည့်စင်နေရာများမှာ တစ်ချိန်က ပရိသတ်များပြည့်လျှံစွာအားပေးခဲ့သည်ကို အိပ်မက်ပမာတွေးထင်ရလျက်ရှိသည်။ ရေညှိများ တက်နေသော ပွဲကြည့်စင်လျှောက်လမ်းနှင့် ဟောင်းနွမ်းစပြုနေသောလက်ရန်းအကာများက ဤဘောလုံးကွင်းကြီး၏ အတိတ်ကပုံရိပ်များကို ကျောခိုင်းခဲ့ဟန်ရှိသည်။ ဘောလုံးကွင်း သံပန်းအကာတို့တွင် လှန်းထားသော အဝတ်များကနေရာယူထားပြီး တစ်ချိန်က နိုင်ငံတော်အလံ၊ အားကစားအလံနှင့် ယှဉ်ပြိုင်ရာဒေသအလိုက်အလံများနေရာတွင် ယိုင်လဲနေသော သံတိုင်များက နေရာယူလျက်ရှိသည်။ တစ်ချိန်ကကျော်ကြားခဲ့သော ရန်ကုန်မြို့လယ် အားကစားကွင်းကြီးနှင့် ယနေ့ပုံရိပ်သည် လုံးဝခြားနားသွားပြီဖြစ်သည်။

### တစ်ချိန်ကတောက်ပခဲ့

အောင်ဆန်းအားကစားကွင်းအတွင်း ပြေးလမ်းတစ်လျှောက်မြေသားများ ပျက်စီးနေသည့်နည်းတူ ဘောလုံးကွင်းမှာ ရပ်ကွက်ဘောလုံးကွင်းထက်ပင်အလှအပ ပျက်စီးလျက်ရှိသည်။ ကွင်းအပြင်ဘက်လျှောက်လမ်းတွင် ပိုစတာအဟောင်းများ စုပုံထားပြီး ပစ္စည်းဟောင်းများ ဟိုတစ်စုသည်တစ်စုဖြင့် တစ်ချိန်က တောက်ပခဲ့သော ရန်ကုန်မြို့ပြ၏ ဘောလုံးကွင်းကြီးမှာ ယနေ့တွင် ပစ္စည်းဟောင်းများ ထားသိုရာနေရာအဖြစ် တွေ့မြင်ရလျက်ရှိသည်။ သို့သော် အောင်ဆန်းအားကစားကွင်းသည် အားကစားသမားကောင်းများကို မွေးထုတ်ပေးနေဆဲဖြစ်သည်။ ဂျူဒို၊ တိုက်ကွမ်ဒို၊ အလေးမ၊ စားပွဲတင်တင်းနစ်နှင့် ပြေးခုန်ပစ်အားကစားသမားများကို ဆက်လက်မွေးထုတ်လျက်ရှိသည်။ တောင်ဘက်ပွဲကြည့်စင်အနီးတွင် အပြာရောင်အောက်ခံတွင် အဖြူရောင်စာသားဖြင့် **"နိုင်ငံတော်၏ အားကစားအဆင့်အတန်းကို တိုးတက်အောင်မြှင့်တင် ဆောင်ရွက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်တည်ဆောက်နေခြင်းဖြစ်သည်"** ဟုသော အဖြူရောင်စာသားမှာ ရင့်ကျက်တည်ငြိမ်စွာ တည်ရှိနေဆဲဖြစ်သည်။

အောင်ဆန်းအားကစားကွင်းကြီးကို ပြန်လည်ပုံဖော်အသက်သွင်းရန် အချိန်ကျရောက်နေပြီဖြစ်သည်။ အောင်ဆန်းအားကစားကွင်းအတွင်းရှိပြေးခုန်ပစ်အားကစားသမားတစ်ဦးကလည်း ကွင်းကြီးနှင့် ပတ်သက်၍ ဤသို့ပြောကြားသည်။

"ဒီကွင်းက ၂၀၁၃ ခုနှစ်ကစပြီး မေ့မှိန်သွားတာ၊ ကွင်းကိုပြန်ပြင်ဖို့လုပ်နေတာ တစ်နှစ်ရှိပြီ၊ နောက်ပိုင်းပြေးခုန်ပစ်အားကစားကျင်းပတာ များတယ်၊ အောင်ဆန်းဒိုင်းကျင်းပပေမယ့် လူသိပ်မရှိဘူး၊ အရှေ့ဘက်ပွဲကြည့်စင်က ပျက်နေပြီ၊ အားကစားပွဲကျင်းပရင် ယာဉ်ရပ်နားဖို့ကားပါကင်တွေက ကွင်းပတ်လည်မှာရှိပြီးသားပါ၊ ဒီမှာကရာတေး၊ အလေးမ၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ ဂျူဒိုအဖွဲ့ချုပ်လည်း ရှိသည်။ အောင်ဆန်းကွင်းက ရန်ကုန်မြို့မှာ အထင်ကရအားကစားကွင်းဆိုရင်လည်းမမှားဘူး၊ ဒီကွင်းက အရှေ့တောင်အာရှမှာ ရွှေတံဆိပ်တွေရခဲ့တာပါ၊ ပြေးခုန်ပစ်ဆိုရင် ရွှေတံဆိပ်အခု ၂၀ ရခဲ့တာ ဒီကွင်းပါပဲ၊ အရင်ကတည်းက ရေစီးရေလာကောင်းတဲ့ကွင်းပါ၊ အချိန်မီပြင်ဆင်နိုင်ဖို့ပဲ လိုပါတယ်၊ ပွဲကြည့်စင်နဲ့ ပြေးလမ်းတွေ အဓိက ပြင်ဖို့လိုမယ်၊ မြက်တွေပြန်မွေးရမယ်၊ ပစ်ထားသလိုဖြစ်နေတယ်၊ သန့်စင်ခန်းက မြောက်ဘက်တစ်ခုပဲ ကောင်းတယ်၊ ရေတော့ အဆင်ပြေတယ်" ဟု ပြေးခုန်ပစ်အားကစားသမားတစ်ဦးက ပြောသည်။

### အားကစားကျောင်းတော်ကြီး

ရန်ကုန်မြို့လယ်၏ အားကစားကွင်းကြီးတစ်ခုဖြစ်သော အောင်ဆန်းအားကစားကွင်းကြီး ဘက်စုံပြန်လည်ပြုပြင်နိုင်ပါက ရေခံမြေခံကောင်းဖြင့် စတင်ခဲ့သည့် အားကစားကွင်းကြီးတစ်ခုဖြစ်ခဲ့၍ နိုင်ငံအတွက်အားကစားသမားကောင်းများကို ဆက်လက်မွေးထုတ်ရာ နေရာတစ်ခုအဖြစ်တွေ့မြင်လိုကြမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ရွက်ပုန်းသီးအားကစားသမားလူငယ်များနှင့် ကျောင်းသားကျောင်းသူများကို ဆက်လက်မွေးထုတ်ပေးရာ အားကစားကျောင်းတော်ကြီး တစ်ခုအဖြစ် ဆက်လက်ပေါ်ထွန်းနေမည်ဖြစ်သည်။ လှပခံ့ညားစွာ တည်ဆောက်ထားသော ရန်ကုန်မြို့လယ်မှ အားကစားကွင်းကြီးကို စနစ်တကျပြန်လည်ပြုပြင်နိုင်ပါက တစ်ချိန်က အောင်ဆန်းအားကစားကွင်းမှ ပြည်သူများ အားပေးလိုက်သော အသံသည် ပန်းဆိုးတန်းဆိပ်ကမ်းထိ ပျံ့လွှင့်ခဲ့သောကြောင့် ရွှေတံဆိပ်ဆုများစွာရရှိအောင် မွေးထုတ်ပေးခဲ့သော ရန်ကုန်မြို့လယ်မှ အောင်ဆန်းအားကစားကွင်းကြီး ပြန်လည်နိုးထလာပါစေကြောင်း အားကစားအဆင့်အတန်း ပိုမိုတိုးတက်ရန်ရည်သန်၍ ရေးသားလိုက်ရပါသည်။ ။


အောင်ဆန်းကွင်းအပြင်ဘက်တန်းရှိ အရောင်းပြခန်းများကိုတွေ့ရစဉ်။

# အရောင်းအဝယ်ဆက်တိုက်မြင့်တက်လာနေသည့် ရန်ကုန်ကားဈေးကွက်

**မင်းသော်**

ကာလအတန်ကြာ မူဝါဒအပြောင်းအလဲ အမျိုးမျိုးတို့ကြောင့် ငြိမ်သက်နေသည့် တစ်ပတ်ရစ်မော်တော်ကား ဈေးကွက်သည် ဧပြီလကုန်မှစတင်ပြီး အရောင်းအဝယ် ပြန်လည်လှုပ်ခတ်လာခဲ့ပြီး ယခုသီတင်းပတ်တွင်မူ အရောင်းအဝယ်အတော်များများဖြစ်ခဲ့ကြောင်း သိရှိရသည်။ ဈေးကွက်တွင် အရောင်းအဝယ်အားကောင်းပြီး ကားဈေးနှုန်းများ ထပ်မံမြင့်တက်ခြင်းမရှိ၊ တည်ငြိမ်နေသည့်အတွက် ယခုကာလသည် မော်တော်ကားအဝယ်နှင့် အရောင်းနှစ်မျိုးစလုံးတွင် စိတ်ချမ်းမြေ့ရကြောင်း ကားလောကသားများထံမှ သိရှိရသည်။

"ဈေးကတော့ ပုံမှန်ပါပဲ၊ နောက်တစ်ခုက ကားဈေးကွက်ထဲမှာ လက်ဝယ်ထားတဲ့ ကားတွေ၊ ဈေးလျှော့မရောင်းနိုင်တဲ့ ကားတွေ အများကြီးရှိနေတယ်လေ၊ အဝယ်လိုက်လာတဲ့အတွက် ဈေးကတော့ ကုန်ရှိနေလို့ ဒီတစ်လလောက်အတွင်း မြင့်သွားဖို့ မမြင်သေးဘူး၊ အရောင်းအဝယ်ကတော့ ကားပွဲစားတန်းနေရာအားလုံးနီးပါးမှာ အားကောင်းတယ်၊ နေ့စဉ်နဲ့အမျှ ကားပွဲစား ဈေးကွက်ကို ဝင်လာတဲ့ အပ်ကားတွေလည်း အစုံပဲ၊ မိုးမကျမီလေးဆိုတော့ နယ်ဝယ်လက်လည်း ဆင်းတာများတယ်၊ ဒါကြောင့် ကားလည်းစုံသလို ဝယ်သူလည်းစုံတယ်" ဟု ကားအရောင်းအဝယ်လုပ်ကိုင်သူ ကိုသီဟက ပြောသည်။

ရန်ကုန်လိုင်စင်ကားများနှင့်အပြိုင် နယ်လိုင်စင်ကားများလည်း ဈေးကွက်အရောင်းသွက်နေသည်ကို မြင်တွေ့ရသည်။ အရောင်းမြင့်တက်လာခြင်းတွင် စလစ်ကားများလည်းပါဝင်ပြီး နယ်လိုင်စင်စတိများ၊ ရန်ကုန်လိုင်စင်နံပါတ်ထွက်ပြီးသား ကားများအားလုံး အဆင်ပြေနေကြကြောင်းသိရသည်။ "စလစ်ကားတွေကတော့ ပုံမှန်လူကြိုက်များတဲ့ ကားတွေဖြစ်တဲ့ ဂလူဂါတို့ ဝှစ်တို့ လူကြိုက်များလာတယ်၊ အင်ဂျင်ပါဝါ ၁၃၀၀ စီစီတွေထဲမှာတော့ ထုံးစံအတိုင်း ဟွန်ဒါဖစ်နဲ့ နယ်အကြိုက် ပရိုဘောက်စ်တို့၊ ဟာရီယာတို့ အရောင်းအဝယ် အားကောင်းနေတယ်"ဟု ကိုသီဟကပြောသည်။

မိုးမကျမီ ကာလဖြစ်ခြင်းကြောင့် ဈေးကွက်အတွင်း လူစီးကားများအပြင် ကုန်တင်ယာဉ်များ၊ ဟိုင်းဝေးသွားယာဉ်များနှင့် အကြမ်းခံသည့် လူနှင့်ကုန်တင်ဆောင်နိုင်သည့် ကားအမျိုးအစားများလည်း အရောင်းအဝယ်ဖြစ်လာသည်ကို မြင်တွေ့ရသည်။ "ဈေးကတော့ ပုံမှန်ပါပဲ၊ ဒါပေမယ့် ကုန်တင်ကားတွေနဲ့ ဒပ်ပယ်ကပ်တို့လို အကြမ်းခံတဲ့ ကားတွေက အရောင်းအဝယ်မဖြစ်ခဲ့တာ ကြာပြီ၊ အခုရက်ပိုင်းမှာတော့ အရောင်းအဝယ် ပြန်ဖြစ်လာတယ်၊ နယ်လိုင်စင်တွေလည်း အရောင်းအဝယ်ဖြစ်တယ်၊ အရင်က နယ်လိုင်စင်ကို နယ်သမားကလည်း မဝယ်ချင်ဘူး၊ ဒေသမတူရင် နောက်ပိုင်း စာရွက်စာတမ်းကိစ္စကအစ ပြဿနာရှိတဲ့အတွက် ရှောင်ကြတယ်၊ အခုရက်ပိုင်းတော့ နယ်လိုင်စင်ကားတွေလည်း အရောင်းအဝယ်ဖြစ်နေတာတွေ့ရတယ်" ဟု ကားအရောင်းအဝယ်လုပ်ကိုင်သူ ကိုကျော်ဇေယျာဝင်းက ပြောသည်။

စတိနံပါတ်ကားများ အရောင်းအဝယ် အတန်ငယ်ကောင်းလာသော်လည်း စလစ်ဈေးမှာမူ မြင့်တက်လာဖို့ မမြင်သေးကြောင်း ကားလောကအတွင်းမှ သိရှိရပြီး သက်တမ်း နှစ် ၂၀ ရန်ကုန်လိုင်စင်အပ်ကား စလစ်တစ်စောင်၏ တန်ဖိုးမှာ ငွေကျပ် ၁၂၃ သိန်း ဝန်းကျင်တွင် နှစ်ပတ်ဆက်တိုက် တန့်နေသည်ကို မြင်တွေ့ရသည်။ "စလစ်ဈေးကတော့ ဒီထက်မြင့်တက်သွားဖို့ လောလောဆယ်မှာ မရှိသေးဘူးလို့ ထင်ပါတယ်၊ အဓိကကတော့ စတိနံပါတ်တွေ အရောင်းအဝယ်ဆက်တိုက် အားကောင်းလာတာ မတွေ့ရသေးလို့ ပြောနိုင်တာပါ"ဟု ကိုကျော်ဇေယျာဝင်းကဆိုသည်။

မေ ၂၁ရက်အထိ ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စာရင်းများအရ 7/P 4000 ကျော်အထိ မော်တော်ယာဉ်နံပါတ်များ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရှိရပြီး ယခုဘဏ္ဍာနှစ်အတွက် အကောက်ခွန်ဆိုင်ရာဒဏ်ကြေးများကို မကြာမီ ပြောင်းလဲသတ်မှတ်သွားရန်ရှိကြောင်းလည်း သိရှိရသည်။ အကောက်ခွန်ဆိုင်ရာ ဒဏ်ကြေးများ ပြင်ဆင်ရန်ရှိသည့်အတွက် လက်ရှိတွင် မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာမူဝါဒကိုလည်း အနည်းငယ် ပြင်ဆင်နိုင်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ ကြားသိရသည်။

ဘယ်မောင်းတင်သွင်းမှုတွင်မူ လက်ရှိအချိန်အထိ စိတ်ဝင်စားစွာတင်သွင်းမှုမရှိသလောက်နည်းပါးနေသေးပြီး မိုးလေကင်းလွတ်သည့်အချိန်ဝန်းကျင် ညာမောင်းကားများ ဈေးကွက်အတွင်း နည်းပါးလာချိန်တွင်မူ စိတ်ဝင်စားမှုမြင့်တက်နိုင်ကြောင်း ခန့်မှန်းသူများလည်းရှိသည်။ ။



## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Vanguard | 2011 | ရန်ကုန် | 4600cc | အပြင်ဈေး | ၆၅၅ |
| Mark X | 2011 | ရန်ကုန် | 2500cc | အပြင်ဈေး | ၆၃၀ |
| Kluger | 2006 | ရန်ကုန် | 2400cc | အပြင်ဈေး | ၄၆၀ |
| Fit | 2011 | နယ် | 1300cc | အပြင်ဈေး | ၂၁၅ |
| Swift | 2011 | နယ် | 1300cc | အပြင်ဈေး | ၁၇၈ |
| Insight Hybrid | 2012 | ရန်ကုန် | 3000cc | အပြင်ဈေး | ၂၇၀ |
| CR-V | 2012 | ရန်ကုန် | 2000cc | အပြင်ဈေး | ၅၉၇ |
| Belta | 2011 | နယ် | 1300cc | အပြင်ဈေး | ၂၁၅ |
| Noah | 2009 | ရန်ကုန် | 2000cc | အပြင်ဈေး | ၃၄၀ |
| Civic | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၂၃ |

---

### ပေါ်ထွန်းလာတော့မည့် ရန်ကုန်မြို့သစ်စီမံကိန်း.....မှ

ယင်းမြို့သစ်စီမံကိန်းသည် စင်ကာပူ နိုင်ငံအရွယ်အစားထက် နှစ်ဆမျှ ကျယ်ဝန်းသည်ဟု ဆိုထားသည်။ မြို့နယ်ငါးခုဖြင့် ဖွဲ့စည်းကာ လမ်းပန်းဆက်သွယ်ရေးအတွက် တံတားကြီးနှစ်စင်း၊ ၂၆ ကီလိုမီတာအရှည် လမ်းများပါဝင်မည်ဖြစ်ပြီး အကျယ်စက်မှုဇုန်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးဇုန်နှင့် ဖြန့်ဖြူးရေးအဆောက်အအုံများ၊ ရေသန့်နှင့် ရေဆိုးစွန့်စက်ရုံများပါ ပါဝင်မည်ဟု သိရသည်။

ထို့ထက်ဆောစွာ မတ် ၂၀ ရက်က ဆူးလေရှန်ဂရီလာဟိုတယ်တွင် ပြုလုပ်ခဲ့သည့် Myanmar Infrastructure Summit 2018 အခမ်းအနားတွင် ရန်ကုန်မြို့သစ် စီမံကိန်း၌ ထည့်သွင်းတည်ဆောက်သွားမည့် အထူးစီးပွားရေးဇုန်များနှင့် ပတ်သက်၍ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကပင် "၂၀၁၈ ခုနှစ်အတွင်းမှာ ရန်ကုန်မြို့သစ်စီမံကိန်း အထူးစီးပွားရေးဇုန်ကြီးတွေ တည်ဆောက်သွားမှာဖြစ်တဲ့အတွက် ရန်ကုန်မြစ်ရဲ့ တစ်ဖက်ကမ်းဟာ ပိုမိုဖွံ့ဖြိုးလာတဲ့ Smart City တစ်ခုအနေနဲ့ အထူးစီးပွားရေးဇုန် ဧရိယာကြီးတစ်ခု ပေါ်ထွန်းလာမှာပါ"ဟု ဆိုထားဖူးသည်။ ရင်းနှီးမြှုပ်နှံလိုသူများအတွက် ပိုမိုတိကျသည့် အချက်အလက်များကို တိုင်းဒေသကြီးအစိုးရက ယခုမေလအတွင်း ထုတ်ပြန်သွားရန် စီစဉ်မှုများလည်းရှိနေပြီဟု သိရသည်။

မြို့သစ်စီမံကိန်း ပဏာမအဆင့်အနေဖြင့် အခြေခံအဆောက်အအုံ ဆောက်လုပ်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကုန်ကျမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီမှပင် သိရသည်။

ယခုအခါ မြေတိုင်းတာခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီကို တွေ့ရှိရသည်။ တံတားတစ်စင်းအနေဖြင့် မြစ်တစ်ဖက်ကမ်းမှ သည်ဖြတ်ကျော်၍ ဗားကရာလမ်းမကြီးအတိုင်း တည်ဆောက်ရန် အနေအထားကို တွေ့မြင်နေရသည်။ယင်းကိစ္စနှင့်ပတ်သက်၍ ကြည့်မြင်တိုင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များကို မေးကြည့်ရာ တိုင်းဒေသကြီးအစိုးရ အဖွဲ့ကသာ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း အဖြေရခဲ့သည်။ အခြားတိပသော အကြောင်းအရာများကိုမူ ပြောဆိုခြင်း မရှိသေးပေ။

ပြီးခဲ့သောအပတ်အတွင်းက မြေတိုင်းတာမှုအနေဖြင့် ဗားကရာလမ်းမကြီးပေါ်နှင့် ဈေးကလေးရပ်ကွက်၊ ရိပ်သာအတွင်းလမ်းအထိပါ တိုင်းတာမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရှိလာရသည်။ ထို့အတွက် တိုင်းတာမှုအပေါ် ဝန်းကျင်နေရပ်ကွက်ပြည်သူများက သို့လောသို့လောအတွေးများက ထင်ဟပ်လာခဲ့ကြသည်။

မြစ်တစ်ဖက်ကမ်းတွင် မြို့သစ်စီမံကိန်းကြီး ပေါ်ထွန်းလာမည်ကို ဒေသခံပြည်သူအများက ဝမ်းပန်းတသာလက်ကမ်းကြိုဆိုနေကြပါသည်။ သို့သော် မြစ်ကူးတံတားကြီးအနေဖြင့် မည်မျှကျယ်မည်၊ မည်မျှရှည်လျားမည်ကိုတော့ဖြင့် တရားဝင်ပုံစံ ထွက်ပေါ်လာခြင်းမရှိသေးသည့်အတွက် သမိုင်းဝင် ဗားကရာချောက်ကြီးအတွက် စိုးရိမ်ပူပန်မှုများ ရှိနေကြသည်။

ဗားကရာချောက်အတက်တွင် ခုံးကျော်မီးရထားလမ်းကြီး တစ်ခုရှိနေသည်။ မြေပြင်မှ ၁၂ ပေကျော် အမြင့်ရှိသည့် တံတားတည်ဆောက်ရာလမ်း၌ ကန့်လန့်အနေအထား ရှိနေသည်။ ထို့အပြင်အင်္ဂလိပ်အစိုးရလက်ထက်က တည်ဆောက်ခဲ့သော ဗားကရာချောက်မှသည် ကမ်းနားအထိ စီးဆင်းသော ရေမြောင်းကြီးမှာလည်း ယနေ့တိုင် မယိုမယွင်း မပျက်မစီးဘဲ ရှိနေသည်ကို အထူးသတိပြုသင့်ပေသည်။ နှစ်ပေါင်း ၁၀၀ ကျော်သည့်တိုင် မိုးမည်မျှပင်သည်းသည်း၊ ရေမည်မျှပင်ပါပါ ရေလျှံခြင်းမရှိသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်သည်။ လက်ရှိစည်ပင် အင်ဂျင်နီယာကြီးများ စံနမူနာယူစရာ ပြယုဂ်တစ်ခုဖြစ်သည်။

လက်ရှိ အကောင်းပကတိရှိနေသော ရေးခေတ်လက်ရာ ရေမြောင်းကြီးပျက်စီးသွားပါက သမိုင်းအမွေအနှစ်ကြီးတစ်ခု ဆုံးရှုံးမှုတစ်ရပ်ဖြစ်လာပေမည်။ မြို့နယ်တစ်ခု၏ သမိုင်းအမွေအနှစ်ဖြစ်၍ စိုးရိမ်မှုများရှိနေကြသည်။

တစ်ဖန်ရှေးကဆိုသည့်အတိုင်း ဗားကရာချောက်ရထားလမ်းမှာ ၁၂ ပေကျော် အမြင့်ရှိသည့်အတွက် မြစ်အတွင်းမှ မြစ်ကူးသင်္ဘောကြီးများလွတ်ကင်းရန်၊ နောက်ဗားကရာချောက်ရထားကို ကျော်ဖြတ်တည်ဆောက်ပါက ယင်းအနီးတွင် ရှေးဟောင်းသမိုင်းဝင် အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရားမျက်နှာစာနှင့် အလွန်နီးကပ်စွာရှိလာမည် ဖြစ်ပေသည်။ သမိုင်းဝင်သာသနိက အဆောက်အအုံကြီးတစ်ခုအပေါ် လွှမ်းမိုးလျက်ရှိလာမည်ကိုလည်း ပြည်သူများက ကြိုတင်စိုးရိမ်ပူပန်မှုများ ရှိနေကြသည်။

ထို့အတွက် မြို့သစ်စီမံကိန်းကြီးပေါ်ထွန်းလာမည်ကို ဒေသခံပြည်သူ၊ ဝန်းကျင်မြို့နယ်နေပြည်သူများက ဝမ်းပန်းတသာလက်ကမ်းကြိုဆိုမှုများ ရှိနေကြသကဲ့သို့ ဗားကရာလမ်းမကြီးပေါ်မှ ဖြတ်သန်း၍ တံတားအမြင့်တည်ဆောက်မှုတွင် သမိုင်းမှတ်တမ်းတင် ရှေးဟောင်းလက်ရာများ၊ သမိုင်းတင်သမိုင်းဝင် သာသနိကအဆောက်အအုံများအပေါ် ထိခိုက်လာမည်ကို တည်ဆောက်သူတို့အနေဖြင့် ပြန်လည်ချိန်ဆစဉ်းစားသင့်သည်ဟု ဝေဖန်မှုများ မြင့်တက်နေပေသည်။ ။



ကြည့်မြင်တိုင်တစ်ဖက်ကမ်း အလတ်ချောင်းရပ်ကွက်ကို တွေ့ရစဉ်။